ကြေးမုံ
The Mirror
Established in 1957
၁၃၇၆ ခုနှစ်၊ နယုန်လဆန်း ၅ ရက်၊ တနင်္လာနေ့ (2-6-2014) (၇၇၅၉)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အီတလီနိုင်ငံ နှစ်ပတ်လည်နေ့ သဝဏ်လွှာများပေးပို့

နေပြည်တော် ဇွန် ၂

၂၀၁၄ ခုနှစ် ဇွန်လ ၂ ရက်နေ့တွင်ကျရောက်သော အီတလီသမ္မတနိုင်ငံ တည်ထောင်သည့် နှစ်ပတ်လည်နေ့၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ အီတလီသမ္မတနိုင်ငံ သမ္မတ ဒေါက်တာ ဂျော်ဂျီယို၊ နာပိုလီတာနို ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အလားတူ ၂၀၁၄ ခုနှစ် ဇွန်လ ၂ ရက်နေ့တွင် ကျရောက်သော အီတလီသမ္မတနိုင်ငံ တည်ထောင်သည့် နှစ်ပတ်လည်နေ့၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ အီတလီသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ မက်တေယို ရမ်ဇီ ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

ပညာရေးကဏ္ဍပြုပြင်ပြောင်းလဲမှုသည် လွန်စွာအရေးပါသော အခန်းကဏ္ဍတစ်ခုဖြစ်

ရန်ကုန် ဇွန် ၁

(မြန်မာ့သတင်းစဉ် သတင်းအဖွဲ့)

တက္ကသိုလ်များ၏ စီမံခန့်ခွဲမှုနှင့် အရည်အသွေး အာမခံမှုဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ စိန်ရတုခန်းမ၌ ကျင်းပရာ ပြည်ထောင်စု ဝန်ကြီးများဖြစ်ကြသော ဦးစိုးသိန်း၊ ဦးတင်နိုင်သိန်းနှင့် ဒေါက်တာဒေါ်ခင်စန်းရီ၊ ဒုတိယဝန်ကြီး ဒေါက်တာ ဇော်မင်းအောင်နှင့် အကြံပေးအဖွဲ့ဝင်ပညာရှင်များ၊ တက္ကသိုလ် ၅၄ ခုမှ ပါမောက္ခချုပ်များ၊ ပညာရေးကဏ္ဍ မြှင့်တင်မှုအထူးလုပ်ငန်းအဖွဲ့ အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဒေါ်ခင်စန်းရီက လက်တွေ့ကျသော ပညာရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေးတွင် အဆင့်မြင့်ပညာကဏ္ဍ တက္ကသိုလ်များ၏ စီမံခန့်ခွဲမှုနှင့် အရည်အသွေးမြင့်မားရေးသည် အလွန်အရေးပါကြောင်းနှင့် နိုင်ငံအတွက် လိုအပ်သည့် အသိပညာရှင်များ၊ အတတ်ပညာရှင်များ မွေးထုတ်သည့် လွတ်လပ်သောတက္ကသိုလ်များ ဖြစ်ပေါ်လာရေးအတွက် တက္ကသိုလ်အသီးသီး၏ ရည်မှန်းချက်များ၊ ရည်ရွယ်ချက်များ၊ မဟာဗျူဟာနှင့် နည်းဗျူဟာများ ရေးဆွဲအကောင်အထည်ဖော်နိုင်ရေးအတွက် ယနေ့ဆွေးနွေးပွဲ ပြုလုပ်ရခြင်းဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကြိုးပမ်းဆောင်ရွက်ရာ၌ အသိပညာရှင်၊ အတတ်ပညာရှင်များစွာ လိုအပ်သည့်အတွက် အဆင့်မြင့်ပညာကဏ္ဍတွင် ပါဝင်သော တက္ကသိုလ်၊ ကောလိပ်အသီးသီးမှ ပညာရှင်များအား လေ့ကျင့်မွေးထုတ်ပေးရန် လိုအပ်ပါကြောင်း၊ အရည်အသွေး၊ အရည်အချင်းပြည့်ဝသော ဘွဲ့ရပညာရှင်များ လေ့ကျင့်မွေးထုတ်နိုင်ရန် လေ့လာစူးစမ်းစဉ်းစား၊ တီထွင်ကြံဆ လုပ်ကိုင်တတ်အောင် စာတွေ့သာမက လက်တွေ့သုတေသနပြုမှုများကို ပိုမိုမြှင့်တင်သင်ကြားလေ့ကျင့်ပေးရန် လိုအပ်ကြောင်း။

ထို့ကြောင့် သင်ရိုးနှင့် စာမေးပွဲစနစ်များ၊ သင်ကြားနည်းစနစ်များကို နှစ်ပေါင်းများစွာ အတွေ့အကြုံ ရှိကြပြီးဖြစ်သည့် ပါမောက္ခချုပ်ကြီးများက မည်သို့သင်ကြားလေ့ကျင့်ပေးသင့်သည်ကို ဆွေးနွေးညှိနှိုင်းပြီး လက်တွေ့ပြောင်းလဲတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ပေးကြစေလိုပါကြောင်း၊ အမျိုးသားအဆင့် အရည်အသွေးအာမခံမှုစနစ်ကို အာဆီယံအရည်အသွေးမူဘောင်နှင့် လိုက်လျောညီထွေစွာ အမျိုးသားအဆင့် အရည်အသွေးမူဘောင်အား ပီပြင်စွာ ထူထောင်အသုံးပြုနိုင်ရေး ဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ အမျိုးသားပညာရေး ဥပဒေအတည်ပြု ပြဋ္ဌာန်းပြီးသည့်အခါတွင် အဆင့်မြင့်ပညာဥပဒေ၊ ကိုယ်ပိုင်ကျောင်း၊ ကိုယ်ပိုင်တက္ကသိုလ် ဥပဒေတို့ကို ယခုနှစ်အတွင်း ရေးဆွဲပြဋ္ဌာန်းပြီးစီးနိုင်အောင် ဆွေးနွေးညှိနှိုင်း ဆောင်ရွက်လျက်ရှိကြောင်း။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖

အင်အားအနည်းငယ်ရှိ မြေငလျင်လှုပ်

နေပြည်တော် ဇွန် ၁

ယနေ့ မြန်မာစံတော်ချိန် ၀၀ နာရီ ၀၁ မိနစ် ၄၈ စက္ကန့်အချိန်တွင် ကမ္ဘာအေးမြေငလျင်စခန်းမှ အနောက်တောင်ဘက် ၂၇ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (တွံတေးမြို့)၏ အနောက်တောင်ဘက် ၁၀ မိုင်ခန့်အကွာကိုဗဟိုပြု၍ အင်အားရစ်(ချ်)တာစကေး ၄ ဒသမ ၇ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်းတိုင်းထွာရရှိသည်ဟု မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

ယနေ့ **မာတိကာ**

ရှုမြင်သုံးသပ်ကြရာဝယ် — စာမျက်နှာ - ၂

ရုရှားသို့ စစ်သင်္ဘောနှစ်စင်း မရောင်းချရန် ပြင်သစ်ကို အမေရိကန်အမတ်များတောင်းဆို — စာမျက်နှာ - ၄

မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံလုံခြုံရေးတပ်ဖွဲ့ မှားယွင်းမှုဖြစ်စဉ်အား ငြိမ်းချမ်းစွာဖြေရှင်းပြီးစီး

နေပြည်တော် ဇွန် ၁

မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံနယ်စပ်တွင် RSO သောင်းကျန်းသူအဖွဲ့ ဝင်ရောက်လှုပ်ရှားလျက်ရှိကြောင်း သတင်းရရှိသည့်အတွက် မိမိနယ်မြေခံလုံခြုံရေးတပ်ဖွဲ့များက နယ်မြေရှင်းလင်းရေးဆောင်ရွက်လျက်ရှိရာ မေ ၂၈ ရက် နံနက် ၉ နာရီ ၅ မိနစ်တွင် RSO သောင်းကျန်းသူအဖွဲ့မှဟုယူဆရသော လက်နက်ကိုင်ဆောင်ထားသူနှစ်ဦးသည် မိမိနိုင်ငံနယ်နိမိတ်အတွင်းသို့ ဝင်ရောက်လာခဲ့သဖြင့် လုံခြုံရေးဆောင်ရွက်နေသော နယ်မြေခံလုံခြုံရေးတပ်ဖွဲ့နှင့် ထိတွေ့မှုဖြစ်ပွားခဲ့ရာ အဝါရောင်ပြောက်ကျား ယူနီဖောင်းဝတ်အလောင်းတစ်လောင်း၊ ၎င်းကိုင်ဆောင်သော သေနတ်တစ်လက်နှင့် ခဲယမ်းအချို့တို့အား သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

မေ ၂၉ ရက်တွင် ဘင်္ဂလားဒေ့ရှ် စစ်သံရုံး(ရန်ကုန်)မှ အကြောင်းကြားချက်အရ ၎င်းတို့နယ်ခြားစောင့်တပ်ဖွဲ့မှ အဖွဲ့တစ်ဖွဲ့သည် လှည့်ကင်းတာဝန်ထမ်းဆောင်နေစဉ် ၎င်းတို့တပ်ဖွဲ့ဝင်တစ်ဦး ပျောက်ဆုံးလျက်ရှိကြောင်း၊ မြန်မာနိုင်ငံဘက်မှ ထိန်းသိမ်းထားရှိပါက ပြန်လည်လွှဲပြောင်းပေးစေလိုကြောင်း၊ သေဆုံးပါကလည်း အလောင်းအား ပြန်လည်ပေးအပ်စေလိုကြောင်း ညှိနှိုင်းအကြောင်းကြားလာခဲ့သည်။ မိမိဘက်မှလည်း အဝါရောင်ပြောက်ကျား ယူနီဖောင်းဝတ် အလောင်းတစ်လောင်းအား နယ်စပ်မှတ်တိုင် (၅၂)အနီး မိမိနိုင်ငံနယ်မြေအတွင်းတွင် တွေ့ရှိထားကြောင်းနှင့် ဘင်္ဂလားဒေ့ရှ် နယ်ခြားစောင့်တပ်ဖွဲ့မှ တပ်ဖွဲ့ဝင်အလောင်း မှန်ကန်ပါက ဖြစ်စဉ်ဖြစ်ပွားခဲ့သည့် နယ်စပ်မှတ်တိုင်(၅၂) အနီးတွင် ပြန်လည်လွှဲပြောင်းပေးအပ်မည်ဖြစ်ကြောင်း အကြောင်းပြန်ကြားခဲ့သည်။

မေ ၃၁ ရက် ညနေ ၅ နာရီ ၅ မိနစ်တွင် အမှတ်(၁၁) ဘင်္ဂလားဒေ့ရှ် နယ်ခြားစောင့်တပ်မှ ဒုတိယတပ်ရင်းမှူး ဗိုလ်မှူး ကာရပ်ဖ်ဦးစီးအဖွဲ့သည် နယ်စပ်မှတ်တိုင်(၅၂) အနီးသို့ ရောက်ရှိလာခဲ့ရာ မိမိလုံခြုံရေးတပ်ဖွဲ့ တာဝန်ရှိသူများက ဖြစ်စဉ်နှင့်ပတ်သက်၍ ရှင်းလင်း

စာမျက်နှာ ၉ ကော်လံ ၃ သို့ ❋

ကြေးမုံစာတည်းရှုထောင့် ၂-၆-၂၀၁၄၊ တနင်္လာနေ့

ရှုမြင်သုံးသပ်ကြရာဝယ်

ကမ္ဘာကြီးသည် ရွာကြီးတစ်ခုသဖွယ် ဖြစ်တည်လာချိန်တွင် လွတ်လပ်ပွင့်လင်းလာသည့် ယနေ့မြန်မာနိုင်ငံကြီးသည်လည်း ဆက်သွယ်ရေး၊ သတင်းအချက်အလက်များ တိုးတက်လာသကဲ့သို့ သတင်းလွတ်လပ်ခွင့်သည် အာဆီယံနိုင်ငံအတွင်း အလယ်အလတ်အဆင့်သို့ ရောက်ရှိနေပြီဖြစ်သည်။ သတင်းဖြန့်ချိမှုသည်လည်း ရှေးယခင်က စာပို့ခိုများကို အသုံးပြုခဲ့ကြရာမှ ယခုအခါ တစ်မိနစ်အတွင်း တစ်နိုင်ငံလုံးမျှသာမက တစ်ကမ္ဘာလုံးသို့ပါ ရောက်ရှိပျံ့နှံ့နိုင်ပြီဖြစ်သည်။

ယင်းကဲ့သို့ အချိန်အခါတွင် သတင်းလွတ်လပ်ခွင့်သည် အခန်းကဏ္ဍတစ်ခုမှပါဝင်လာရာ သတင်းလွတ်လပ်မှုနှင့်အတူ သုတ၊ ရသများ ရှာမှီးရာနေရာများသည်လည်း ကျယ်ပြန့်လာလျက်ရှိသည်။ သတင်းဖော်ပြမှုများတွင် ပုံနှိပ်မီဒီယာ၊ ရုပ်သံစသည့် မီဒီယာများသာမက အင်တာနက်စာမျက်နှာများမှ တစ်ဆင့် တစ်မိနစ်အတွင်း တင်ပြပေးပို့နေကြသည်။ ထိုကဲ့သို့ သတင်းပေးခြင်းသည် ပြည်သူများ၏ အသိပညာ ဗဟုသုတများ တိုးပွားစေရန် ရည်ရွယ်၍ ဖော်ပြခြင်းဖြစ်သဖြင့် ပြည်သူများအမှန်တကယ်အကျိုးရှိစေမည့် စစ်မှန်သည့်သတင်းများကိုသာ မိမိတို့၏ဖေ့စ်ဘုတ်၊ အင်တာနက်အီးမေးလ်များမှတစ်ဆင့် ဖော်ပြပေးသင့်ပါသည်။

ယင်းသို့ ဖော်ပြပေးမှုများကြောင့် လက်ကိုင်ဖုန်းများမှ သတင်းဝက်ဘ်ဆိုက်၊ ဖေ့စ်ဘုတ်စာမျက်နှာများမှတစ်ဆင့် သတင်းများကို အလွယ်တကူဖတ်ရှုလာနိုင်ကြပြီဖြစ်သည်။ ယင်းကဲ့သို့အချိန်တွင် မီဒီယာလုပ်ငန်းကြီးကို စတုတ္ထမဏ္ဍိုင်ဟုဆိုထားပေရာ မီဒီယာသမားများသာမက အင်တာနက်ဝက်ဘ်ဆိုက်၊ ဖေ့စ်ဘုတ်အသုံးပြုကာ သတင်းပေးသူများအနေဖြင့် ပြည်သူများ အသိပညာ ဗဟုသုတတိုးပွားရရှိစေမည့် အကြောင်းအရာများကိုသာ မျှဝေဖော်ပြကြရမည်ဖြစ်သည်။

သတင်းများဖြန့်ဝေကြရာတွင် သတင်းဟူသည် အရှေ့၊ အနောက်၊ တောင်၊ မြောက်မှ ဖြစ်ပေါ်လာသည့် အကြောင်းအရာများကို အခြေခံ၍ သတင်းဟုဆိုရာတွင် အဟုတ်အမှန် သတင်းရင်းမြစ်တစ်ခုထက် ပိုမိုတိကျမှသာ စစ်မှန်သည့် သတင်းဖြစ်မည်ဖြစ်သည်။ သို့သော် ကောလာဟလဟူသည် သတင်းမဟုတ်ပါ။ ကောလာဟလဟူသည် ကြောက်ရွံ့စိုးရိမ်ခြင်း၊ မုန်းတီးရွံရှာခြင်းနှင့် မျှော်လင့်တောင့်တခြင်းတို့ကိုအခြေခံ၍ ဖြစ်ပေါ်လာခြင်းဖြစ်ပါသည်။ ထိုကောလာဟလသတင်းများမှ သွေးပျက်ဖွယ်ကောလာဟလသည် အဆိုးရွားဆုံး ထိတ်လန့်ဖွယ်ပင်ဖြစ်သည်။ ထိုမဟုတ်မမှန် ထွက်ပေါ်လာသည့် ကောလာဟလများကို မျက်စိမှိတ်မယုံကြည်မိကြဖို့ အထူးလိုအပ်လှပေသည်။

လူတို့၏ သဘာဝအရ ကောင်းသည့်ဘက်မှ ရှုမြင်ဝေဖန်သုံးသပ်သူများ ရှိသကဲ့သို့ အကောင်းမမြင် ပြစ်တင်ရှုတ်ချတတ်ကြသူများလည်း ဒုနှင့်ဒေးရှိရာ အင်တာနက်ဝက်ဘ်ဆိုက်များပေါ်တွင်တင်ထားသည့် သတင်းများမှာ မှားသည်ဟု မဆိုလိုသော်လည်း အမှန်ဟုလည်း တရားသေမမှတ်ယူသင့်ပေ။ စာဖတ်သူများဘက်ကလည်း ဝေဖန်ပိုင်းခြားသုံးသပ်ပြီးမှသာ လက်ခံစဉ်းစားသင့်ပေသည်။ အထူးသဖြင့် ပြည်သူများယုံမှားသံသယဖြစ်စေသည့် သတင်းများဆိုလျှင် အထူးသတိပြုဖတ်ရှုကြရမည်ဖြစ်သည်။ ကောလာဟလသတင်းများကိုလည်း မိမိတို့၏ ဉာဏ်ပညာဖြင့် ဆင်ခြင်သုံးသပ်ပြီးမှသာ လက်ခံသင့်ပေသည်။

'လူတစ်ယောက်ကို သေစေလိုလျှင် ၎င်း၏ပါးစပ်ထဲသို့ အဆိပ်ရည်လောင်းထည့်ပါ။ လူအများကို သေစေလိုလျှင် ၎င်းတို့၏ နားထဲသို့ ကောလာဟလအဆိပ်ရည်ကို လောင်းထည့်ပါ' ဟူ၍ ကောလာဟလသတင်းများ၏ အန္တရာယ်ကြီးပုံကို ဖော်ကျူးထားသည်။ ပြည်သူများအနေဖြင့် မိမိတို့၏နားထဲသို့ ကောလာဟလအဆိပ်ရည်များ လောင်းထည့်မခံရစေရန် သတိတရားလက်ကိုင်ထားကာ ရှုမြင်သုံးသပ်ကြရမည်ဖြစ်သည်။ ယနေ့အချိန်အခါသည် ယင်းကဲ့သို့ ကောလာဟလသတင်းများ ဖြန့်ရာတွင် အင်တာနက်ပေါ်မှ တစ်မိနစ်အတွင်း တစ်နိုင်ငံလုံးသာမက တစ်ကမ္ဘာလုံးသို့ပါ ရောက်ရှိရန်စွမ်းဆောင်နိုင်ပြီဖြစ်သဖြင့် ပြည်သူများ၏ အကျိုးကိုရှေးရှု၍ အသိပညာ ဗဟုသုတများ ဝေငှချင်သူများအနေဖြင့် မိမိတို့၏သတင်းအပေါ် ခိုင်လုံမှုရှိပြီး ပြည်သူများအကျိုးရှိစေမည့် သတင်းများကိုသာ ဖော်ပြသင့်ပါသည်။ 'အသံကြောင့် ဖားသေ'ဆိုသကဲ့သို့ အများပြည်သူအကျိုးစီးပွားကို ပျက်စီးစေမည့်သတင်းများကို မဖော်ပြမိရန် အရေးကြီးလှပါသည်။

မိမိတို့၏ ကွန်ပျူတာ၊ ဖုန်းများမှတစ်ဆင့် အလွယ်တကူဖတ်ရှုကြမည့်သူများကလည်း စစ်မှန်သည့်သတင်းဝက်ဘ်ဆိုက်များကိုသာ ရွေးချယ်ဖတ်ရှုသင့်ပါသည်။ စာအုပ်စာပေ လူ့မိတ်ဆွေဟုဆိုထားပေရာ အကျိုးရှိမည့်မည်သည့်သုတ၊ ရသ စာပေမျိုးကိုမဆို ဖတ်ရှုလေ့လာကြရမည်ဖြစ်သည်။ သို့သော် မိမိတို့ဖတ်ရှုလိုက်သည့်သတင်းသည် ကြောင်းကျိုးဆီလျော်မှု ရှိ၊ မရှိကို ရှုမြင်သုံးသပ်ပြီး ဗဟုသုတရှာမှီးကြရမည်ဖြစ်သည်။ အရာရာတိုင်းကို သံသယမျက်စိဖြင့် ကြည့်မနေသင့်သော်လည်း ဖြစ်ပေါ်လာသည့် အခြေအနေအချိန်အခါပေါ်တွင် သူတစ်ပါး၏ ကောလာဟလသတင်းများကို တစ်ထစ်ချမယုံကြည်မိစေရန် မိမိတို့၏ ဉာဏ်မျက်စိဖြင့် ဆင်ခြင်သုံးသပ်ကာ အသိပညာဗဟုသုတများ ရှာမှီးနိုင်ကြစေရန် အကြံပြုအပ်ပါသည်။ ။

အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ထွန်းတိုးတက်စေရန် ကြိုးပမ်း

နေပြည်တော် ဇွန် ၁

မြန်မာနိုင်ငံကွန်ပျူတာပညာ ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြတ်ဟိန်းသည် မေ ၃၀ ရက်က ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်ရှိ MICT Park သို့ရောက်ရှိပြီး မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးသည်။

ထိုသို့ဆွေးနွေးရာတွင် Myanmar ICT Development Corporation မှ ဆောင်ရွက်နေသည့် လုပ်ငန်းများ၊ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်မှ လက်ရှိအခြေအနေနှင့် ရည်မှန်းချက်များကို မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်ဥက္ကဋ္ဌ ဦးခွန်ဦးနှင့် အတွင်းရေးမှူး ဦးဇော်မင်းဦးတို့က ရှင်းလင်းတင်ပြကြပြီး တာဝန်ရှိသူများကလည်း ထပ်မံဆွေးနွေးတင်ပြကြသည်။ ပြည်ထောင်စုဝန်ကြီးက ICT ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးသည် အရေးကြီးသည့်ကဏ္ဍဖြစ်သည့်အတွက် Myanmar ICT ကဏ္ဍဖွံ့ဖြိုးတိုးတက်အောင်မြင်အောင် ဝိုင်းဝန်းပူးပေါင်း၍ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ထွန်းတိုးတက်စေရန် ကြိုးပမ်းဆောင်ရွက်သွားကြရန်နှင့် ကွန်ပျူတာအသင်းများ၏လုပ်ငန်းများ ပိုမိုကျယ်ပြန့်စွာ ဆောင်ရွက်နိုင်ရေးတို့နှင့်ပတ်သက်၍ ညှိနှိုင်းဆွေးနွေးမှာကြားသည်။

ဆက်လက်၍ MICT Park အတွင်းရှိ Software ကုမ္ပဏီများမှ လုပ်ငန်းများဆောင်ရွက်နေမှုများကို ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့ဝင်များ လိုက်လံကြည့်ရှုကြရာ Mobile Software များ၊ လုပ်ငန်းသုံး Software များ၊ Mobile ဝန်ဆောင်မှုလုပ်ငန်းများအား တီထွင်ထုတ်လုပ်နေမှုများနှင့် Mobile Banking ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုသည်။

ထို့နောက် Dalwa Institute of Research အဆောက်အအုံသို့ ရောက်ရှိပြီး မြန်မာနိုင်ငံတွင်ဖွင့်လှစ်မည့် Stock Exchange အတွက် စနစ်များရေးဆွဲထားမှု၊ Data Center ပြင်ဆင်ထားမှုများကို တာဝန်ရှိသူများက ရှင်းလင်းပြသကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်ဆည်းမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရှမ်းပြည်နယ်အတွင်း အိမ်ခြေပေါင်း ၄၄၃ လုံး အိမ်သုံးဆိုလာစနစ်တပ်ဆင်ပြီးစီး

ရန်ကုန် ဇွန် ၁

မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ရန်ပုံငွေဖြင့် မြန်မာဆိုလာပါဝါကုမ္ပဏီလီမိတက်တို့ပူးပေါင်း၍ ရှမ်းပြည်နယ်အတွင်း ကျေးလက်မီးလင်းရေး(အိမ်သုံးဆိုလာ)တပ်ဆင်ခြင်းကို တောင်ကြီးခရိုင် ညောင်ရွှေမြို့နယ် မကျီးကုန်းကျေးရွာ၊ ဆည်ခေါင်းကျေးရွာ၊ ကုန်းတိန်ကျေးရွာ၊ ဆည်သာကျေးရွာ၊ ဘန်းပြင်ကျေးရွာ၊ ရေဦးကျေးရွာ၊ လွယ်စေတီကျေးရွာနှင့် လွိုင်လင်ခရိုင် ကွန်ဟိန်းမြို့နယ် ပန်းလျှန်းကျေးရွာ၊ သိန်းဖျံကျေးရွာများရှိ အိမ်ခြေပေါင်း ၄၄၃ လုံးတွင် တပ်ဆင်ဆောင်ရွက်ခဲ့သည်။

ယခုအခါ သက်ဆိုင်ရာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အဖွဲ့ဝင်များသည် အိမ်သုံးဆိုလာစနစ်တပ်ဆင်ပြီးစီးသော ကျေးရွာများသို့သွားရောက်၍ ကွင်းဆင်းစစ်ဆေးလျက်ရှိပြီး ကျေးရွာပြည်သူများကလည်း အိမ်သုံးဆိုလာစနစ်ဖြင့် လျှပ်စစ်မီးရရှိသဖြင့် ပျော်ရွှင်ကြည်နူးလျက်ရှိကြောင်း သိရသည်။

(ဖြူဖြူခိုင်)

GETC
PRE-SCHOOL Age (2-6)
YOUNG LEARNERS Age (6-14)
ADULT LEARNERS Age (over 16)
School Bus Available
မြို့နီကုန်း 537895,502775 လှိုင် 530097 ထားမွေ 549590

Infinity Investment Co., Ltd.

ပြည်တွင်းရေးရာ

❖ ရှေ့ဖုံးမှ

နောင်လာမည့်နှစ်မှစ၍ သီးခြားလွတ်လပ်စွာ စီမံခန့်ခွဲကြမည့် တက္ကသိုလ်များအဖြစ် ရပ်တည်ဆောင်ရွက်နိုင်ရန် လိုအပ်ပါကြောင်း၊ ဆရာရေးရာနှင့် ကျောင်းသားရေးရာ စီမံခန့်ခွဲရာ၌ ကျောင်းနေပျော်၍ စာတော်အောင်၊ နေထိုင်သွားလာ စားသောက်ရေးနှင့် သင်ကြားမှု အဆင်ပြေအောင်၊ အဆောင်လိုအပ်ချက်၊ သင်ထောက်ကူပစ္စည်း လိုအပ်ချက်များ၊ စာပေယဉ်ကျေးမှု၊ အားကစားအသင်းအဖွဲ့ဆိုင်ရာ လိုအပ်ချက်များ တွက်ချက်စီမံသွားရန် လိုအပ်ပါကြောင်း၊ အပြောင်းအရွှေ့၊ ရာထူးတိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များတွင် တရားမျှတ၍ ပွင့်လင်းမြင်သာမှုရှိအောင် စီမံခန့်ခွဲမှုသာ ဆရာ ဆရာမများ စိတ်ဓာတ်ကောင်းမွန်ပြီး ကြိုးစားလုပ်ကိုင်လာကြမည်ဖြစ်ပါကြောင်း ဆွေးနွေးပြောကြားသည်။

ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရန် ဆရာ ဆရာမများသည် အလွန်အရေးပါသော အခန်းကဏ္ဍတွင် ရှိနေသူများဖြစ်ပါကြောင်း၊ ဆရာ ဆရာမအလုပ်သည် အလွန်အရေးပါပြီး မွန်မြတ်သော အလုပ်ဖြစ်ပါကြောင်း၊ အနန္တောအနန္တငါးပါးဂိုဏ်းဝင်များ ဖြစ်သောကြောင့် အလေးအနက်ထားသင့်ပါကြောင်း၊ ယခုအစိုးရလက်ထက်တွင် ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်လျက်ရှိရာ နိုင်ငံတော်အစိုးရအနေဖြင့် အခက်အခဲများကြားမှ ကြိုးစားဆောင်ရွက်လျက်ရှိပြီး ထိုအခက်အခဲများကို ကောင်းမွန်သည့် ဒီမိုကရေစီလမ်းကြောင်းအတိုင်း ပညာရေးဘက်မှ ကြိုးပမ်းဆောင်ရွက်ပေးကြစေလိုပါကြောင်း၊ ပညာရေးကဏ္ဍပြုပြင်ပြောင်းလဲမှုသည် လွန်စွာအရေးပါသော အခန်းကဏ္ဍတစ်ခုဖြစ်၍ ဆရာ ဆရာမများ၏ အခန်းကဏ္ဍကို မြှင့်တင်ပေးလိုပါကြောင်း။

ဆရာများနေ့ကိုလည်း ချီးကျူးဂုဏ်ပြုသည့်အနေဖြင့် ကျင်းပနိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ဆရာ ဆရာမများကလည်း ပညာတတ်၍ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ရှိသော၊ အကျင့်စာရိတ္တ၊ စိတ်ဓာတ်ကောင်းမွန်သော ကျောင်းသား ကျောင်းသူများ မွေးထုတ်ပေးရန် လိုအပ်ပါကြောင်း၊ ဆရာဆရာမကြီးများအနေဖြင့်လည်း အဓိကကျသော ပြုပြင်ပြောင်းလဲမှုလုပ်ငန်းလိုအပ်ချက်များကို ပွင့်ပွင့်လင်းလင်း ဦးစားပေးဆွေးနွေးတင်ပြကြရန်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် အကြံပေးအဖွဲ့ဝင် ပညာရှင်များ၊ တက်ရောက်လာကြသူများက တက္ကသိုလ်များ၏ ကဏ္ဍအလိုက် ဆောင်ရွက်ထားမှုများ၊ ဆက်လက်ဆောင်ရွက်ရမည့် ဆောင်ရွက်ချက်များကို တင်ပြဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီးများက ဆွေးနွေးညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးပြီးဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်သည်။

ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း သမ္မတရုံးဝန်ကြီးဌာန

မနေ့က ရန်ကုန်တက္ကသိုလ်ကို သွားကြည့်ခဲ့ပါတယ်။ ကြည့်ပြီးတော့ ရှေးမူမပျက် ဘာတွေ ကျွန်တော်တို့ ပြုပြင်ပေးရမလဲဆိုပြီး ကြည့်ပါတယ်။ ရှေးမူမပျက် ဆောင်ရွက်ဖို့ အရေးကြီးပါတယ်။ တကယ်လည်း Recreation Center လည်း ပိုကောင်းလာရမယ်။ ပြီးရင် အဆောင်တွေကောင်းစေချင်တယ်။ သွားကြည့်တော့လည်း နှစ်ယောက် တစ်ခန်းနေရတဲ့အခန်းတွေက သိပ်ကျဉ်းတယ်လေ။ ဒါလေးတွေကို နိုင်ငံတော်သမ္မတကြီးဆီ သတင်းပို့ပြီး ဒီထက်ကောင်းတဲ့ ပတ်ဝန်းကျင်ဖန်တီးပေးချင်ပါတယ်။

တစ်ဖက်ကလည်း စာသင်မယ်၊ နောက်တစ်ဖက်ကလည်း သူတို့ရဲ့နေထိုင်မှုဘဝ ပျော်ရွှင်အောင် ဆောင်ရွက်ပေးဖို့လိုအပ်ပါတယ်။ ဒါကြောင့် ကျောင်းသားတွေရဲ့ လိုအပ်ချက်တွေကို ဖြေရှင်းပေးဖို့ အဆောင်တွေကိုလိုက်ကြည့်ခဲ့ပါတယ်။ အလားတူပဲ ဆရာ ဆရာမတွေကိုလည်း နေထိုင်မှုဘဝ ပျော်ရွှင်အောင် ဆောင်ရွက်ပေးရပါမယ်။ ဘတ်ဂျက်တွေတိုးပြီးတော့ ကျောင်းတွေဆောက်ပေးတာမှန်တယ်။ စိတ်ပိုင်းဆိုင်ရာနဲ့ ပညာရေးပိုင်းဆိုင်ရာမှာ တိုးတက်အောင် အများကြီးလုပ်ပေးရပါမယ်။

ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း။

ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း။

နောက်ပြီးတော့ လတ်တလော ပြောရမယ်ဆိုရင် အရင်တုန်းက အဆောင်မှူးတစ်ယောက်က တစ်လ ကျပ် ၁၅၀ ပဲရတယ်။ အဆောင်နည်းပြက တစ်လ ကျပ် ၁၀၀ ပဲရတယ်။ အခု အဆောင်မှူး တစ်ယောက်က တစ်လ ကျပ် ၂၀၀၀၀၊ အဆောင်နည်းပြ တစ်ယောက်က တစ်လ ကျပ် ၁၅၀၀၀ နဲ့ တိုးပေးလိုက်တယ်။ ဒီလိုပဲ ဆရာ ဆရာမတွေရဲ့ သွားရေးလာရေး၊ ပါမောက္ခတွေဆိုလည်း မော်တော်ကားတွေကောင်းအောင်၊ ထို့အတူပဲ ဆရာမတွေက ကျောင်းကို ဘတ်စ်ကားကိုတိုးတွေ့စီးရမယ့်အစား ဘယ်လိုစနစ်တွေ လုပ်ပေးရင် ကောင်းမလဲ၊ ဒါတွေကို ကျွန်တော်တို့ ဆွေးနွေးခဲ့ပါတယ်။ ပိုပြီး အဆင့်မြင့်ကောင်းမွန်အောင် လုပ်ပေးသွားဖို့ ရှိပါတယ်။ ဒီလိုဆောင်ရွက်မှုက ရန်ကုန်တက္ကသိုလ်တစ်ခုတည်း မဟုတ်ပါဘူး။ ကျန်တဲ့ တက္ကသိုလ်တွေကိုလည်း ဆောင်ရွက်ပေးသွားမှာပါ။

ငွေကြေးပိုင်းအနေနဲ့လည်း လိုသမျှကို ထပ်မံဖြည့်ဆည်းပေးသွားဖို့ အစီအစဉ်ရှိပါတယ်။

ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း သမ္မတရုံးဝန်ကြီးဌာန

လက်တွေ့ကျတဲ့ ပညာရေးပြုပြင်ပြောင်းလဲမှုကို နိုင်ငံတော်သမ္မတကြီးကိုယ်တိုင်ကပါ ပြီးခဲ့တဲ့နှစ်အောက်တိုဘာလကနေ စတင်အကောင်အထည်ဖော်ဖို့ ဆိုပြီး လိုအပ်တဲ့ကော်မတီတွေ၊ လုပ်ငန်းအဖွဲ့တွေ ဖွဲ့စည်းပြီးတော့ စတင်ဆောင်ရွက်ခဲ့ပါတယ်။ အဲဒီအချိန်တုန်းက ပညာရေးလောကမှာရှိတဲ့ Stakeholder အားလုံးနဲ့ တွေ့ဆုံညှိနှိုင်းဆွေးနွေးပွဲ အကြိမ်ပေါင်းများစွာလုပ်ပြီး အမျိုးသားပညာရေးမူဝါဒတွေ ချမှတ်ပြီး အမျိုးသားပညာရေးဥပဒေရေးဆွဲဖို့ ဦးစားပေးပြီးလုပ်ခဲ့ပါတယ်။

အဲဒီလိုလုပ်ခဲ့ပြီး အခုဆိုရင် အမျိုးသားပညာရေးဥပဒေကို လွှတ်တော်ကိုတင်ပြပြီး ဆွေးနွေးဖို့ရှိပါတယ်။ မကြာခင်မှာလည်း အတည်ပြုပြဋ္ဌာန်းနိုင်မယ်လို့ မျှော်လင့်ပါတယ်။ ဒါပေမယ့် လုပ်စရာရှိတာတွေကိုလည်း ချက်ချင်းလုပ်ဖို့ရှိတာမို့ တောက်လျှောက်လုပ်ဖြစ်တာတွေရှိပါတယ်။ ပြီးခဲ့တဲ့ ဧပြီ၊ မေလကစပြီး စာတတ်မြောက်ရေး လှုပ်ရှားမှု၊ ဘက်စုံထူးချွန်မှု၊ ကြက်ခြေနီ၊ ကင်းထောက်လူငယ်စသဖြင့် လူငယ်တွေရဲ့အခန်းကဏ္ဍကို အားပေးမြှင့်တင်တာမျိုး၊ ပညာရေးကဏ္ဍကို အားပေးမြှင့်တင်တဲ့ အနေအထားမျိုး တစ်နိုင်ငံလုံး၊ တိုင်းဒေသကြီး/ပြည်နယ်အားလုံး နိုင်ငံတော်သမ္မတကြီးကိုယ်တိုင် ဦးဆောင်ပါဝင်ပြီး ဆောင်ရွက်ခဲ့ပါတယ်။

ကျန်ပြည်နယ်နဲ့ တိုင်းဒေသကြီးတွေက ဝန်ကြီးချုပ်တွေ၊ နောက် ဒေသခံပြည်သူတွေအားလုံး ပူးပေါင်းပြီး ပါဝင်ဆောင်ရွက်ခဲ့တာ တွေ့ရမှာဖြစ်ပါတယ်။ အဲဒီနောက်ပိုင်းမှာတော့ ကျောင်းအပ်နှံရေးရာသီ ရောက်ပြီဖြစ်ပါတယ်။ နိုင်ငံမှာအရင်ကတည်းက လူ့စွမ်းအားအရင်းအဖြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် သန်းခေါင်စာရင်းကောက်တဲ့ လုပ်ငန်းကို ဆောင်ရွက်ခဲ့တာ ရှိပါတယ်။

သန်းခေါင်စာရင်းလုပ်ငန်းပြီးတဲ့အခါ ကျောင်းအပ်နှံရေးလုပ်ငန်းက နိုင်ငံရဲ့ပညာရေး မြှင့်တင်ရေးတစ်ခန်းတစ်ကဏ္ဍမှာ ပါဝင်ပါတယ်။ ဒါ တိုင်းဒေသကြီး/ပြည်နယ်အနှံ့ဆောင်ရွက်နေတဲ့အခါ ဒုတိယသမ္မတ(၁) ကလည်း နေရာအချို့မှာ သွားရောက်ဆောင်ရွက်နေတာ ရှိပါတယ်။ အတန်းအလိုက် ကျန်းမာရေးအရသော်လည်းကောင်း၊ လူမှုစီးပွားရေးအရသော်လည်းကောင်း အကြောင်းအမျိုးမျိုးနဲ့ ကျောင်းထွက်နေရတဲ့ ကလေးတွေရှိပါတယ်။ အဲဒီကလေးအရေအတွက် ကျဆင်းလျော့နည်းအောင် မူလတန်း အခမဲ့ပညာရေးကနေ အခု အလယ်တန်းကိုပါ အခမဲ့ပညာရေး တိုးမြှင့်ထောက်ပံ့ဖို့ စလုပ်ပါတယ်။

အဲဒီကြားထဲကနေ အကြောင်းအမျိုးမျိုးနဲ့ အခက်အခဲရှိတဲ့ကလေးတွေအတွက် အသက်မွေးဝမ်းကျောင်း ပညာရေးသင်ကြားတာတွေ၊ ကျောင်းပြင်ပ ပညာရေးတွေကို တိုင်းဒေသကြီး၊ ပြည်နယ်၊ ဝေးလံခေါင်းပါးတဲ့ ဒေသတွေအထိ လိုအပ်ချက်တွေ အများကြီး ဖြည့်ဆည်းဆောင်ရွက်ချက်တွေရှိပါတယ်။ ရပ်ရွာအဆင့်၊ ရပ်ရွာ ပညာကဏ္ဍ ပညာရေးတွေ ဆောင်ရွက်ခဲ့ပါတယ်။ အဲဒီကနေ ဆရာ ဆရာမတွေလည်း ခန့်ထားပြီး ကျောင်း Section လည်းမရတဲ့ဒေသတွေမှာ ရပ်ရွာပဒေသာ ပညာကဏ္ဍတွေလုပ်ပါတယ်။

ဆရာဆရာမတွေ ဖြည့်ဆည်းခန့်ထားပေးလိုက်မယ်ဆိုရင်လည်း လူဦးရေ အချိုးအစားနည်းတဲ့ ကျောင်းသားဦးရေ နည်းတဲ့နေရာတွေမှာ ကွက်လပ်တွေ ဖြည့်ဆည်းပေးနိုင်မှာဖြစ်ပါတယ်။ နောက်တစ်ခုက တစ်ဖက်က အသက်မွေးဝမ်းကျောင်းပညာ အင်မတန်မှ အရေးကြီးပါတယ်။ အလုပ်အကိုင် အခွင့်အလမ်းရရှိဖို့ ပြည်သူတွေရဲ့ လူမှုစီးပွားရေးတိုးတက်မြင့်မားဖို့၊ ဆင်းရဲမှုလျော့ပါးဖို့ အသက်မွေးဝမ်းကျောင်းပညာတွေ တတ်ကျွမ်းဖို့လိုပါတယ်။ လက်သမား၊ ပန်းရန်လုပ်ငန်းတွေ အင်မတန်အရေးကြီးတဲ့ လုပ်ငန်းတွေဖြစ်ပါတယ်။

ချင်းပြည်နယ်မှာဆိုရင် လက်သမား၊ ပန်းရန်ကျွမ်းကျင်တဲ့သူ မရှိတဲ့အတွက် ပြည်မကနေ ပန်းရန်၊ လက်သမားတွေခေါ်ယူရတာရှိပါတယ်။ သင်တန်းကျောင်းအသီးသီးမှာ လာတက်ရောက်တဲ့ ဒေသခံပြည်သူတွေအတွက် အဲဒီဒေသအရောက်သွားပြီး အသက်မွေးဝမ်းကျောင်း သင်တန်းတွေပေးပြီး စတင်နေပြီဖြစ်ပါတယ်။ ဒေသခံပြည်သူများကလည်း စိုက်ပျိုးရေး၊ မွေးမြူရေး၊ တည်ဆောက်ရေးလုပ်ငန်းအခြား အသက်မွေးဝမ်းကျောင်းသင်ကြားနိုင်တော့မှာ ဖြစ်ပါတယ်။ Certificate အောင်လက်မှတ်မရှိတဲ့သူက ပြည်တွင်းပြည်ပမှာ အလုပ်အကိုင်အခွင့်အလမ်းမှာ ရရာအလုပ်ကို လုပ်ရပါတယ်။ ရတဲ့အလုပ်ကလည်း အောင်လက်မှတ်မရှိတဲ့အတွက် ထိုက်ထိုက်တန်တန်လုပ်ခမရပါဘူး။ ဒါကိုလည်း Certificate ပုံစံရအောင် Testing Centre စတင်ဖွင့်သွားမှာဖြစ်ပါတယ်။

ဖွင့်ပြီးတော့မှ ဆောင်ရွက်မယ်ဆိုရင်လည်း လူ့စွမ်းအားအရင်းအမြစ်တွေကို ထိုက်ထိုက်တန်တန် အလုပ်အကိုင်အခွင့်အလမ်းတွေနဲ့ လုပ်ခတွေရနိုင်မယ့် အခွင့်အလမ်းတွေက ပိုမိုရရှိလာမှာဖြစ်ပါတယ်။ ဒါက ပညာရေးကဏ္ဍမြှင့်တင်ရေးနဲ့ နိုင်ငံစီးပွားရေး၊ ပြည်သူများလူမှုစီးပွားရေး မြှင့်တင်ဆောင်ရွက်ဖို့ အစီအစဉ်တွေပဲဖြစ်ပါတယ်။ ပညာရေးကလည်း နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်ဖို့မှာ အခြေခံအုတ်မြစ်ဖြစ်ပါတယ်။ ဒါကြောင့်လုပ်နေတာပါ။ အခုဆိုရင် အဆင့်မြင့်ကဏ္ဍမှာ အလွန်အရေးကြီးပါတယ်။ ဘွဲ့ရရုံနဲ့ မဖြစ်ပါဘူး။ အသိပညာရှင်၊ အတတ်ပညာရှင်တွေ၊ တကယ်တတ်ကျွမ်းပြီးမှ တိုင်းပြည်ကို အကျိုးပြုမယ့် ပညာရှင်တွေမွေးထုတ်ဖို့ အဆင့်မြင့်ပညာရေးက အရေးကြီးပါတယ်။

ဒါကြောင့် တက္ကသိုလ်၊ ကောလိပ်ပါမောက္ခချုပ်ကြီးတွေနဲ့ ဆွေးနွေးညှိနှိုင်းပြီးတော့ သူတို့က အတွေ့အကြုံရှိတော့ သူတို့ ဘယ်လိုပညာရေးမြင့်မားတိုးတက်အောင် သင်ကြားလေ့ကျင့်ရင် အနာဂတ်အတွက် ကောင်းမယ်ဆိုတာ ပိုသိတဲ့အတွက် ညှိနှိုင်းဆွေးနွေးတာဖြစ်ပါတယ်။ ကျောင်းသားတွေရဲ့ လိုအပ်ချက်တွေကို ပံ့ပိုးကူညီဆောင်ရွက်ပေးမယ့် အနေအထားဖြစ်ပါတယ်။ နောင်ဆိုရင် ပညာရေးမြင့်မားတိုးတက်ဖို့က တက္ကသိုလ်အလိုက် အပြိုင်အဆိုင်ကြိုးစားရမှာဖြစ်တယ်။ အမျိုးသားပညာရေးဥပဒေနဲ့ နောင်အဆင့်မြင့်ပညာရေးဥပဒေမှာ သီးခြားလွတ်လပ်စွာ စီမံခန့်ခွဲတဲ့ တက္ကသိုလ်တွေဖြစ်ရမယ်။

ဒီနေ့ ပြုလုပ်တဲ့အစည်းအဝေးက စီမံခန့်ခွဲမှုလုပ်ငန်းတွေကို ကြိုတင်ပြီး ညှိနှိုင်းခြင်းဖြစ်ပါတယ်။ ညှိနှိုင်းပြင်ဆင်ပြီး ပညာရေးမြင့်မားတိုးတက်ဖို့ ကျောင်းဝန်းကျင်မှာ တက္ကသိုလ်ဆရာတွေ အတွက်ကော ကျောင်းသားတွေအတွက်ကော နေထိုင်သွားလာစားသောက်ဖို့ အဆင်ပြေရမယ်။ သင်ကြားရေး အဆင်ပြေပြီး လက်တွေ့ခန်းတွေ၊ ဓာတ်ခွဲခန်းတွေ၊ သုတေသနလုပ်နိုင်မယ့် Facility တွေ ပြည့်စုံအောင် ဖန်တီးဖို့ကိုလည်း အခုကတည်းက ပြင်ဆင်ပေးမယ်ဆိုရင် အဆင့်အတန်းမြင့်မားတိုးတက်လာမှာ ဖြစ်ပါတယ်။

ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်တဲ့အခါမှာလည်း International Development Partners (နိုင်ငံတကာမိတ်ဖက်အဖွဲ့အစည်း)တွေ ပါဝင်မှာဖြစ်ပါတယ်။ သူတို့အဖွဲ့အစည်းတွေက ကျွမ်းကျင်သူ ပညာရှင်ကြီးတွေလည်း ရှိပါတယ်။ တခြားလိုအပ်တဲ့ အထောက်အကူပြုပေးတဲ့အဖွဲ့တွေလည်း ရှိပါတယ်။ အကူအညီပေးတဲ့ အဖွဲ့တွေနဲ့ပေါင်းစပ်ပြီး ဌာနဆိုင်ရာ အချင်းချင်းဆွေးနွေးတာတွေလည်း ရှိပါတယ်။ ရလဒ်တွေနဲ့ နိုင်ငံတကာမိတ်ဖက်အဖွဲ့အစည်းတွေ၊ ပြင်ပက Stakeholder တွေနဲ့ ပညာရေးနယ်ပယ်က ဥပမာအားဖြင့် ကိုယ်ပိုင်ကျောင်း၊ ကိုယ်ပိုင်တက္ကသိုလ်တွေဖွင့်လှစ်လိုတဲ့ ပုဂ္ဂိုလ်တွေရှိပါတယ်။ ကိုယ်ပိုင်ကျောင်း၊ တက္ကသိုလ်တွေအတွက်လည်း မှတ်ပုံတင်ဖို့ရေးဆွဲနေတာဖြစ်တဲ့အတွက် သက်ဆိုင်ရာ(Working Group) လုပ်ငန်းအဖွဲ့တွေကနေ လက်တွေ့ဆောင်ရွက်နေတဲ့ ပုဂ္ဂိုလ်များနဲ့ ဆွေးနွေးပြီး ဆောင်ရွက်တဲ့ လုပ်ငန်းစဉ်တွေ ဆောင်ရွက်လျက်ရှိပါတယ်။ ။

စစ်အစိုးရအား ဆန္ဒကျင်ဆန္ဒပြမှုများကို တားဆီးရန်

ဗန်ကောက်တွင် လုံခြုံရေးတပ်ဖွဲ့ဝင် ထောင်ချီဖြန့်ကြက်

ဗန်ကောက် ဇွန် ၁

ထိုင်းစစ်အစိုးရအား ဆန့်ကျင်ဆန္ဒပြမှုများ ပြုလုပ်ရန် လူများစုဝေးခြင်းများမှ တားဆီးရန်အတွက် ထိုင်းနိုင်ငံ မြို့တော်ဗန်ကောက်တစ်ဝန်းတွင် ရဲတပ်ဖွဲ့ဝင်များနှင့် ထိုင်းတပ်ဖွဲ့ဝင် အင်အားထောင်ချီ ဖြန့်ကြက်ချထားကြောင်း ယနေ့ဘီဘီစီသတင်းတွင် ဖော်ပြသည်။

မြို့တော် ဗန်ကောက်ရှိ မီးရထားဘူတာရုံများအား ပိတ်ထားပြီး မြို့၏ အချက်အချာကျသော အစိတ်အပိုင်းများတွင် မော်တော်ယာဉ်များ သွားလာခြင်းကို ပိတ်ဆို့ထားသည်။

ထိုင်းစစ်အစိုးရအား ဆန့်ကျင်သူများက လူမှုဆက်သွယ်ရေးမီဒီယာများကို အသုံးပြု၍ နိုင်ငံအဝန်း ဆန့်ကျင်ဆန္ဒပြမှုများ ပြုလုပ်ရန် လှုံ့ဆော်လျက်ရှိသည်။

ထိုင်းနိုင်ငံတွင် လနှင့်ချီ၍ ကြာမြင့်ခဲ့သော ဆူပူအုံကြွမှုများကို တည်ငြိမ်အောင် ဆောင်ရွက်မည်ဟု ပြောကြားကာ ထိုင်းစစ်ဘက်က မေ ၂၂ ရက်တွင် အာဏာသိမ်းယူခဲ့ပြီး ထိပ်တန်းနိုင်ငံရေးသမားများအား ရက်အတန်ကြာအောင် ထိန်းသိမ်းထားခဲ့သည်။

ထိုင်းစစ်အစိုးရက ထုတ်ပြန်သော လူငါးဦးထက်ပို၍စုဝေးခွင့်မရှိဟူသော ကန့်သတ်ချက်ကို ဆန့်ကျင်၍ နေ့စဉ်နှင့်အမျှပင် ထိုင်းအစိုးရသစ်အား ဆန့်ကျင်သူများက စုဝေးဆန္ဒပြခဲ့ကြသည်။

ထိုင်းရဲတပ်ဖွဲ့ဝင်ဦးရေ ၅၇၀၀ နှင့် ထိုင်းတပ်ဖွဲ့ဝင်များအား မြို့တော် ဗန်ကောက်၏ ဒေသများသို့ စေလွှတ်ထားကြောင်း၊ ယင်းတို့တွင် ယခင်က ဆန့်ကျင်ဆန္ဒပြသူများ စုဝေးနိုင်သည့် ဈေးဝယ်ဌာနများလည်း ပါဝင်ခဲ့ကြောင်း ထိုင်းရဲတပ်ဖွဲ့ ဒုတိယအကြီးအကဲက ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။

ဘီဘီစီ။

ဗန်ကောက်မြို့တွင် ထိုင်းလုံခြုံရေးတပ်ဖွဲ့များ စစ်ဆေးမှုများ ပြုလုပ်နေစဉ်။

ရုရှားရဟတ်ယာဉ် ရေကန်တွင်း ပျက်ကျ ၁၆ ဦးထက်မနည်းပျောက်ဆုံး

မော်စကို ဇွန် ၁

ရုရှားနိုင်ငံ အနောက်မြောက်ပိုင်းတွင် ဒေသဆိုင်ရာ ထိပ်တန်းတာဝန်ရှိပုဂ္ဂိုလ်များနှင့် စီးပွားရေးလုပ်ငန်းရှင်များ လိုက်ပါလာသည့် ရဟတ်ယာဉ်တစ်စင်း ရေကန်တစ်ကန်အတွင်းသို့ ပျက်ကျရာ ၁၆ဦးထက်မနည်း ပျောက်ဆုံးနေကြောင်း ရဲတပ်ဖွဲ့နှင့် အရေးပေါ်ကြေညာရေးဝန်ကြီးဌာနက ပြောကြားသည်။

အမ်အိုင်-၈ ရဟတ်ယာဉ်ပေါ်တွင် သင်္ဘောအမှုထမ်းများနှင့်ခရီးသည် ၁၄ ဦး အပါအဝင် ၁၉ဦးကျော် လိုက်ပါလာကြောင်း၊ ရုရှားနိုင်ငံ အနောက်မြောက်ပိုင်းရှိ ဝေးလံခေါင်းဖျားသောမားမန်ဆက်ဒေသတွင် မေ ၃၁ရက်က ပျက်ကျခြင်းဖြစ်ကြောင်း ဒေသခံရဲတပ်ဖွဲ့မှ ပြောခွင့်ရပုဂ္ဂိုလ်တစ်ဦးက အေအက်ဖ်ပီသတင်းဌာနသို့ ပြောကြားသည်။

ရဟတ်ယာဉ်ပျက်ကျမှုကြောင့် ဒဏ်ရာရရှိသူနှစ်ဦးကို ဆေးရုံတင်၍ ကုသပေးလျက်ရှိကြောင်း သတင်းတွင် ဖော်ပြသည်။

ဆင်ဟွာ။

ရုရှားသို့ စစ်သင်္ဘောနှစ်စင်း မရောင်းချရန် ပြင်သစ်ကို အမေရိကန်အမတ်များ တောင်းဆို

ဝါရှင်တန် ဇွန် ၁

ပြင်သစ်နိုင်ငံအနေဖြင့် ရုရှားနိုင်ငံအား စစ်သင်္ဘောနှစ်စင်းရောင်းချမည့် ၎င်း၏ကန်ထရိုက်စာချုပ်ကို ဖျက်သိမ်းရန်နှင့် ယင်းစစ်သင်္ဘောများကို မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့ (နေတိုး)ကို ရောင်းချရန် သို့မဟုတ် ငှားရမ်းရန် အမေရိကန်လွှတ်တော်အမတ်များက တိုက်တွန်းလိုက်သည်။

နေတိုးက ဤအရေးအရာနှင့် ပတ်သက်၍ ပါရီက ဆုံးဖြတ်ချက်ချရန်သာ ကျန်တော့ကြောင်း သောကြာနေ့တွင် ပြောကြားသည်။

အောက်လွှတ်တော်၏ နိုင်ငံခြားရေးရာကော်မတီမှ ထိပ်တန်းဒီမိုကရက်တစ်အမတ် အီလီယော့အန်းဂဲလ် ခေါင်းဆောင်သော ကွန်ဂရက်အမတ်သုံးဦးက နေတိုးအထွေထွေအတွင်းရေးမှူး အန်းဒါး(စ်)ဖော့ခ်ျရာမူဆင်ထံသို့ စာတစ်စောင်ရေးသားပေးပို့ခဲ့သည်။

ယင်းစာတွင် ပြင်သစ်"မစ်ထရယ်"အမျိုးအစား ရဟတ်ယာဉ်တင်သင်္ဘောနှစ်စင်း တည်ဆောက်၍ ရုရှားရေတပ်ဖွဲ့ကို ရောင်းချခြင်းအပေါ် စိုးရိမ်ပူပန်ကြောင်း ဖော်ပြထားသည်။

ရုရှားသမ္မတဗလာဒီမာပူတင်က ယူကရိန်းနိုင်ငံကို ရန်လိုခြင်းအားရည်ညွှန်း၍ အိမ်နီးချင်းနိုင်ငံများအပေါ် ကျူးကျော်ရန် သို့မဟုတ် ခြိမ်းခြောက်ရန် ရုရှားနိုင်ငံ၏ စွမ်းရည်ကို မြှင့်တင်ပေးရာရောက်သော အင်အားကြီးမားသည့် လက်နက်များအား နေတိုးကထောက်ပံ့ပေးခြင်းမပြုရန်မှာ အလွန်အရေးပါသော ကိစ္စရပ်ဖြစ်ပါကြောင်း လွှတ်တော်အမတ်များက ကြာသပတေးနေ့တွင် ရေးသားခဲ့သည်။

နေတိုးနှင့်အနောက်အုပ်စုက အပြင်းအထန်ကန့်ကွက်ခဲ့သောမတ်လအတွင်း၌ခရိုင်းမီးယားသိမ်းပိုက်ရာ၌ ရုရှားအသုံးပြုခဲ့သော ပင်လယ်ရပ်ခြားစစ်ဆင်ရေးစွမ်းရည်ကို ယင်းသင်္ဘောနှစ်စင်းက အားသစ်လောင်းသကဲ့သို့ ဖြစ်မည်ဟု လွှတ်တော်အမတ်များက သတိပေးသည်။ ၎င်းသင်္ဘောနှစ်စင်းကို နေတိုးအား ရောင်းချရန်သို့မဟုတ် ငှားရမ်းရန်သဘောတူညီချက်သည် နေတိုးမဟာမိတ်များက ဆင်ခြင်မှုကင်းမဲ့သော အပြုအမူများကိုသည်းခံမည် မဟုတ်ကြောင်း သမ္မတပူတင်သို့ လေးလေးနက်နက် အချက်ပြလိုက်ခြင်းဖြစ်မည်ဟု ဆိုသည်။

"မစ်ထရယ်"(ဝဲပုံ)သည် ရဟတ်ယာဉ် ၁၆ စင်း၊ ကမ်းတက်ရေယာဉ်လေးစင်း၊ လက်နက်တပ်ဆင်ထားသော မော်တော်ယာဉ်အစင်း ၆၀ နှင့် တပ်ဖွဲ့ ဝင် ၇၀၀ ကို တင်ဆောင်နိုင်စွမ်းရှိသည်။

အေအက်ဖ်ပီ။

အာဖဂန်နစ္စတန်အရှေ့ပိုင်းတွင် လမ်းဘေးဗုံးပေါက်ကွဲ အရပ်သား ၁၄ ဦးသေဆုံး

ဂါဇနီ ဇွန် ၁

အာဖဂန်နစ္စတန်နိုင်ငံအရှေ့ပိုင်းတွင် မေ ၃၁ ရက်က လမ်းဘေးဗုံးတစ်လုံးပေါက်ကွဲရာ အရပ်သား ၁၄ ဦးသေဆုံးကြောင်း၊ အမေရိကန်ဦးဆောင်သောတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက်သည့်အချိန်မှ ၁၃ နှစ်တာကာလကြာမြင့်ပြီးနောက်ပိုင်း နောက်ဆုံးအကြမ်းဖက်တိုက်ခိုက်မှုဖြစ်ကြောင်း တာဝန်ရှိပုဂ္ဂိုလ်များက ဇွန် ၁ ရက်တွင် ပြောကြားသည်။

ဂါဇနီပြည်နယ် ဂီရိုခရိုင်တွင် မင်္ဂလာဆောင်အခမ်းအနားမှပြန်လာသော အရပ်သားများ စီးနင်းလိုက်ပါလာသည့်ကားကို လမ်းဘေးထောင်ဗုံးထိမှန်ခြင်းဖြစ်ကြောင်း ဂီရိုခရိုင်အုပ်ချုပ်ရေးမှူး အဗ္ဗဒူလာချ်ခါးစ်စပ်ချ်က အေအက်ပီသတင်းဌာနသို့ ပြောကြားသည်။

သေဆုံးသူ ၁၄ ဦးတွင် အမျိုးသမီးခုနစ်ဦး ပါဝင်ပြီး ကျန်ခုနစ်ဦးမှာ အမျိုးသားများဖြစ်သည်။

ဆင်ဟွာ။

အဂတိလိုက်စားမှုဖြင့် အာဂျင်တီးနား ဒုတိယသမ္မတအား တရားရုံးသို့ ဆင့်ခေါ်

ဗျူနိုအေးရိ ဇွန် ၁

အာဂျင်တီးနားနိုင်ငံတွင် တရားသူကြီးတစ်ဦးက ဒုတိယသမ္မတ အာမာဒိုဘူးဒူး(ယာပုံ)အား အဂတိလိုက်စားသည့် အမှုတစ်ခုတွင် ၎င်းကိုယ်တိုင် ကာကွယ်ထုချေရန်အတွက် တရားရုံးတော်သို့ ဆင့်ခေါ်ခဲ့ကြောင်း မေ ၃၀ ရက် ဘီဘီစီသတင်းတွင် ဖော်ပြသည်။

အာဂျင်တီးနားနိုင်ငံ၏ ငွေစက္ကူများ ပုံနှိပ်ရန်အတွက် မစ္စတာဘူးဒူးသည် ၎င်းထိန်းချုပ်သည့် ကုမ္ပဏီသို့ ကန်ထရိုက်ပေးအပ်မှု အသေအချာဖြစ်စေရန် ၎င်း၏ အရှိန်အဝါကို သုံးစွဲခဲ့သည်ဟု သံသယရှိသည်။

မစ္စတာဘူးဒူးသည် လက်ရှိသမ္မတ ခရစ္စတီးနားဖာနန်ဒက်(ဇ်)ဒီကီယားနား၏ အရိုက်အရာကို ဆက်ခံဖွယ်ရာရှိသည်ဟု ယူဆကြသည်။ ၎င်းက မည်သည့်အမှားကိုမျှ ကျူးလွန်ခဲ့ခြင်းမရှိပါဟု ငြင်းဆိုသည်။ အတိုက်အခံများက ၎င်းကို ရာထူးမှ နုတ်ထွက်ပေးရန် တောင်းဆိုကြသည်။

ဇူလိုင် ၁၅ရက်တွင် ဗျူနိုအေးရိရှိ တရားရုံးတစ်ရုံး၌ ရောက်ရှိအစစ်ဆေးခံရမည်ဖြစ်သည်။ အမှုကြားနာပြီးနောက် ၎င်းကို စွဲချက်တင်မည်သို့မဟုတ် ယင်းအမှုကို ပလပ်မည် နှစ်ခုအနက်တစ်ခုကို တရားရုံးက ဆုံးဖြတ်မည်ဖြစ်သည်။

ယင်းအမှုတွင် ပါဝင်သော "စစ်ကွန်းကာလ်ကိုဂရာဖီကာ" ကုမ္ပဏီအား စုံစမ်းစစ်ဆေးမှု ပြုလုပ်နေသည်မှာ သုံးနှစ်ကျော်ကြာခဲ့ပြီဖြစ်သည်။

၂၀၁၀ ခုနှစ်တွင် ၎င်းကုမ္ပဏီက ဒေဝါလီခံရန်အတွက် တရားရုံးသို့ လျှောက်ထားသောအခါ ၎င်းကုမ္ပဏီကို ဝယ်ယူရန် မစ္စတာဘူးဒူးက လူတစ်ဦးအား ကိုယ်စားအသုံးချခဲ့သည်ဟု သံသယရှိနေသည်။

နောက်ပိုင်းတွင် ကုမ္ပဏီသည် ၎င်း၏ အကြွေးများကို ပေးဆပ်နိုင်ရေးအတွက် နိုင်ငံတော်သို့ အခွန်တော်ငွေများ ပေးဆောင်ရမည်ကို ဆိုင်းငံ့သည့် ခံစားခွင့်ရရှိခဲ့သည်။

၂၀၁၁ ခုနှစ်တွင် မစ္စဖာနန်ဒက်(ဇ်) ပြန်လည်ရွေးချယ်ခံရရေးအတွက် မဲဆွယ်လှုပ်ရှားမှု ပြုလုပ်ရာ၌ အသုံးပြုသည့် စာရွက်စာတမ်းကိုလည်း ၎င်းကုမ္ပဏီက ပုံနှိပ်ပေးခဲ့သည်။

မစ္စတာဘူးဒူးသည် အစိုးရတာဝန်ရှိသူတစ်ဦးအနေဖြင့် မသင့်လျော်သော စီးပွားရေးများ လုပ်ငန်းများ လုပ်ကိုင်ခဲ့ဖွယ်ရာရှိသည်ဟု တရားရုံးအမိန့်ထုတ်ပြန်ခဲ့သော တရားသူကြီး အေရိယဲလ်လီဂျိုက ပြောကြားသည်။

မစ္စတာ ဘူးဒူးသည် ထိုအချိန်က အာဂျင်တီးနားနိုင်ငံ၏ စီးပွားရေးဝန်ကြီး တာဝန်ထမ်းဆောင်လျက်ရှိသည်။

ဘီဘီစီ။

ငွေရေးကြေးရေးလုပ်ထုံးလုပ်နည်းများနှင့်အညီ ပံ့ပိုးပေးသွားမည်

ရန်ကုန် ဇွန် ၁

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသော ဦးစိုးသိန်းနှင့် ဦးတင်နိုင်သိန်းတို့သည် ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ခရိုင်နှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ မြို့နယ်အထောက်အကူပြုကော်မတီများနှင့် တွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံပွဲသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ခရိုင်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ခရိုင်နှင့်မြို့နယ် စည်ပင်သာယာရေးကော်မတီဝင်များ၊ မြို့နယ်အထောက်အကူပြုကော်မတီအဖွဲ့ဝင်များ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီများဖွဲ့စည်းပေးခဲ့ပြီးနောက် အတိုင်းအတာတစ်ခုအထိ ခရီးရောက်အောင်ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ နောင်ဆိုလျှင် ရန်ကုန်ဆိုလျှင်လည်း City Development Plan၊ မြို့နယ်ဆိုလျှင်လည်း Township Development Plan များ ရေးဆွဲလျက်ရှိကြောင်း၊ မြို့နယ်အဆင့် အစည်းအဝေးများတွင် ခေါင်းစဉ်များခွဲပြီး ဦးစားပေးအစီအစဉ်အလိုက် ဆောင်ရွက်သွားရန်ဖြစ်ကြောင်း၊ ပြည်သူများ၏အခက်အခဲများ၊ ပြည်သူများ၏တင်ပြချက်များကိုလည်း ရရှိပြီးဖြစ်သဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်အဆင့် အထောက်အကူပြုကော်မတီများနှင့် ဆက်လက်ညှိနှိုင်းထိတွေ့ဆောင်ရွက်သွားနိုင်တော့မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် သန်လျင်၊ ကျောက်တန်း၊ ခရမ်း၊ သုံးခွ၊ တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်း၊ ဆိပ်ကြီးခနောင်တိုနှင့် ဒလမြို့နယ် အထောက်အကူပြုကော်မတီများမှ တာဝန်ရှိသူများက မိမိတို့မြို့နယ်အလိုက် ဖြည့်ဆည်းဆောင်ရွက်ပေးရန် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက ဖြည့်စွက်ဆွေးနွေးတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးများက ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက ဦးစားပေးကိစ္စများကို လျင်မြန်စွာဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ငွေရေးကြေးရေး လုပ်ထုံးလုပ်နည်းများနှင့် အညီ ပံ့ပိုးပေးသွားမည်ဖြစ်ပါကြောင်း၊ လုပ်ငန်းများ ဆောင်ရွက်ရာတွင် အစိုးရအဖွဲ့တစ်ဖွဲ့တည်းလုပ်၍ မရသဖြင့် ရပ်မိရပ်ဖများ၊ စိတ်ပါဝင်စား၍ အတွေ့အကြုံရှိသူများပါဝင်သည့် အထောက်အကူပြုအဖွဲ့များပါဝင်မှသာလျှင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်းဖြင့် ပြောကြားခဲ့သည်။ **(သတင်းစဉ်)**

မော်လမြိုင် ကုန်စည်ဒိုင်ဖွင့်ပွဲအခမ်းအနား ကျင်းပ

နေပြည်တော် ဇွန် ၁

မော်လမြိုင်မြို့ မော်လမြိုင်ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း မော်လမြိုင်ကုန်စည်ဒိုင်ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီက မော်လမြိုင် ကုန်စည်ဒိုင်ခန်းမ၌ ကျင်းပရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်၊ မွန်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် မွန်ပြည်နယ် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌတို့က ကုန်စည်ဒိုင်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်နှင့် ပြည်နယ်ဝန်ကြီးချုပ်တို့သည် ကုန်စည်ဒိုင်အား လှည့်လည်ကြည့်ရှုကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက စိုက်ပျိုးထုတ်လုပ်သူများအနေဖြင့် ဈေးကွက်နှင့် ဈေးနှုန်းသတင်းအချက်အလက်များ၊ နည်းပညာသတင်းများ လက်ခံရရှိမှုနှင့် ဖြန့်ဝေမှုတို့တွင် အားနည်းပြီး လူများစုမှာ ဒေသခံများ အချင်းချင်းထံမှသာ သတင်းအချက်အလက်သိရလေ့ရှိပါကြောင်း၊ စာစောင်များ၊ ရေဒီယို၊ ရုပ်မြင်သံကြားတို့မှ သတင်းရယူမှုအားနည်းသဖြင့်လည်း လယ်ယာထွက်ကုန်ဈေးကွက်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထိရောက်သော သတင်းအချက်အလက်များ၊ ပြည်တွင်းဈေးနှုန်းနှင့် အပြည်ပြည်ဆိုင်ရာဈေးနှုန်းများ၊ ကမ္ဘာ့ဝယ်လိုအားအခြေအနေ အချိန်လိုက်ပြောင်းလဲမှုများကို ယခုထက်ပိုမိုသိရှိနားလည်မှသာ ဈေးကွက်လိုအပ်ချက်ကို အမြန်ဆုံးတုံ့ပြန်နိုင်မည်ဖြစ်ပါကြောင်း။

စိုက်ပျိုးထုတ်လုပ်သော တောင်သူများ ဈေးကွက်ဈေးနှုန်းနှင့် ပေါက်ဈေးအတိုင်းရရှိရေး၊ သတင်းအချက်အလက်များရရှိရေးတို့အတွက် ကုန်စည်ဒိုင်များ ဖွင့်လှစ်ရန်လိုအပ်ပါကြောင်း၊ ကုန်စည်ဒိုင်တစ်ခုတည်ဆောက်ရာတွင် ကုန်စည်ဒိုင်၏ ဖွဲ့စည်းပုံ၊ ကုန်စည်ဒိုင်စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများ၊ ကုန်ပစ္စည်းအရည်အသွေး၊ အလေး၊ တင်းတောင်း၊ အခြင်အတွယ်စနစ်၊ အရောင်းအဝယ်ပြုလုပ်ချိန်နှင့် အရောင်းအဝယ်နည်းစနစ်များ၊ အရောင်းအဝယ်သတင်းထုတ်ပြန်ခြင်း၊ လယ်ယာထွက်ကုန်သီးနှံများ၏ အရောင်းအဝယ်လုပ်ငန်းများ စနစ်ကျနမှုရှိစေရေးအတွက် ပစ္စည်းမှန်၊ ဈေးနှုန်းမှန်၊ အရည်အသွေးမှန်၊ အရောင်းအဝယ်မှန် စသည့်မှန်လေးမှန်ဖြစ်ပေါ်စေရေးအတွက် ဈေးကွက်ရှိသည့် မြို့ကြီးများတွင် သီးနှံကုန်စည်ဒိုင်များ ဖွဲ့စည်းတည်ထောင်ရန် ရည်ရွယ်လျက်ရှိပါကြောင်း၊ ကျေးလက်နေတောင်သူလယ်သမားများ၏ အဓိကအခက်အခဲများဖြစ်သော ဈေးကွက်ပေါက်ဈေးဖြင့် ရောင်းချနိုင်သော ဈေးကွက်မရှိခြင်း၊ သီးနှံပေါ်ချိန် ဈေးနှုန်းနှိမ်ခြင်း၊ ဈေးကွက်သတင်းနှင့် နည်းပညာသတင်းအချက်အလက်နည်းပါးခြင်း၊ လယ်ယာစိုက်ပျိုးရေးချေးငွေ ရရှိမှုအခက်အခဲတို့ကို ကုန်စည်ဒိုင်များ တိုးချဲ့ဖွင့်လှစ်ခြင်းဖြင့် ဖြေရှင်းနိုင်ပါကြောင်း၊ ကုန်စည်ဒိုင်မှ တာဝန်ရှိသူများအနေဖြင့်လည်း တောင်သူများအကျိုးပြုသည့် ကုန်စည်ဒိုင်ဖြစ်ရန် လိုအပ်ပြီး နိုင်ငံတကာနှင့် ချိတ်ဆက်နိုင်သည့် ကုန်စည်ဒိုင်ဖြစ်ရန် လိုအပ်ပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့်လည်း ဒေသထွက်ကုန်စည်ပြပွဲများ၊ ဆွေးနွေးပွဲများနှင့် သင်တန်းများအား ပြည်နယ်အစိုးရအဖွဲ့နှင့် ချိတ်ဆက်၍ ကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ကုန်စည်ဒိုင်အတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက လှူဒါန်းသော ကွန်ပျူတာ တစ်စုံ၊ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)က လှူဒါန်းသော ကွန်ပျူတာတစ်စုံ၊ Myanmar Lighting Co., Ltd. က လှူဒါန်းသော ငွေကျပ် ၂၅ သိန်းနှင့် Star High Co., Ltd. က လှူဒါန်းသော ငွေကျပ် ၂၅ သိန်းတို့ကို ပေးအပ်ကြသည်။

ဆက်လက်ပြီး ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့သည် မော်လမြိုင်မြို့ တောင်လေးလုံးကျောင်းတိုက်သို့ သွားရောက်ပြီး သက်တမ်းနှစ်ပေါင်း ၁၅၀ ရှိ ကျောင်းဆောင်ကြီးအား လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အောင်ဘာလေ သိန်းဆုဖွင့်

ရန်ကုန် ဇွန် ၁

ပြည်တွင်းအခွန်များဦးစီးဌာန အောင်ဘာလေသိန်းဆုဌာနခွဲမှ (၃၀၅) ကြိမ်မြောက် အောင်ဘာလေသိန်းဆုဖွင့်ပွဲမှ ယနေ့ထွက်ပေါ်လာသော ဆုကြီးများမှာ အောက်ပါအတိုင်းဖြစ်သည်-

ကျပ်သိန်း (၁၅၀၀)ဆု

ဇ-၄၁၃၁၃၈

ကျပ်သိန်း(၁၀၀၀)ဆု

ဆ-၆၂၉၂၀၂

ကျပ်သိန်း(၅၀၀)ဆု

ည-၃၅၇၆၄၀

ကျပ်သိန်း (၃၀၀)ဆုများ

ဘ-၆၅၀၅၆၃

က-၇၆၃၂၆၆

က-၃၀၇၁၈၈

ကျပ်သိန်း (၂၀၀) ဆုများ

ခ-၁၇၆၄၅၆

ဍ-၅၀၄၂၅၀

ယ-၇၃၀၂၀၈

ဒ-၆၉၈၉၅၄၊ ည-၈၃၅၂၅၉

ကျပ်သိန်း (၁၀၀) ယူနစ် (မင်္ဂလာစုံတွဲစနစ်)ဆုမဲများ

ည- ၅၀၄၈၄၇

ဗ-၇၀၄၄၃၅

ဈ-၂၀၂၀၇၁

ထ-၈၃၉၃၆၂

ဆ-၉၇၅၀၆၇

န-၇၅၇၃၆၄

သ-၉၄၂၂၉၇

ဇ-၅၄၇၇၆၅

ည-၆၆၇၇၄၅

ဓ-၅၅၈၇၉၉

ယ-၈၄၄၈၂၃

ဓ-၃၀၅၃၉၇

ဒ-၆၅၁၂၃၂

ဆေးပညာသတင်းဆန်းများ (၆၄)

ဒေါက်တာကံညွန့်

ဒီအပတ်ဆေးပညာသတင်းဆန်းများ ဖော်ပြရာမှာ ပထမဦးဆုံး ခြေတုလက်တုနဲ့ တပ်ဆင်သွားလာနေရတဲ့ မသန်စွမ်းလူနာတွေအတွက် ဝမ်းသာစရာသတင်းတစ်ပုဒ်ကို တင်ပြချင်ပါတယ်။ လွန်ခဲ့တဲ့ ၁၀ နှစ်ကျော်က မီးလောင်ပေါက်ကွဲမှု တစ်ခုကြောင့် ဘယ်လက်တစ်ဖက်ကို ဖြတ်တောက်ခံထားရတဲ့ အင်္ဂလန်နိုင်ငံက လူနာတစ်ဦးဟာ သူ့လက်ဟာ ဘယ်တော့မှ ယခင်လို အာရုံခံနိုင်စွမ်းမရှိတော့ဘူးလို့ထင်ခဲ့တာပါ။ အခုတော့ သိပ္ပံပညာရှင်တွေ တီထွင်လိုက်တဲ့ Bionic Hand ကိုတပ်ဆင်လိုက်တဲ့အခါမှာတော့ လက်အစစ်လိုပဲ အာရုံခံနိုင်စွမ်းရှိခဲ့ပြီလို့ဆိုပါတယ်။ သူဟာ မယုံနိုင်လို့ သူ့မျက်စိကို ပိတ်ခိုင်းပြီး စမ်းကြည့်တဲ့အခါမှာလည်း သူကိုင်ထားတဲ့ပစ္စည်းဟာ ဘာလဲဆိုတာ ပြောပြနိုင်ပြီလို့ဆိုပါတယ်။ တစ်သက်လုံးမျှော်လင့်မထားခဲ့တဲ့ အာရုံခံနိုင်စွမ်းအခြေအနေကို ပြန်ရနိုင်ပြီလို့ဆိုပါတယ်။ ဒါကို တီထွင်နိုင်ခဲ့တာဟာ အီတလီ၊ ဆွစ်ဇာလန်၊ ဂျာမနီ၊ ဗြိတိန်နှင့် ဒိန်းမတ်နိုင်ငံက သိပ္ပံပညာရှင်ပါဝင်တဲ့ သုတေသီအဖွဲ့တစ်ဖွဲ့က ဖြစ်ပါတယ်။ ဒီအကြောင်းကို Science Translational Medicine ဂျာနယ်မှာ ဖော်ပြထားတာပါ။ အခုတွေ့ရှိမှုဟာ ခြေပြတ်လက်ပြတ်လူနာတွေအတွက် သာမန်လူတွေလို လုပ်ကိုင်နိုင်စွမ်းရှိလာဖို့ မျှော်လင့်စရာ သတင်းအဖြစ် တင်ပြလိုက်ရပါတယ်။

ဆေးတွေကို ကုမ္ပဏီကြီးတွေဟာ အပြိုင်အဆိုင် ထုတ်လုပ်နေကြတာပါ။ တချို့ကုမ္ပဏီကြီးရဲ့ ဆေးတချို့က တချို့ရောဂါတွေမှာ အစွမ်းထက်နေသလို တချို့ကုမ္ပဏီရဲ့ဆေးတွေကလည်း တချို့ရောဂါတွေမှာ အစွမ်းထက်နေကြတာပါ။ ဒီကုမ္ပဏီကြီးတွေ စုစည်းပြီး ကုရခက်တဲ့ ရောဂါတွေကို ကုသနိုင်တဲ့ဆေးဝါးတွေကို ထုတ်လုပ်နိုင်ရင် လူသားအားလုံးအတွက် ပိုအကျိုးရှိနိုင်တယ်ဆိုတဲ့ ခံယူချက်နှင့် အမေရိကန်နိုင်ငံ အမျိုးသားကျန်းမာရေးသိပ္ပံ (US National Institute of Health-NIH) အဖွဲ့က အမေရိကန်နိုင်ငံ အခြေစိုက်ဆေးကုမ္ပဏီ ၁၀ ခုကို စုစည်းပြီး ဆေးဝါးဖော်စပ်မှုမှာ ပူးပေါင်းဆောင်ရွက်ကြဖို့ အကြံပြုလိုက်ပါပြီ။ ဒီပူးပေါင်းဆောင်ရွက်ကြမယ့် ကုမ္ပဏီကြီးတွေကတော့ နာမည်ကြီးအထင်ကရ ဆေးကုမ္ပဏီကြီးတွေဖြစ်တဲ့ Bristol, Squibb,Johnson and Johnson, Glaxo Smith Kline,Takeda နှင့် Sanofi စတဲ့ ကုမ္ပဏီတို့ ဖြစ်ကြပါတယ်။ ဒီဆေးကုမ္ပဏီတွေဟာ ယခုအချိန်ထိ တစ်ခုနှင့်တစ်ခု အပြိုင်အဆိုင်ဆေးထုတ်ခဲ့ကြတဲ့ ကုမ္ပဏီတွေပါ။ အခုတော့ NIH ရဲ့ ကြိုးပမ်းချက်ကြောင့် လူသားအားလုံးအကျိုးဖြစ်မယ့် ဆေးဝါးတွေထုတ်လုပ်ဖို့ သဘောတူလိုက်ကြတာပါ။

ဒီကုမ္ပဏီကြီးတွေက ပထမဦးဆုံးဦးစားပေးထုတ်လုပ်ရမယ့် ရောဂါတွေရဲ့ စာရင်းကိုလည်း သတ်မှတ်ထားပါတယ်။ ဒီရောဂါတွေကတော့ (၁) သက်ကြီးအမေ့လွန်ရောဂါ Alzheimer's Disease၊ (၂)အမှတ်(၂)ဆီးချိုရောဂါ၊ (၃) ကိုယ့်ကိုယ်ခံအားက ကိုယ့်ကိုရောဂါပြန်ဖြစ်စေတဲ့ရောဂါ၊ (၄)မျိုးရိုးကြောင့်ဖြစ်တဲ့ အဆစ်အမြစ်ရောင်ရောဂါ (Rheumatoid Arthritis) နှင့် (၅)တစ်ကိုယ်လုံးအရေပြားရောင်ရမ်းရောဂါ (Systemic Lupus Erythematosis) ရောဂါတို့ပဲဖြစ်ပါတယ်။ ဒီလိုဆေးဝါးပူးပေါင်းထုတ်လုပ်မယ့်အဖွဲ့ကို Accelerating Medicines Partnership (AMP) လို့ ခေါ်ပါတယ်။ ဒီအဖွဲ့ကြီးအတွက် USD သန်း ၂၃၀ စတင်သုံးစွဲသွားမှာ ဖြစ်ပါတယ်။ ဒီလုပ်ငန်းအောင်မြင်ခဲ့ရင် နောက်တစ်ဆင့်ထုတ်လုပ်မှုကို တိုးလုပ်မယ့်အကြောင်း ယင်း NIH အဖွဲ့ ညွှန်ကြားရေးမှူး Dr.Francis Collin ရဲ့ ပြောကြားချက်ကို ဝမ်းသာစရာ သတင်းအဖြစ် တင်ပြလိုက်ရပါတယ်။

ကလေးတွေ တီဗွီ၊ ဗီဒီယိုဂိမ်းတွေ ဆော့ကစားတာဟာ နိုင်ငံတိုင်းလိုလိုမှာရှိနေပါပြီ။ ဒီကလေးတွေ အဲဒီလိုဆော့ကစားတာကို အခွင့်ကောင်းယူပြီး သက်ကြီးရွယ်အိုတွေဖြစ်တတ်တဲ့ လေဖြတ်ရောဂါကို ကာကွယ်ဖို့ ရည်ရွယ်ထုတ်လုပ်လိုက်တဲ့ ဗီဒီယိုဂိမ်းအခွေတစ်ခုကို ဆရာဝန်တစ်စုက တီထွင်လိုက်ကြပါတယ်။ ဒီအခွေကိုတော့ Shoot Down Stroke with Video Game လို့ အမည်ပေးထားပြီး ဒီအခွေကို အမေရိကန်နိုင်ငံ Columbia ဆေးတက္ကသိုလ်က ဦးနှောက်နှင့် အာရုံကြောဆရာဝန်ကြီး Hip Hop Doctor William ဦးဆောင်တဲ့အဖွဲ့နှင့် အဆိုတော် Rap Stars Doug Fresh အဖွဲ့တို့က ပူးပေါင်းပြီး ဖန်တီးခဲ့တာဖြစ်ပါတယ်။ သူတို့ဟာ အသက်(၉)နှစ်၊ (၁၀)နှစ်အရွယ်တွေအတွက် ဦးတည်ထားပြီး ဒီကလေးတွေက သူတို့ရဲ့ အဘိုးအဘွားလေဖြတ်နိုင်မယ့် လက္ခဏာ၊ လေဖြတ်လာရင် ချက်ချင်းဘာလုပ်ပေးရမယ်ဆိုတာတွေကို ဗီဒီယိုဂိမ်းမှာ ပညာပေးထားတယ်လို့ ဆိုပါတယ်။ အမေရိကန်နိုင်ငံဟာ တစ်နှစ်မှာ လူရှစ်သိန်းခန့် လေဖြတ်ရောဂါခံစားနေရပြီး လေးမိနစ်မှာ အမေရိကန်နိုင်ငံသားတစ်ဦးလေဖြတ်ရောဂါနှင့် အသက်ဆုံးရှုံးနေရတယ်ဆိုတာ တင်ပြလိုက်ရပါတယ်။

အသက်ကြီးလာတဲ့အခါဖြစ်တတ်တဲ့ သတိမေ့လျော့မှု၊ မှတ်ဉာဏ်ချို့ယွင်းလာမှုတို့ကို Vit E က ကာကွယ်နိုင်တယ်ဆိုတဲ့ ဖင်လန်နှင့် ဆွီဒင်နိုင်ငံတွေက ဆေးပညာရှင်တွေရဲ့ လေ့လာထားချက်တစ်ခုကိုလည်း တင်ပြချင်ပါတယ်။ သူတို့ အဆိုအရ ယခင်ပြုလုပ်ထားခဲ့တဲ့ လေ့လာချက်တွေထဲ Vitamin E အမျိုးအစားရှစ်မျိုးထဲက တစ်မျိုးဖြစ်တဲ့ Alpha-tocopherol ကိုသာပစ်မှတ်ထားလေ့လာထားခဲ့ကြတာဖြစ်ပြီး ဒီအမျိုးအစားရဲ့ မှတ်ဉာဏ်ထိန်းသိမ်းနိုင်မှုကိုသာ ထောက်ပြခဲ့ကြတာဖြစ်တယ်လို့ဆိုပါတယ်။ သူတို့လေ့လာချက်မှာတော့ အသီးအနှံတွေကရရှိတဲ့ Fat Soluble Vitamin E အမျိုးအစားရှစ်မျိုးအားလုံးဟာ အသက်ကြီးလာရင် မှတ်ဉာဏ်ချို့ယွင်းမှု (Age-Related Memory Disorder) ကိုကာကွယ်နိုင်တာကို သိသိသာသာတွေ့ရှိရတယ်လို့ဆိုပါတယ်။ ယခုဈေးကွက်ထဲမှာရောက်နေတဲ့ Vitamin E ဆေးပြားတွေဟာ အများအားဖြင့် Alpha-tocopherol တစ်မျိုးတည်းသာပါတဲ့ ဆေးတွေဖြစ်တယ်။ ဒါကြောင့် လူတွေဟာ ဗီတာမင် E အမျိုးမျိုးပါတဲ့၊ အသီးအနှံကရတဲ့ ဆီ၊ စိမ်းလန်းတဲ့ ဟင်းသီးဟင်းရွက်၊ ပဲ၊ ပြောင်း၊ ဂျုံတို့ကို များများစားသုံးဖို့လိုကြောင်း အကြံပြုထားတာကို တင်ပြလိုက်ရပါတယ်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက အရှေ့တောင်အာရှဒေသကို ပိုလီယိုရောဂါကင်းစင်တဲ့ဒေသလို့ သတ်မှတ်လိုက်ပါပြီ။ ဒီဒေသမှာ သုံးနှစ်အတွင်း ပိုလီယိုရောဂါဖြစ်ပွားသူ လုံးဝမရှိတော့တာကြောင့် ဖြစ်ပါတယ်။ အမေရိကန်နိုင်ငံက နိုင်ငံတကာဖွံ့ဖြိုးရေးအတွက် အကူအညီပေးနေတဲ့ USAID အဖွဲ့ကြီးဟာ Bill Gate ဖောင်ဒေးရှင်းလို ကျန်းမာရေးအတွက်အကူအညီပေးနေတဲ့ တခြားဖောင်ဒေးရှင်းတွေနှင့်အတူ ပူးပေါင်းပြီး ၁၉၈၈ ခုနှစ်က စတင်ကာ အသက်ငါးနှစ်အောက်ကလေးတိုင်းကို ပိုလီယိုရောဂါကာကွယ်ဆေး တိုက်ကျွေးခြင်းလုပ်ငန်းကို အားသွန်ခွန်စိုက်လုပ်ခဲ့ကြတာပါ။

ပိုလီယိုရောဂါဟာ လွန်ခဲ့တဲ့ ရာစုနှစ်တစ်ဝက်လောက်ကပဲ လူတွေကို ဒုက္ခပေးနေတဲ့ရောဂါပါ။ ဒီရောဂါဟာ ပီကိုနာဗိုင်းရပ်ပိုးကြောင့်ဖြစ်ရပြီး အစာအိမ်လမ်းကြောင်းက တစ်ဆင့် ကူးစက်တာပါ။ မသန့်ရှင်းသော ရေ၊ မသန့်ရှင်းသော အစားအစာတွေကြောင့် ဖြစ်ရတာပါ။ ရောဂါပျိုးချိန် ငါးရက်က ခုနစ်ရက်ခန့် ကြာမြင့်တတ်ပြီး ရောဂါစဖြစ်တာနဲ့ ၄၈ နာရီအတွင်း ခြေတွေလက်တွေချည့်နဲ့ပြီး အကြောသေသွားနိုင်အောင် ပြင်းထန်နိုင်တဲ့ရောဂါ ဖြစ်ပါတယ်။ ဒါပေမယ့် ရောဂါပိုးဝင်တဲ့လူတိုင်း ရောဂါမဖြစ်တတ်ဘဲ ၅၀ ရာခိုင်နှုန်းလောက်ပဲ အပြင်းဖျားခြင်း၊ ခေါင်းကိုက်မူးဝေခြင်း၊ ကိုယ်လက် နုံးချည့်ခြင်းတို့ဖြစ်တတ်ပြီး ၁၀ ရာခိုင်နှုန်းခန့်လောက်သာ အကြောသေရောဂါခံစားရတာ ဖြစ်ပါတယ်။ အဖြစ်များတတ်တဲ့အရွယ်ကတော့ အသက်သုံးနှစ်က ငါးနှစ်အရွယ် အတွင်း ဖြစ်ပါတယ်။ ဒီရောဂါကို ပျောက်ကင်းအောင်ကုနိုင်တဲ့ ဆေးမပေါ်သေးပါဘူး။ ကာကွယ်ဆေးနဲ့သာ ရောဂါမဖြစ်အောင် ထိန်းထားခဲ့ရတာပါ။ ယခုအခါ ပိုလီယိုရောဂါ မပျောက်သေးတဲ့နိုင်ငံတွေကတော့ နိုင်ဂျီးရီးယားနိုင်ငံ၊ ဆိုမာလီယား၊ ဇမ်ဘီယာနိုင်ငံစတဲ့ အာဖရိကနိုင်ငံတချို့နှင့် ပါကစ္စတန်နိုင်ငံ၊ အာဖဂန်နစ္စတန်နိုင်ငံတို့ပဲ ဖြစ်ပါတယ်။

အာရှက နိုင်ငံကြီးတစ်နိုင်ငံဖြစ်တဲ့ အိန္ဒိယနိုင်ငံဟာ တစ်ချိန်က ပိုလီယိုရောဂါအဖြစ်များဆုံး နိုင်ငံတစ်နိုင်ငံပါ။ ကမ္ဘာမှာ ဖြစ်ပေါ်တဲ့ ပိုလီယိုရောဂါရှင်အားလုံးရဲ့ ထက်ဝက်ခန့်ဟာ အိန္ဒိယမှာ ဖြစ်နေတာလို့ဆိုပါတယ်။ ဒီအခြေအနေကို လွန်ခဲ့တဲ့နှစ် ၃၀ ကပဲ အစိုးရဟာ ပြည်ပအကူအညီတွေနှင့်အတူ အားသွန်ခွန်စိုက် ကြိုးပမ်းတိုက်ဖျက်ခဲ့ရပါတယ်။ ကျန်းမာရေးဝန်ထမ်းပေါင်း ၂ ဒသမ ၃ သန်း ပါဝင်ခဲ့ပြီး USD သန်း ၂၀၀၀ ကျော် အသုံးပြုကာ နှစ် ၃၀ အတွင်း တိုက်ဖျက်ခဲ့တာမှာ ယခုအခါ အိန္ဒိယနိုင်ငံဟာလည်း ပိုလီယိုကင်းစင်တဲ့ နိုင်ငံတစ်ခုအဖြစ် သတ်မှတ်ခံလိုက်ရပါပြီ။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ဒီအောင်မြင်မှုတွေဟာ သက်ဆိုင်ရာတိုင်းပြည်အစိုးရတွေရဲ့ ယုံကြည်စွာ ပူးပေါင်းဆောင်ရွက်မှု၊ တိုင်းသူပြည်သားတွေရဲ့ အားသွန်ခွန်စိုက် ကြိုးပမ်းမှုတွေနဲ့ နိုင်ငံရေးတည်ငြိမ်မှုတွေကြောင့် ဖြစ်တယ်လို့ ထောက်ပြထားတာကို တင်ပြလိုက်ရပါတယ်။

အသက် (၃၂)နှစ်အရွယ် ကနေဒါနိုင်ငံသူ Robyn Benson ဟာ Victoria မြို့ British Columbia Hospital မှာ ဆေးကုသမှုခံယူဖို့ တက်ရောက်နေရသူပါ။ သူဟာ ရေချိုးခန်းမှာလဲကျပြီး ဦးနှောက်ထဲမှာ သွေးယိုစီးမှုဒဏ်ရာ ရခဲ့တာကြောင့် သတိမေ့နေသူဖြစ်ပါတယ်။ သူဆေးရုံတက်ရတဲ့အချိန်မှာ သူဗိုက်ထဲမှာ (၂၂)ပတ်သားအရွယ်ကိုယ်ဝန်ရှိနေပါတယ်။ သူ့ခင်ပွန်း Dylan Benson က ဦးနှောက်အလုပ်မလုပ်နိုင်တော့တဲ့ သူ့ဇနီးကိုဆေးရုံမှာပဲ အသက်ရှင်အောင်ထားဖို့ ပန်ကြားခဲ့ပါတယ်။ သူ့ဇနီးဟာ ကိုယ်ဝန် (၃၄)ပတ်ထိထားနိုင်ရင် ကလေးအခြေအနေဟာ အလွန်ကောင်းမွန်မှာဖြစ်ပါတယ်။ ဆေးရုံရဲ့ ဆရာဝန်တွေက ခုနစ်ပတ်လောက်တော့ အနည်းဆုံးထားနိုင်မယ်လို့ မျှော်လင့်ထားကြပါတယ်။ ယခုအခါမှာ ငါးပတ်ကြာသွားပြီဖြစ်လို့ ဒီကလေးရဲ့ရှေ့ရေးကို စောင့်ကြည့်ရမယ့်အခြေအနေရှိနေပါတယ်။ ဒီကလေးကိုတော့ ဗိုက်ခွဲမွေးရမှာဖြစ်ပြီး မွေးလာရင် Iver Cohen Benson လို့ အမည်ပေးထားပါတယ်။ မမွေးသေးတဲ့ လူ့အသက်တစ်ချောင်းကို ဆေးပညာစွမ်းနှင့် ဘယ်လိုကယ်တင်နိုင်မလဲဆိုတာ တင်ပြရင်း ယခုအပတ်ဆေးပညာသတင်းဆန်းများ တင်ပြခြင်းကို နိဂုံးချုပ်လိုက်ရပါတယ်။ ။

သူလို ဆရာမ

(တေးထပ်)

တို့ရပ်ရွာ ဆရာမ
စာသလို့မကုန်
ဝါသနာက အလွန်ထုံတယ်
စာပြပုံတကယ်ရှင်း
ကျူရှင်ဆိုသွားဖို့မလို
သူ့စာကိုနှလုံးသွင်း
သင်ပါလျက်နားမလယ်(လည်)
မေးနိုင်တယ်ချက်ချင်း
ပင်ကိုဉာဏ်ညံ့ဖျင်း၍
စာကျက်ရန်ပျင်းပါသော်
စိတ်ရှည်ရှည်အပြုံးလေးနှင့်
စည်းရုံးနှိုးဆော်
လူကောင်းနှင့်လူတော်
နောင်ရည်မျှော်ဆုံးမရ
စာရိတ္တပညာ
ကာယလည်းပါ
လမ်းညွှန်ပြပြည့်ရေးရာ
ဘက်စုံပညာထူးချွန်စေဖို့လေး။ ။

မောင်ကျေးရူး

ထီးလင်းတွင် ကျောင်းအပ်နှံလျက်ရှိ

ထီးလင်း ဇွန် ၁

ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းအပ်နှံရေး ပြည်သူအားလုံးပါဝင်ဆောင်ရွက်ပေး ဆောင်ပုဒ်နှင့်အညီ ဂန့်ဂေါခရိုင် ထီးလင်းမြို့နယ်တွင် မေ ၂၅ ရက်မှစတင်၍ ထီးလင်းအထက၊ ညောင်ကန်အထကနှင့် ရေမျက်နီအထကတို့ အပါအဝင် တွဲဖက်အထက ငါးခု၊ အထက(ခွဲ) သုံးခု၊ တွဲဖက်အလကနှစ်ခု၊ မူလွန် ၁၀ ခု၊ အမက ၇၂ ခု တို့၌ ကျောင်းအပ်လက်ခံလျက်ရှိကြောင်း သိရသည်။

(၄၆၅)

ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ဝန်ထမ်းများအားတွေ့ဆုံ

နေပြည်တော် ဇွန် ၁

မြန်မာနိုင်ငံအတွင်းသို့ ပြည်တွင်း ပြည်ပ ခရီးသွားများ အဆင်ပြေ လွယ်ကူစွာ ဝင်ထွက်သွားလာနိုင်ရေး အတွက် ဆိုက်ရောက်ဗီဇာ (on Arrival Visa)ခွင့်ပြုထုတ်ပေးလျက်ရှိပြီး မကြာမီ e-Visa စနစ်ဖြစ်ပေါ်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် မြန်မာနိုင်ငံတွင် နိုင်ငံခြားသားအမြဲနေထိုင်ခွင့် (PR)စနစ်ကိုလည်း ဖော်ဆောင်လျက်ရှိပြီး မြန်မာနိုင်ငံသားဟောင်းများ ပြန်လည်လက်ခံရေးလုပ်ငန်းကိုလည်း လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်လျက် ရှိပါကြောင်း၊ နယ်စပ်ဂိတ်လေးခုကိုလည်း နိုင်ငံတကာဝင်ထွက်ဂိတ်များအဖြစ် တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့သည့်အတွက် နိုင်ငံခြားသားခရီးသွားများ လွယ်ကူချောမွေ့စွာ ဝင်ထွက်သွားလာနိုင်ပြီဖြစ်ပါကြောင်းဖြင့် မေ ၃၁ ရက် နံနက် ၁၀ နာရီခွဲက မန္တလေးမြို့ရှိ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ် ဧည့်ခန်းမတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက မန္တလေးတိုင်းဒေသကြီးအတွင်းရှိ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် ဦးစီးဌာနမှူးများနှင့် လေဆိပ်တာဝန်ကျဝန်ထမ်းများအား တွေ့ဆုံ အမှာစကားပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် လေဆိပ်အတွင်းရှိ ဆိုက်ရောက်ဗီဇာ (on Arrival Visa) ထုတ်ပေးရေးရုံးခန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးကာ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ဝန်ထမ်းများအား မေးမြန်းဆွေးနွေးသည်။

ဆက်လက်၍ လေဆိပ်ပြည်ပ ဆိုက်ရောက်နေရာ၌ နိုင်ငံခြားသားခရီးသွားများအား လေဆိပ်တာဝန်ကျဝန်ထမ်းများက လူဝင်မှုကြီးကြပ်ရေးဆိုင်ရာလုပ်ငန်းများ စစ်ဆေးဆောင်ရွက်နေမှုကိုလည်းကောင်း၊ လေဆိပ်တာဝန်ကျ ဝန်ထမ်းများနေထိုင်ရာ ဝန်ထမ်းအိမ်ရာသို့ လည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်) ■

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် အီတလီနိုင်ငံ နှစ်ပတ်လည်နေ့ သဝဏ်လွှာပေးပို့

နေပြည်တော် ဇွန် ၂

၂၀၁၄ ခုနှစ် ဇွန်လ ၂ ရက်နေ့တွင် ကျရောက်သော အီတလီသမ္မတနိုင်ငံ တည်ထောင်သည့် နှစ်ပတ်လည်နေ့၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ အီတလီသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စဖယ်ဒရီကာ မော့ဂ်ဟယ်ရီနီ ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

လယ်မြေဧက ၅၀ ကျော်ကို အကျိုးပြုမည့် ကြီးဘွင့်ချောင်းရေထိန်းရေမြှင့်အဆောက်အအုံ တည်ဆောက်လျက်ရှိ

တောင်တွင်းကြီး ဇွန် ၁

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ဝါးခြမ်းကာကျေးရွာအနီး ကြီးဘွင့်ချောင်းပေါ်၌ ရေထိန်းရေမြှင့်အဆောက်အအုံ ရေထိန်းတံခါးငါးပေ ခြောက်လက်မ သုံးပေါက်တည်ဆောက်ပေးခြင်းကို မြို့နယ်ဆည်မြောင်းဦးစီးဌာနမှ စက်ယန္တရားကြီးများဖြင့် မေလပထမပတ်မှစတင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ အဆိုပါကြီးဘွင့်ချောင်းရေထိန်းရေမြှင့် အဆောက်အအုံ တည်ဆောက်ခြင်းလုပ်ငန်းခွင်သို့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်ဇော်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းဝင်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကြည်သိန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအာကာစိုးနှင့် တိုင်းဒေသကြီး/ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်ဆည်မြောင်းဦးစီးအရာရှိ ဦးသိန်းအောင်တို့က မေ ၃၁ ရက် ညနေ ၃ နာရီခွဲက လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကွင်းဆင်းကြည့်ရှု စစ်ဆေးကာ ဒေသခံတောင်သူများ၏ လိုအပ်ချက်များကို ကူညီဖြည့်ဆည်းပေးခဲ့သည်။

ယခုဆောင်ရွက်လျက်ရှိသည့် ရေထိန်းတံခါးတည်ဆောက်ပြီးစီးသွားပါက ဝါးခြမ်းကာအုပ်စုမှ ဒေသခံတောင်သူများ၏ လယ်မြေဧက ၅၀ ကျော်ကို စပါးများအောင်အောင်မြင်မြင် စိုက်ပျိုးနိုင်မည် ဖြစ်သည့်အပြင် ဒေသခံပြည်သူများ မွေးမြူထားသည့် ကျွဲ၊ နွားတိရစ္ဆာန်များသောက်သုံးရေ ဖူလုံစွာ ရရှိတော့မည်ဖြစ်ကြောင်းနှင့် ဒေသစိမ်းလန်းစိုပြည်ရေးကို များစွာ အထောက်အကူပြုမည်ဖြစ်ကြောင်း သိရသည်။

(၅၈၀)

အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး)၌ အားကစားနည်း ၂၅ မျိုး သင်ကြားပေးမည်

နေပြည်တော် ဇွန် ၁

အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသောင်းထိုက်သည် မေ ၃၀ ရက်တွင် အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး)သို့သွားရောက်၍ ၂၀၁၄-၂၀၁၅ ပညာသင်နှစ် တက်ရောက်မည့် သင်တန်းသား သင်တန်းသူများအား တွေ့ဆုံ၍ လေ့ကျင့်ရေးအားကစားကွင်း/ရုံများ၊ အိပ်ဆောင်များ၊ စာသင်ဆောင်များနှင့် စားရိပ်သာများကို လှည့်လည်စစ်ဆေးသည်။

၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် အားကစားနည်း ၂၅ မျိုးကို သင်တန်းသား ၅၈၅ ဦးဖြင့် ဇွန် ၂ ရက်မှ စတင်၍ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၂-၆-၂၀၁၄ (တနင်္လာနေ့)

၆း၀၀ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ပရိတ်တရားတော်
၆း၃၀ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
၇း၄၀ "တူတူညီညီသွားကြမည် ဒို့ကျောင်းတော်ကြီးဆီ"
၈း၃၀ ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
၈း၄၅ "အသစ်တစ်ဖန်ပြန်လည်ရှင်သန်လာသည့် ပဲခူး-စစ်တောင်းတူးမြောင်း"
၉း၃၀ ကာတွန်းအစီအစဉ် "လီယိုကိုလျှို့ဝှက်သင်္ကေတ"
၁၀း၁၅ "၂၀၁၄ ကမ္ဘာ့ဖလားမိတ်ဆက် (စပိန်)"
၁၀း၂၅ "အနုပညာသတင်းအစီအစဉ်"
၁၀း၅၅ ကဗျာပန်းဥယျာဉ်
၁၁း၀၅ "တေးဂီတအစီအစဉ်"
၁၁း၂၀ ရင်ခုန်လက်ကမ်းတေးသစ်လမ်း
၁၂း၂၅ ဆေးရောင်စုံရုပ်ရှင် "လောကကြီးမှာအင်အားအရှိဆုံးအရာ" (ရန်အောင်၊ မို့မို့မြင့်အောင်) (ဒါရိုက်တာ-ကြီးမြင့်)
၂း၄၀ ရောင်စုံရေးသီတေးပန်းချီ
၄း၃၅ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ -တတိယနှစ် (သတ္တဗေဒအထူးပြု) (သတ္တဗေဒ)
၆း၂၀ မြန်မာ့ဓလေ့ရိုးရာလက်ဝှေ့
၈း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၈း၅၀ ပြည်သူတို့ရဲ့စကားသံများ
၉း၃၀ ပြည်သူ့အတွက်ကြိုးပမ်းမှုပုံရိပ်များ -မှတ်မှတ်ထင်ထင်မြန်မာ့ရုပ်ရှင် (ဒါရိုက်တာ-ကြည်စိုးထွန်း၊ အေဝမ်းသိန်းထွန်း)

မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၂-၆-၂၀၁၄ (တနင်္လာနေ့)

၆း၀၃ တရားတော်
၆း၂၅ ဓမ္မပူဇာတေး
၇း၂၅ သင့်အတွက်တစ်နေ့တာ
၈း၁၀ ရှေးဟောင်းသုတ
၈း၃၅ ဟန်ချက်ညီညီနိုင်ငံတော်သစ်ဆီ
၉း၁၀ သူနှင့်သူ၏သီချင်းများ
၄း၀၅ တစ်ပတ်အတွင်းမွေးမြူရေးသတင်း
၄း၁၅ မျိုးချစ်တပ်မတော်
၄း၂၀ စိုက်ပျိုးသုတ
၄း၃၀ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၃၅ ဇာတ်လမ်းတို
၅း၀၅ သာယာသီကြွေးခေတ်ဆန်းတေး
၅း၁၅ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း မာရီမာ (အပိုင်း-၃၁)
၅း၂၂ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ကြွေလွှာထက်ကတော်ဝင်လက်ရာ(အပိုင်း-၃၄)
၆း၂၀ သံစဉ်လမ်းကလင်းလက်ကြယ်
၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -နွေပင်လယ်(အပိုင်း-၂၃)

ယာဉ်ထိန်းရဲတပ်ဖွဲ့၏ အီးမေးလ်နှင့် လူမှုကွန်ရက်စာမျက်နှာသို့ မည်သူမဆိုတိုင်ကြားနိုင်

ရန်ကုန် ဇွန် ၁

အဖြူရောင်ရဲ(White P)အမည်အား ရည်ညွှန်းဖွင့်ဆိုထားသော Whitep2014@gmail.com နှင့် "ယာဉ်စည်းကမ်းထိန်းသိမ်းရေး" အမည်ရ အင်တာနက်လူမှုကွန်ရက်စာမျက်နှာကို ဖွင့်လိုက်ပြီဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ အမှတ်(၂)ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲမှူးရုံး (ရန်ကုန်)မှ သိရသည်။

ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ အမှတ်(၂) ယာဉ်ထိန်းရဲ တပ်ဖွဲ့ခွဲမှူးရုံး(ရန်ကုန်)မှ ဒုတိယရဲမှူးကြီး လင်းထွဋ်က "ဝက်ဘ်ဆိုက်တစ်ခု တည်ထောင်လိုက်တဲ့သဘောပါ။ အဓိကကတော့ အများပြည်သူတွေသိစေချင်လို့လည်း ဖြစ်ပါတယ်။ တကယ်တမ်း ယာဉ်စည်းကမ်းချိုးဖောက်နေတာတွေကို လမ်းအသုံးပြုနေကြတဲ့ Road User တွေကလည်း တွေ့နိုင်ကြတယ်လေ။ ကျွန်တော်တို့ ယာဉ်ထိန်းရဲတွေရဲ့ မျက်စိနဲ့တင်ကြည့်ဖို့ မလုံလောက်လို့ပါ။ မီဒီယာတွေနဲ့ လမ်းအသုံးပြုနေကြတဲ့ အများပြည်သူတွေကလည်း ကိုယ်သွားနေကျတဲ့လမ်းတွေမှာ မြင်တွေ့နေကြရတဲ့ ယာဉ်စည်းကမ်း ချိုးဖောက်နေကြတာတွေကို လက်ထဲမှာ အသင့်ပါလာတဲ့ ကင်မရာနဲ့ရိုက်ပြီး ကျွန်တော်တို့ ယာဉ်ထိန်းရဲတပ်ဖွဲ့ရဲ့ အီးမေးလ်နဲ့ လူမှုကွန်ရက်စာမျက်နှာကို သတင်းပေးတိုင်ကြားနိုင်ပါတယ်။ ပြီးခဲ့တဲ့ ဖြစ်စဉ်တစ်ခုကဆို ယာဉ်တိုက်မှုဖြစ်တဲ့နေရာမှာ ယာဉ်ထိန်းရဲမရှိဘူးလေ။ အဲလိုနေရာတွေမှာ ပြည်သူကသာ သတင်းပေးတိုင်ကြားပေးနိုင်မယ်ဆိုရင် ကျွန်တော်တို့အရေးယူဆောင်ရွက်နိုင်ဖို့အတွက် လုပ်ငန်းကို ကူညီပေးလိုက်တဲ့ သဘောဖြစ်သွားတာပေါ့။ ဒါကြောင့် ဒီအီးမေးလ်အကောင့်နဲ့ အင်တာနက်လူမှုကွန်ရက်စာမျက်နှာကို ပြုလုပ်လိုက်တာပါ။ ဘယ်သူမဆို တာဝန်သိပြည်သူတွေအနေနဲ့ သတင်းပေးတိုင်ကြားနိုင်ကြပါတယ်" ဟု ပြောကြားခဲ့သည်။

"ယာဉ်စည်းကမ်းထိန်းသိမ်းရေး" အမည်သတ်မှတ်ထားသော လူမှုကွန်ရက်စာမျက်နှာအား ဝင်ရောက် LIKE ပြုလုပ်ပေးနိုင်ပြီး ယင်းစာမျက်နှာပေါ်သို့လည်း ယာဉ်စည်းကမ်းချိုးဖောက်နေသည့် မှတ်တမ်းဓာတ်ပုံ အထောက်အထားများကို ဝင်ရောက်တင်ပေးခြင်းအားဖြင့် ယာဉ်ထိန်းရဲတပ်ဖွဲ့မှ အဆိုပါမှတ်တမ်းအထောက်အထားဓာတ်ပုံများကိုကြည့်ကာ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ အမှတ်(၂) ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲမှူးရုံး (ရန်ကုန်)မှ တာဝန်ရှိသူများ၏ ပြောပြချက်အရ သိရသည်။

(၀၄၀)

A လိုင်စင် နည်းပြသင်တန်းဆင်း

ရန်ကုန် ဇွန် ၁

အာရှဘောလုံးအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းဖွင့်လှစ်သည့် Aလိုင်စင်နည်းပြသင်တန်းဆင်းပွဲကို ယနေ့ ညနေပိုင်းက MFF ရုံးတွင် ပြုလုပ်သည်။

အခမ်းအနားတွင် ရှေးဦးစွာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်က သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းနည်းပြ Mr.Jose Caslib (ဖိလစ်ပိုင်)က အမှာစကားပြောကြားသည်။ ဆက်လက်၍ ဥက္ကဋ္ဌ ဦးဇော်ဇော်၊ ဒုတိယဥက္ကဋ္ဌ ဦးတင်အောင်နှင့် သင်တန်းနည်းပြ Mr.Jose တို့က သင်တန်းဆင်းလက်မှတ်များပေးအပ်သည်။ ယင်းနောက် ဒုတိယဥက္ကဋ္ဌ ဦးတင်အောင်က သင်တန်းနည်းပြအား အမှတ်တရလက်ဆောင်ပေးအပ်သည်။ အဆိုပါ Aလိုင်စင်နည်းပြသင်တန်းကို မေ ၅ ရက်မှ ဇွန် ၁ ရက်အထိ ဖွင့်လှစ်ခဲ့ပြီး Bလိုင်စင်အောင်မြင်ပြီးသူ သင်တန်းသား သင်တန်းသူ ၂၄ ဦး တက်ရောက်ခဲ့သည်။ (ဝဲပုံ)

(ရှိုင်းထက်ဇော်)

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

အလုံ အထက (၇) ကျောင်းဆောင်သစ် ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်

ရန်ကုန် ဇွန် ၁

မြန်မာစီးပွားရေးကော်ပိုရေးရှင်းမှ လှူဒါန်းတည်ဆောက်ပေးခဲ့သည့် အမှတ် (၇) အခြေခံပညာအထက်တန်းကျောင်း (အလုံ)၏ သုံးထပ်ကျောင်းဆောင်သစ်ကျောင်း အဆင့်တိုးမြှင့်ခြင်းနှင့် ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်သည့် အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် အလုံမြို့နယ် ကမ်းနားလမ်းရှိ အဆိုပါကျောင်းဆောင်သစ်ရှေ့၌ ကျင်းပသည်။

ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်ပွဲသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်းနှင့် မြန်မာစီးပွားရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ စစ်ထောက်ချုပ် ဗိုလ်ချုပ်ညိုစော၊ မြန်မာစီးပွားရေးကော်ပိုရေးရှင်းနှင့် ပညာရေးဝန်ကြီးဌာနတို့မှ အရာရှိကြီးများ၊ နောင်တုံကုမ္ပဏီလီမိတက်နှင့် ဒေင်အုပ်စုကုမ္ပဏီလီမိတက်တို့မှ တာဝန်ရှိသူများ၊ ဧည့်သည်တော်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်း၊ မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးချုပ်သန့်ဆွေ(ငြိမ်း)၊ အမှတ်(၃) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းဇော်တို့က သုံးထပ်ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် မြန်မာစီးပွားရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ စစ်ထောက်ချုပ် ဗိုလ်ချုပ်ညိုစောတို့က သုံးထပ်ကျောင်းဆောင်သစ်ဆိုင်းဘုတ်နှင့် ကမ္ပည်းမော်ကွန်းတို့ကို စက်ခလုတ်နှိပ်ဖွင့်လှစ်၍ ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် ဧည့်သည်တော်များက ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည် ပက်ဖျန်းပေးကြသည်။

ဆက်လက်၍ တက်ရောက်လာသော ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များအား ကျောင်းသား ကျောင်းသူလေးများက ဘင်ခရာနှင့် ပန်းဖွားအကတို့ဖြင့် ခရီးဦးကြိုဆိုကြပြီး ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် စစ်ထောက်ချုပ် ဗိုလ်ချုပ်ညိုစောတို့က ကျောင်းဆောင်သစ်လွှဲပြောင်းပေးခြင်းဆိုင်ရာများကို ရှင်းလင်းပြောကြားကာ စစ်ထောက်ချုပ် ဗိုလ်ချုပ်ညိုစောက ကျောင်းဆောင်သစ်လှူဒါန်းခြင်းဆိုင်ရာ အထိမ်းအမှတ်အလံကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်းသို့ လွှဲပြောင်းပေးအပ်သည်။

အဆိုပါ သုံးထပ်ကျောင်းဆောင်ကို မြန်မာစီးပွားရေးကော်ပိုရေးရှင်းမှ ၂၀၁၃ ခုနှစ် မတ် ၁၃ ရက်တွင် စတင်ဆောက်လုပ်ခဲ့ပြီး ၂၀၁၄ ခုနှစ် ဧပြီ ၃၀ ရက်တွင် ရာနှုန်းပြည့်ပြီးစီးခဲ့ခြင်းဖြစ်ကာ ယနေ့တွင် ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ခဲ့ခြင်းဖြစ်သည်။ ယင်းကျောင်းဆောင်သစ်ကြီးတွင် ဘုရားခန်း၊ စုဝေးခန်း၊ ကျောင်းအုပ်ကြီးရုံးခန်း၊ ကျောင်းရုံးခန်း၊ ဆရာများ နားနေခန်း၊ စာကြည့်တိုက်၊ အိမ်တွင်းမှုပန်းချီ၊ လက်တွေ့ခန်းသုံးခန်း၊ ကွန်ပျူတာနှင့် Language Lab သုံးခန်း၊ ကျောင်းသား ၄၀ ဆံ့ စာသင်ခန်း ၂၇ ခန်းတို့ ပါဝင်ပြီး အထပ်တိုင်းတွင် ရေသန့်စနစ်၊ အဆင့်မြင့် မိလ္လာစနစ်၊ Car Parking၊ စက်ဘီး Stand၊ မုန့်ဆိုင်၊ ကစားကွင်းနှင့် ကျောင်းအုပ်ကြီးနေအိမ်များပါဝင်ပြီး ငွေကျပ် ၄၀၇၆၆၅၂၂၁၄ ကျပ် ကုန်ကျကြောင်းသိရသည်။ **(ကြေးမုံ)**

❖ ဖျာပုံမြို့မှ

ပုစွန်၊ သားငါးပေါများတာပါ။ ဒီနှစ်မှာ အောက်ရေတက်ပေမယ့် မိုးမရွာလို့ သားငါးအထွက်နှုန်း ကျဆင်းပြီး ဈေးကွက်မှာ သားငါးရှားပါးပြီး ဈေးနှုန်းကြီးနေရတာပါ။ သက်ဆိုင်ရာဝန်ကြီးဌာနက ရေလုပ်သားတွေနဲ့ တောင်သူတွေ ကြုံတွေ့နေရတဲ့ ရိုးချောင်းပြဿနာတွေကို ဖြေရှင်းရတဲ့အတွက် အင်းခွန်တွေကို ၄၀ ရာခိုင်နှုန်း လျှော့ချပေးလို့ ယခင်နှစ်က အဆင်ပြေပေမယ့် ယခုနှစ်မှာ ကြေးတိုင်လျှောက်ထားတဲ့သူတွေ အင်းခွန်တွေကို တစ်နှစ်တစ်ခါ ၁၀ ရာခိုင်နှုန်း ထပ်ဆောင်းပြီး ပို့ငွေပြန်သွင်းရတော့ အင်းခွန်တွေ တစ်နှစ်ထက်တစ်နှစ် ပိုမိုမြင့်မားလာပါတယ်။ ယခင်နှစ်က သတ်မှတ်ပေးထားတဲ့ အခြေအနေအရ တောင်သူတွေက ရိုးချောင်းတွေကို ဖွင့်မပေးတော့ပါဘူး။ ဒါ့အပြင် အင်းလုပ်ပိုင်ခွင့်ရရှိသူတွေ မိုးလေဝသ မမှန်ကန်တာကြောင့် ဒီနှစ်အရင်းရရင် ကံကောင်းတာပါပဲ။ အခြေအနေအရ အခြေခံရေလုပ်သား ရှားပါးတဲ့အတွက် ရေလုပ်သားငှားရမ်းရတဲ့ ဈေးနှုန်းတွေက အဆမတန်တက်လာတာနဲ့ ကြုံတွေ့ရပါတယ်။ ရေလုပ်ငန်းရှင်တွေက ကုန်ပစ္စည်းရှားပါးလို့ ဈေးနှုန်းတက်ရောင်းသော်လည်း စားသုံးသူပြည်သူတွေ ဝယ်စားနိုင်တဲ့ ဈေးနှုန်းထက်ကျော်ပြီး ဈေးမတက်နိုင်လို့ ဝင်ငွေပိုမရနိုင်ပါဘူး။ ပုစွန်၊ သားငါးတွေက ပြည်တွင်းစားသုံးနိုင်တဲ့ အဆင့်မှာရှိလို့ ဈေးကွက်ကျဉ်းမြောင်းပြီး အကျိုးအမြတ်နည်းပါးနေတာပါ” ဟု ရေလုပ်ငန်းရှင်တစ်ဦးက သားငါးရှားပါးမှု အခြေအနေကို ပြောသည်။

သက်ဆိုင်ရာ ဝန်ကြီးဌာနက ဆင်းရဲနွမ်းပါးမှု ပပျောက်ရေးမူဝါဒအရ အခြေခံလူတန်းစားများနှင့် ကျေးလက်နေပြည်သူများကို အင်းအိုင်၊ ချောင်း၊ မြောင်းများတွင် သတ်မှတ်ဇရိယာ၊ သတ်မှတ်စည်းမျဉ်းများနှင့် ရှာဖွေစားသောက်ခွင့်ပြုထားရာတွင် စည်းကမ်းမဲ့ ရှာဖွေသူများကြောင့် ငါးသယံဇာတများလျော့နည်းသွားနိုင်ကြောင်း သိရသည်။ ထိုကဲ့သို့ဖြစ်ရခြင်းမှာ အခြေခံလူတန်းစားကျေးလက်နေ ပြည်သူများက သက်ဆိုင်ရာ ဝန်ကြီးဌာနက သတ်မှတ်ထားသည့် စည်းမျဉ်းများကို လိုက်နာခြင်းမရှိဘဲ အလွန်အကျူး ရှာဖွေဖမ်းဆီးရာတွင် သတ်မှတ် သားငါးဖမ်းပစ္စည်းပုံစံ ကွာခြားခြင်း၊ သတ်မှတ်သားငါးဖမ်းနေရာ ကွာခြားခြင်းကြောင့် နောင်လာမည့် ကာလများတွင် ပုစွန်၊ သားငါးရှားပါးမှု ပြဿနာများ ပိုမိုကြုံတွေ့နိုင်ပြီး သတ်မှတ်ငါးဖမ်းကိရိယာ ၁၆ မျိုးဖြင့် ရှာဖွေဖမ်းဆီးခွင့်ပြုထားသော်လည်း ခွင့်ပြုအနေအထားကို ကျော်လွန်၍ ငါးဖမ်းကိရိယာများ ပြုပြင်ပြောင်းလဲ၍ ပုစွန်၊ သားငါးရှာဖွေဖမ်းဆီးသူများကြောင့် ပုစွန်၊ သားငါး ပိုမိုရှားပါးလာသည့်အပြင် စည်းကမ်းမဲ့ရှာဖွေဖမ်းဆီးသူများကို အရေးယူမှုအားနည်းခြင်းများနှင့် ရာသီဥတု မှန်ကန်မှုမရှိခြင်းများ ကြုံတွေ့နေရခြင်းသည် ပုစွန်၊ သားငါးရှားပါးရခြင်းအကြောင်း တစ်ရပ်ဖြစ်ကြောင်း ရေချိုလုပ်ငန်းရှင်များထံမှ သိရသည်။ **(ဌေး)**

✪ ယဉ်ကျေးမှုမှ

ကိုယ်တိုင်ဦးစီးကာ အရှည် ၆၉ ပေ၊ လုံးပတ် (ထိပ်ဝ) ၁၆ ပေရှိ တစ်ဖြောင့်တည်းသော စကားစပွာယ်အမျိုးအစားသစ်လုံးကြီးအား တနင်္သာရီမြို့မှ ၂၂ မိုင်ခန့်ဝေးသည့် တနင်္သာရီရိုးမ ဘန်ကြွတ်ချောင်းဖျားမှ တွေ့ရှိရာ ပြည်ဖြိုးထွန်းသစ်ထုတ်လုပ်ရေးကုမ္ပဏီ၏ ယန္တရားကြီးများ အကူအညီဖြင့် ခက်ခဲစွာ သယ်ယူဆွဲထုတ်ခဲ့ရကြောင်း၊ ယခုလက်ရှိတွင် ယင်းသစ်တုံးအား ချောင်းကြီးရပ်ကွက်တိုးချဲ့(၄)လမ်းရှိ သောင်ဖြူရေဆိပ်တွင် ထားရှိထားကြောင်း သိရသည်။

ထိုသစ်လုံးကြီးအား ဆရာတော်ကြီး၏ ဩဝါဒမိန့်ကြားချက်နှင့် အညီ ၁၃၇၆ ခုနှစ် နယုန်လဆန်း ၈ ရက် (ကြာသပတေးနေ့) နံနက်မင်္ဂလာအချိန်ခါတွင် လယ်သစ်ကျေးရွာမှ လက်သမားဆရာများနှင့် တနင်္သာရီမြို့မှ လက်သမားဆရာများက သီလဆောက်တည်ကာ စတင်ထွင်းထုမည်ဖြစ်ကြောင်း၊ ယခုထွင်းလုပ်မည့် နဂါးလှေတော်အား ဆရာတော်က “အောင်နန်းသာရီ”ဟု အမည်တပ်ပေးထားကြောင်း သိရသည်။

၎င်း အောင်နန်းသာရီ အမည်ရှိ နဂါးလှေတော်တွင် မင်္ဂလာဦးပေါက်တစ်ဦး၊ မင်္ဂလာလည်ရွဲ လေးဦး၊ ရိုးရာတီးဝိုင်း (နှဲ+ဗုံ+မောင်း+လင်းကွင်း) လေးဦး၊ လျှာတက်ကိုင် (ပဲ့နင်း) တစ်ဦး၊ ပဲ့နင်းအကူ ပဲ့မာန်စွယ် လေးဦးနှင့် လှေတော်သားများ စုစုပေါင်း ၄၂ ဦး ရိုးရာမပျက် လှော်ခတ်နိုင်မည်ဖြစ်ကြောင်း သိရသည်။ **နန်းသာရီ-ထိန်ဝင်း(မြန်/ဆက်)**

❒ ရိုးရာလက်ဝှေ့မှ

လေးချီအထူးပွဲများ ဆက်လက်ယှဉ်ပြိုင်ရာ ပုည(ရွှေဖူး)နှင့် ဇင်ကိုဖူး (ဝါဆို) တို့ပွဲတွင် နှစ်ဦးစလုံးက အလုံးအထည် ညီမျှသည်။ ပထမအချီ စစချင်းပင် ဇင်ကိုဖူး(ဝါဆို)အဝင်ကြမ်း၍ ပုည(ရွှေဖူး) ပထမအချီ၌ လဲကျပြီး အနားတောင်းရသည်။ သို့သော် ဒုတိယအချီတွင် ပုည၏ ဒူးတိုက်ချက် ဇင်ကိုဖူး၏ ရင်ညွန့်ကိုထိ၍ အမှတ်စဉ်ရေတွက်ခံရပြီး ဆက်လက်ယှဉ်ပြိုင်နိုင်စွမ်းမရှိ၍ ပုည(ရွှေဖူး) အနိုင်ရရှိသည်။ စောဖြိုးဝေ (အဖြူရောင်သွေးသစ်)နှင့် ဖိုက်ဖိုက် (T&T) တို့ပွဲတွင် ပထမအချီနှင့် ဒုတိယအချီတွင် နှစ်ဦးစလုံး ဒူး၊ လက်သီး၊ ခြေကန်ချက်များ တရစပ် သုံးတိုက်ခိုက်သည်။ တတိယအချီတွင် သူတစ်ပြန် ကိုယ်တစ်လှည့် ချုပ်သည်။ ကိုင်ပေါက်သည်။ အလုံးအထွေးများလာ၍ ဒိုင်က မကြာခဏ လူချင်းခွာနေရသည်။ တတိယအချီတွင် စောဖြိုးဝေ၏ ဒူးတိုက်ချက် ဖိုက်ဖိုက် မျက်နှာကိုထိ၍ နှုတ်ခမ်းမှ သွေးကျလာသည်။ လေးချီပြည့် ယှဉ်ပြိုင်သော်လည်း အရှုံး၊ အနိုင် မပေါ်ဘဲ ပူးတွဲသရေဖြစ်သွားသည်။

ပရိသတ် အထူးစိတ်ဝင်စားအားပေးလေ့ရှိသော အထူးစိန်ခေါ်ပွဲစဉ်များကို ဆက်လက်ကျင်းပရာ ပထမပွဲစဉ်ဖြစ်သော ကညောဖိုး၊ ရွှေကုက္ကိုနှင့် ရှမ်းလေး (ဝါဆို)တို့ပွဲတွင် ပွဲချီပြည့်လက်ရည်တူ ယှဉ်ပြိုင်ပြီး ပူးတွဲသရေကျသွားသည်။ (၂၇)ကြိမ်မြောက် ဆီးဂိမ်းရွှေတံဆိပ်ဆုရှင် စောရွှေကျော်(ရွှေဖူး)နှင့် စောသဲမင်း (ပွင့်ဖြူဒိန်ချဉ်)တို့ပွဲတွင် ပထမအချီ စစချင်းပင် စောရွှေကျော်၏လက်သီးတစ်လုံး စောသဲမင်းမျက်နှာကိုထိ၍ မှွန်သွားသည်။ သို့သော် ဒုတိယနှင့် တတိယအချီတွင် စောသဲမင်း လက်ရည်တက်လာပြီး ခံစစ်မှ တန်ပြန်တိုက်စစ်ဆင် တိုက်ခိုက်လာသည်။ နှစ်ဦးစလုံး သွေးချင်းချင်းနီအောင် တိုက်ခိုက်ပြီးသော်လည်း လက်ရည်မကျဘဲ သက်လုံကောင်းကောင်းဖြင့် ယှဉ်ပြိုင်သွားပြီး ပူးတွဲသရေဖြစ်သွားသည်။ စောဒါးပို့(ခ) မိုက်ရိုင်း(ရွှေဖူး) နှင့် အားမာန်(T&T) တို့ပွဲတွင် ပထမအချီစစချင်းပင် စောဒါးပို့၏ အဝင်ကြမ်း အထွက်ကြမ်းလက်သီး ဒဏ်ကြောင့် အားမာန်(T&T) မျက်ခုံး ကွဲသွားသည်။ သို့သော် ဒုတိယအချီ ဆက်လက်ယှဉ်ပြိုင်ရာ တစ်မိနစ်နှင့် ရှစ်စက္ကန့်မှာပင် အားမာန်၏ မျက်ခုံး ကွဲဒဏ်ရာအပေါ် စောဒါးပို့လက်သီး ချက် ထပ်မံထိ၍ သွေးများယိုစီးကျလာပြီး ဆရာဝန်က ဆက်လက်ယှဉ်ပြိုင်ခွင့်မပေးသဖြင့် ဒုတိယအချီမှာပင် စောဒါးပို့(ခ)မိုက်ရိုင်း(ရွှေဖူး) အကွဲထိုး အနိုင်ရသွားသည်။

ဝမ်းစတား(ရွှေဖူး)နှင့် နေရူဘီ (T&T) တို့ပွဲစဉ်တွင် ပွဲချီပြည့် ယှဉ်ပြိုင်သော်လည်း အရှုံး၊ အနိုင် မပေါ်ဘဲ ပူးတွဲသရေ ဖြစ်သွားသည်။ MMA ရွှေခါးပတ်ချန်ပီယံ ဖိုးလပြည့် (ရွှေဖူး)နှင့် တနင်္သာရီတိုင်းဒေသကြီး လက်ရွေးစင်(စင်ကာပူပြန်) အောင်နိုင်ထူး (ရွှေကုက္ကို)တို့ပွဲ ပထမအချီတွင် နှစ်ဦးစလုံး အဝင်အထွက်ကြမ်းကြမ်းဖြင့် ယှဉ်ပြိုင်ထိုးသတ်နေသဖြင့် ပရိသတ်အားပေးသံ ညံလာသည်။ ဒုတိယအချီ စစချင်းပင် ဖိုးလပြည့်၏ ထောက်လက်သီးတစ်လုံးတည်းဖြင့် အောင်နိုင်ထူးနဖူးကွဲ၍ သွေးယိုစီးကျပြီး ဆရာဝန်က ထိုးသတ်ခွင့်မပြုသဖြင့် ဒုတိယအချီမှာပင် ဖိုးလပြည့် အကွဲထိုးအနိုင်ရသွားသည်။

ရွှေခါးပတ်ချန်ပီယံနှင့် ဒဂုံရွှေအောင်လံဆုရှင် ဖိုးသားကြီး (မန္တလေး)နှင့် (၂၇)ကြိမ်မြောက် ဆီးဂိမ်းရွှေဆုရှင်နှင့် ဒဂုံအောင်လံဆုရှင် ရဲရင့်အောင်(နဂါးမာန်)တို့ပွဲတွင် နောက်ဆုံးအချီပြည့်ယှဉ်ပြိုင်သော်လည်း ပူးတွဲသရေကျခဲ့သလို စိုးလင်းဦး(ရွှေဖူး)နှင့် တူးတူး (နဂါးမာန်)တို့ပွဲစဉ်တွင်လည်း အချီပြည့် ယှဉ်ပြိုင်သော်လည်း အရှုံး၊ အနိုင် မပေါ်ဘဲ ပူးတွဲသရေကျခဲ့သဖြင့် အထူးစိန်ခေါ်ပွဲများတွင် ပွဲချီပြတ်ကြည့်ချင်ကြသည့် လက်ဝှေ့ဝါသနာရှင် ပရိသတ်များ မချင့်မရဲ ဖြစ်ခဲ့ရသည်။

❍ ကျောဖုံးမှ

သံကူကွန်ကရစ်တံတားဖြင့် အစားထိုးဆောက်လုပ်ပေးခြင်းဖြစ်သည်။

အဆိုပါ ဆိပ်ကမ်းသာသံကူကွန်ကရစ်တံတား ဆောက်လုပ်ရန်အတွက် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးသာအေး၏ စီစဉ်ပေးမှုဖြင့် နိုင်ငံတော်၏ သီးသန့်ရန်ပုံငွေမှ ကျပ်သန်းပေါင်း ၁၈၃ ဒသမ ၅၁၀ သန်း အကုန်အကျခံကာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့ ၁၁ က သံကူကွန်ကရစ်တိုင်၊ သံပေါင်ရက်မ၊ သံကူကွန်ကရစ်ကြမ်းခင်းနှင့် တံတားအရှည် ပေ ၁၇၀ နှစ်လမ်းသွားဖြင့် ဆောက်လုပ်ခြင်းဖြစ်ပြီး ကလေးခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူး၏ အနီးကပ်ကြီးကြပ်မှုဖြင့် သတ်မှတ်ကာလအတွင်း ရာနှုန်းပြည့် ပြီးစီးပြီဖြစ်သည်။

ဆိပ်ကမ်းသာသံကူကွန်ကရစ်တံတား ဆောက်လုပ်မှုပြီးစီးခြင်းကြောင့် ပြည်သူများ၊ ကျောင်းသား ကျောင်းသူများနှင့် မိဘ၊ ဆရာများသည် စိတ်အေးချမ်းသာပြီး အလွန်ဝမ်းမြောက်ကြသည့်အပြင် ထောက်ပံ့ပေးသော နိုင်ငံတော်အစိုးရ၊ စီမံဆောင်ရွက်ပေးသော အကြီးအကဲများနှင့်ပြုပြင်ဆောင်ရွက်ပေးသော တာဝန်ရှိသူများအပေါ်တွင်လည်း ကလေးမြို့နေ ပြည်သူများက အထူးကျေးဇူးတင်လျက်ရှိကြကြောင်း သိရသည်။ **(ဂျိုးနက်)**

အစ္စရေးသံအမတ်ကြီးက မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်သို့သွားရောက်၍ စာအုပ်များလှူဒါန်း

ရန်ကုန် ဇွန် ၁

အစ္စရေးသံရုံး ရန်ကုန်၏ ပညာရေးစီမံချက်အရ သံအမတ်ကြီး ဟာဂေးမိုရှေဘီဟာသည် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်သို့ မေ ၂၂ ရက်နှင့် ၂၃ ရက်တို့တွင် သွားရောက်ခဲ့သည်။ ဤသို့ သွားရောက်စဉ်အတွင်း ပြည်နယ်ဝန်ကြီးချုပ်များအားတွေ့ခဲ့ပြီး ဝိညာဉ်ငှက် ဘာသာပြန်စာအုပ်များအား ပြည်သူ့စာကြည့်တိုက်များကို ဆက်လက်လှူဒါန်းခဲ့ကြောင်းသိရသည်။

မေ ၂၂ ရက်တွင် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်နှင့်တွေ့ဆုံ၍ သံရုံး၏ ပညာရေးစီမံချက်ကို ရှင်းလင်းပြသခဲ့သည်။ ထို့နောက် မော်လမြိုင်တက္ကသိုလ်သို့ သွားရောက်၍ မွန်ပြည်နယ်အတွင်းရှိ စာကြည့်တိုက်ပေါင်း ၃၀၀ ခန့်အတွက် စာအုပ်များလှူဒါန်းခဲ့သည်။ ဤစာအုပ်လှူဒါန်းပွဲသို့ ပါမောက္ခချုပ်၊ ပါမောက္ခများ၊ ဆရာ၊ ဆရာမများနှင့် စာကြည့်တိုက်များမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

မေ ၂၃ ရက်တွင် ကရင်ပြည်နယ်ဝန်ကြီးချုပ်ဦးဇော်မင်းအား တွေ့ဆုံခဲ့သည်။ ထို့နောက် ကရင်ပြည်နယ်ရှိ စာအုပ်လှူဒါန်းပွဲကို ဝါးဆူရွာ၌ ကျင်းပခဲ့ပြီး သံအမတ်ကြီးက ဒေသခံများအား သံရုံး၏ ပညာရေးစီမံချက်အား ရှင်းလင်းပြသခဲ့သည်။

ပြည်နယ်နှစ်ခုလုံးတွင်မြန်မာ၊ ကရင်နှင့် မွန်ဘာသာဖြင့်စာအုပ်ပေါင်း ၇၅၀ အထက် လှူဒါန်းပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ညောင်ဦးမြို့နယ် တောင်သူများ ကောက်ပဲသီးနှံစိုက်ပျိုးရန် မိုးကိုမျှော်လင့်

ညောင်ဦး ဇွန် ၁

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ်နှင့် ငါ့သရောက်မြို့နယ်အတွင်းရှိ ကျေးလက်နေတောင်သူများသည် မိုးကိုအားပြုလျက် သီးနှံစိုက်ပျိုးရန် မိုးကိုမျှော်လင့်နေကြသည်။ ယခုအချိန်တွင် အပူချိန်များမြင့်တက်နေသည်။ ယခုနှစ်တောင်သူများ သီးနှံစိုက်ပျိုးရန် မျိုးစေ့နှင့် မြေကြီးမထိတွေ့ရသေး၍ စိတ်ပူပင်နေကြသည်။ ကွက် ကျားမိုးနှင့် စိုက်ပျိုးထားသော တောင်သူများလည်း ရှိသည်။ စိုက်ပျိုးထားသော တောင်သူများသည်လည်း ယခုရက်ပိုင်းတွင် မိုးရွာရင်ရွာ၊ မိုးမရွာပါက စိုက်ပျိုးထားသောသီးနှံများ အပူရှိန်မြင့်မားပြီး သေကုန်မည်ကို စိုးရိမ်နေကြသည်။ “မိုးကို နှစ်စဉ်အမြဲလိုလို မျှော်ရတယ်၊ လူဘယ်လောက်လုပ်လုပ်မိုးရွာမှ ရတယ်၊ မနှစ်ကဆိုရင် ကဆုန်လပြည့်နေ့မှာ တောင်သူအားလုံး စိုက်ပြီးနေပြီ။ ဒီနှစ်ကုန်မှာ နယုန်လဆန်းနေပြီး တောင်သူတွေ သစ်စေ့နှင့် ပျိုးစေ့ မြေမကျတော့ တင်ထားတဲ့စားကျွေးတွေ တောင်သူတွေမှာ ထွန်ယက်ရင်း၊ မြေပြင်ရင်း ကျွေးယူစားထားတာတွေ ဘယ်လိုဆပ်ရမယ်၊ မိုးအလီမသင့်ရင် ယူစားထားတဲ့ကြွေးတွေ ဆပ်နိုင်ပါမလား၊ နိုင်ငံတော်ကလည်း စိုက်ပျိုးစရိတ် ထုတ်ပေးပေမယ့် အဆင်မပြေပါဘူး”ဟု ညောင်ဦးမြို့နယ် ရွာသာအေးကျေးရွာ တောင်သူတစ်ဦးထံမှ သိရသည်။

“အရင်နှစ်ကဆိုရင် ဒီချိန်မှာ သီးနှံတွေစိုက်ပျိုးပြီးနေပြီ၊ မိုးလည်းရွာနေပြီ။ ဒီနှစ်မှာ မိုးကတော့ အနံ့အပြားသိပ်မရွာသေးပါဘူး၊ သီးနှံစိုက်ပျိုးချိန်ကတော့ ကာလကျော်ကျော်နောက်ကျနေပြီ။ နယုန်လဆန်း ၄ ရက်ရောက်တာတောင် မိုးအနှံ့အပြားမရွာဘူးဆိုတော့ တောင်သူတွေဘာလုပ်လို့ လုပ်ရမှန်းတောင် မသိတော့ပါဘူးဗျာ”ဟု တောင်သူ ဦးသောင်ဌေးက ပြောကြားသည်။ ထို့ကြောင့် တောင်သူများသည် ထွန်ရေးပြင်ဆင်နေရင်း မိုးရွာရန် မျှော်လင့်နေကြသည်ဟု သိရသည်။

ကျော်ဌေး(ညောင်ဦး)

သဲကုန်းမြို့နယ်၌ အခွန်အကောက်ဥပဒေဆိုင်ရာ ရှင်းလင်း

သဲကုန်း ဇွန် ၁

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် သဲကုန်းမြို့နယ်ရှိ အခွန်ထမ်းပြည်သူများသို့ တည်ဆဲအခွန်ဆိုင်ရာဥပဒေများ ပြင်ဆင်ပြဋ္ဌာန်းချက်များနှင့် ၂၀၁၄ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေပါ ပြဋ္ဌာန်းချက်များ ရှင်းလင်းပွဲကို မေ ၃၀ ရက် နံနက် ၉ နာရီက သဲကုန်းမြို့နယ် ပြည်တွင်းအခွန်များဦးစီးဌာနရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှမိုးဦးက အဖွင့်အမှာစကားပြောကြားပြီး ပြင်ဆင်ပြဋ္ဌာန်းခဲ့သည့် ဥပဒေများနှင့်စပ်လျဉ်း၍ မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးမြင့်အေးက ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါ အခမ်းအနားသို့ ဌာနဆိုင်ရာအကြီးအကဲများနှင့် အခွန်ထမ်းစီးပွားရေးလုပ်ငန်းရှင် ၆၀ ခန့် တက်ရောက်ခဲ့ပြီး အခွန်ထမ်းပြည်သူများ သိလိုသည့်မေးမြန်းချက်များကို မြို့နယ်အခွန်ဦးစီးဌာနမှူးက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **(မြို့နယ်ပြန်/ဆက်)**

ရေကြောင်းနှင့်လေကြောင်းလူငယ်သင်တန်းသားများ ပြန်လည်ရောက်ရှိ

မြိတ် ဇွန် ၁

နိုင်ငံတော်အတွက်အားထားရမည့်လူငယ်မောင်မယ်များကို ရေကြောင်းနှင့်လေကြောင်းဆိုင်ရာအခြေခံ ဗဟုသုတများတိုးပွားလာစေရန် ရည်ရွယ်၍ဖွင့်လှစ်ခဲ့သော ရေကြောင်းနှင့် လေကြောင်းလူငယ်သင်တန်းများတွင် တက်ရောက်လျက်ရှိသည့် သင်တန်းသားများအား ဒေသန္တရ ဗဟုသုတရရှိစေရန် လေ့လာရေးခရီးစဉ်နှင့် ပြိုင်ပွဲများ ယှဉ်ပြိုင်ပြီး မိမိတို့၏နေရပ်သို့ ပြန်လာကြသော လူငယ်မောင်မယ်များသည် ဇွန် ၁ ရက် နံနက်ပိုင်းက မြိတ်လေဆိပ်သို့ တပ်မတော်လေယာဉ်ဖြင့် ပြန်လည်ရောက်ရှိလာကြသည်။**(အပေါ်ပုံ)**

အဆိုပါခရီးစဉ်တွင် ပြန်လည်ရောက်ရှိလာသော ရေကြောင်းလူငယ်အခြေခံသင်တန်းမြိတ်မြို့နှင့်ကျွန်းစုမြို့ သင်တန်းရှိ သင်တန်းသား ၆၀ နှင့်အုပ်ချုပ်သူနည်းပြများ၊ လေကြောင်းလူငယ်သင်တန်းမြိတ်မှ သင်တန်းသား ၂၅ ဦးနှင့် အုပ်ချုပ်သူနည်းပြများအား မြိတ်လေဆိပ်တွင် တနင်္သာရီရေတပ်စခန်းဌာနချုပ်မှူးနှင့် တာဝန်ရှိသူများ၊ မြိတ်လေတပ်စခန်းဌာနချုပ်မှ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့်လူငယ်မောင်မယ်များ၏ မိဘအုပ်ထိန်းသူများက လာရောက်ကြိုဆိုခဲ့ကြသည်။

ရေကြောင်းလူငယ်သင်တန်းသားများအနေဖြင့် နိုင်ငံတစ်ဝန်း၌ ဖွင့်လှစ်လျက်ရှိသော သင်တန်းများတွင် တက်ရောက်ခဲ့သည့် သင်တန်းသားများနှင့်ပြိုင်ပွဲများ ယှဉ်ပြိုင်ခဲ့ကြပြီး ရေကြောင်းနှင့် လေကြောင်းလူငယ်သင်တန်းသား သင်တန်းသူများအား လေ့လာရေးခရီးစဉ်များ ပို့ဆောင်ပေးခဲ့ရာ သင်တန်းသားတစ်ဦးက ဒေသန္တရဗဟုသုတများ၊ အတွေ့အကြုံအသစ်များစွာ ရရှိခဲ့ကြောင်း၊ ခရီးစဉ်အတွင်းများစွာပျော်ရွှင်ခဲ့ရကြောင်း ပြောပြသည်။

နောင်နှစ်နွေရာသီကျောင်းပိတ်ရက်များအတွင်းတွင်လည်း အချိန်ကိုတန်ဖိုးရှိစွာ အသုံးချနိုင်ရန်နှင့်အနာဂတ် နိုင်ငံတော်၏ အကျိုးစီးပွားဖြစ်သည့် ပင်လယ်ပြင်၏ အနာဂတ်ကို ထုဆစ်ပုံဖော်အားထားရမည့် မျိုးဆက်သစ်လူငယ်မောင်မယ်များကိုရေကြောင်းဆိုင်ရာ အခြေခံဗဟုသုတများတိုးပွားလာစေရန်နှင့် နိုင်ငံတော်အတွက် အားထားရမည့် လူငယ်မောင်မယ်များကို လေကြောင်းဆိုင်ရာအခြေခံဗဟုသုတများ တိုးပွားလာစေရန်အတွက် ရေကြောင်းနှင့်လေကြောင်းလူငယ်သင်တန်းများ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

ခိုင်ထူး(ခရိုင်ပြန်/ဆက်)

❋ မြန်မာ-ဘင်္ဂလားဒေ့ရှ်မှ

ပြောကြားခဲ့ပြီး သေဆုံးသူအလောင်းအား စိစစ်စေခဲ့ရာ အမှတ် (၃၁) ဘင်္ဂလားဒေ့ရှ်နယ်ခြားစောင့်တပ်မှ ၎င်းတို့တပ်ဖွဲ့ဝင်ဖြစ်သည်မှာ မှန်ကန်ကြောင်း၊ တပ်ကြပ်အဆင့်ရှိ မာဇမ်ဆိုသူဖြစ်ကြောင်း၊ ၎င်းမှာ နယ်မြေရှင်းလင်းဆောင်ရွက်စဉ် လူစုကွဲပျောက်ဆုံးသွားခဲ့သူ ဖြစ်ကြောင်း၊ နှစ်နိုင်ငံနယ်နိမိတ် နယ်စပ်ဒေသတွင် လိုက်နာလုပ်ဆောင်ရမည့် အချက်များအား ဆောင်ရွက်ခဲ့ခြင်းမရှိသဖြင့် မြန်မာနိုင်ငံ နယ်နိမိတ်အတွင်း ဝင်ရောက်သွားစဉ် လုံခြုံရေးအဖွဲ့များနှင့်ထိတွေ့ပြီး ယခုကဲ့သို့ ဖြစ်စဉ်ဖြစ်ပွားရခြင်းဖြစ်ကြောင်း၊ ယခုဖြစ်စဉ်နှင့် ပတ်သက်၍ ပြဿနာမရှိပါကြောင်း၊ ၎င်းတို့အနေဖြင့် ဘယ်လိုမှစိတ်ထဲမှာမထားကြောင်း၊ မြန်မာဘက်အနေဖြင့်လည်း စိတ်ထဲတွင်မည်သို့မျှမထားရန်နှင့် ယခုကဲ့သို့ အပြည့်အဝကူညီပေးသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ ၎င်းတို့ အထက်ဌာနမှလည်း ကျေးဇူးတင်နေပါကြောင်း၊ ၎င်းတို့ဘက်တွင် အခြားပြဿနာများရှိပါက ပြောကြားရန်နှင့် လိုအပ်ပါက ကူညီပေးမည်ဖြစ်ကြောင်းပြောကြားခဲ့သည်။

ထို့နောက် မိမိလုံခြုံရေးတပ်ဖွဲ့ တာဝန်ရှိသူများကလည်း ဖြစ်စဉ်နေရာအား လိုက်လံပြသခြင်း၊ ဖြစ်စဉ်ဖြစ်ပွားပုံအား ရှင်းလင်းပြောကြားခြင်း၊ နယ်စပ်လုံခြုံရေးဆောင်ရွက်ခြင်းနှင့် ပတ်သက်၍ စောင့်ထိန်းလိုက်နာရမည့် အချက်များအား အလေးထားဆောင်ရွက်ပေးစေလိုကြောင်းတို့အား ပြန်လည်ပြောကြားခဲ့ပြီး ရုပ်အလောင်းအား စနစ်တကျလက်မှတ်ရေးထိုးလွှဲပြောင်းပေးအပ်ခဲ့သည်။

ညနေ ၅ နာရီခွဲတွင်ဘင်္ဂလားဒေ့ရှ် နယ်ခြားစောင့်တပ်ဖွဲ့များသည် ရုပ်အလောင်းအား လက်ခံရယူပြီးနောက် ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွင်းသို့ ပြန်လည်ထွက်ခွာသွားခဲ့သည်။

အထက်ပါ နယ်စပ်ဒေသတွင် ဖြစ်ပွားခဲ့သည့်ဖြစ်စဉ်နှင့်ပတ်သက်၍ နှစ်နိုင်ငံအကြား ဆက်ဆံရေး၊ ယုံကြည်မှုနှင့် ချစ်ကြည်ရင်းနှီးမှုတို့အား ဆက်လက်ထိန်းသိမ်းဆောင်ရွက်နိုင်ရေး၊ နှစ်နိုင်ငံနယ်စပ်ဒေသတွင် RSO သောင်းကျန်းသူများ အခြေမခံနိုင်ရေး၊ မလိုလားအပ်သော နယ်စပ်ပြဿနာများမပေါ်ပေါက်စေရေးတို့အတွက် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်နိုင်ရန် နှစ်နိုင်ငံ အလံတင်အစည်းအဝေးကို မကြာမီရက်ပိုင်းအတွင်း ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

> **ပြင်ဆင်ဖတ်ရှုပါရန်**
>
> မေ ၃၀ ရက်ထုတ် ကြေးမုံသတင်းစာ၊ စာမျက်နှာ (၉)တွင် ပါရှိသည့် “ကဗျာလွတ်အက ဆင့်ပွားနည်းပြ” ဆောင်းပါးရေးသားသူ ကလောင်ရှင်အမည်နှင့် ပတ်သက်၍ ကလောင်အမည် “ချစ်ဆွေမြင့်” အစား “ချစ်ဆွေမြင့်နှင့်ဘငြိမ်းဝေ”ဟု ပြင်ဆင်ဖတ်ရှုပါရန်။
>
> **ချစ်ဆွေမြင့်**

ကြေးမုံ စာအုပ်စင်

အခြေခံကျကျ စွမ်းရည်မြင့်အင်တာနက်သုံးနည်းများ



သန်းထိုက် (ရွှေရိပ်)ရေးသားသော အခြေခံကျကျစွမ်းရည်မြင့် အင်တာနက်သုံးနည်းများစာအုပ်ထွက်ရှိလာသည်။ စာအုပ်တွင် Browser အသုံးများ၊ Font ဖြေရှင်းနည်းများ၊ Gtalk ဆိုင်ရာ အဆင့်မြင့်အသုံးများ၊ Download ဆွဲယူရန် အသုံးပြုပုံများ၊ ခွကျော်နည်းနှင့် Facebook ကို Account ဖွင့်နည်း၊ Windows နှင့် Cloud Storage များအသုံး၊ Mobile Phone မှ Print လှမ်းထုတ်ခြင်း၊ အင်တာနက်ပေါ်မှ အဆင့်မြင့်အသုံးများအကြောင်းကို ဖော်ပြထားသည်။ စာအုပ်ကို မဇ္ဈိမစာပေ အမှတ်(၂၃၇) ပထမထပ်(ဝဲ) (၃၉)လမ်းအပေါ် ဘလောက် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း- ၀၁၃၉၂၈၃၅၊ ၀၉ ၅၀၅၆၈၄၃ မှ တန်ဖိုးငွေကျပ် ၄၀၀၀ ဖြင့် ဖြန့်ချိထားသည်။

အင်္ဂလိပ်စကားပြောသင်ယူရအောင်

ဦးမြတ်သူ ဘာသာပြန်ဆိုသော အင်္ဂလိပ်စကား သင်ယူရအောင် စာအုပ် ထွက်ရှိလာသည်။ Learn to Speak English စာအုပ်ကို ဆီလျော်အောင် စကားပြောခန်းများကို ဘာသာပြန်ဆိုပေးထားသည်။ စုစုပေါင်း အခန်းပေါင်း ၃၀ ပါဝင်၍ မူရင်းစီဒီခွေပါထည့်သွင်းပေးထားသည်။ ခရီးသွားရာတွင် လေဆိပ်မှစ၍ ငွေလဲလှယ်ခြင်း၊ ဈေးဝယ်ထွက်ခြင်း၊ ဟိုတယ်တွင် တည်းခိုခြင်း အစရှိသော ခရီးသွားအင်္ဂလိပ်စကားပြော စာအုပ်ဖြစ်သည်။ စာအုပ်ကို မဇ္ဈိမစာပေ အမှတ်(၂၃၇) ပထမထပ်(ဝဲ) (၃၉)လမ်း အပေါ်ဘလောက် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း- ၀၁၃၉၂၈၃၅၊၀၉ - ၅၀၅၆၈၄၃ မှ တန်ဖိုးငွေကျပ် ၁၀၀၀ ဖြင့် ဖြန့်ချိထားသည်။

သိမှတ်စရာ ကျင့်ဝတ်အဖြာဖြာ

လင်းသက်ခိုင်ရေးသားသည့် ဤစာအုပ်တွင် မိဘဝတ်၊ သားသမီးဝတ်၊ တပည့်ဝတ်၊ ဆရာဝတ်၊ အလုပ်ရှင်ဝတ်၊ အလုပ်သမားဝတ်မှသည် နာယကကျင့်ဝတ်အထိ ဖော်ပြထားပြီး အဂတိတရား(၄)ပါး၊ ဥစ္စာပျက်ကြောင်း (၆)ပါး၊ မူးယစ်သေစာသောက်စားခြင်းအပြစ်(၆)ပါး စသဖြင့် ရှောင်ကြဉ်ရမည့်အပြစ်များကိုပါ ဖော်ပြထားသည်။ ထို့ပြင် ဆည်းကပ်ကိုးကွယ်ထိုက်သူ၏ ဂုဏ်(၇)ပါး၊ ဆရာမျိုး(၃)ပါး၊ ဆွမ်းဒါန အကျိုး(၅)ပါး၊ တံမြက်စည်းလှည်းခြင်းအကျိုး(၅)ပါး စသည်တို့အပါအဝင် ရောင်စုံရုပ်ပုံများစွာဖြင့် ဖော်ပြထားသည်။

စာအုပ်ကို စာပေလောက(၅)အမှတ် (၁၃၈/၁၄၀) ပထမထပ် ပန်းဆိုးတန်းလမ်းနှင့် မဟာဗန္ဓုလလမ်းထောင့် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း ၀၉-၇၃၁၂၅၀၆၇၊ ၀၉-၇၃၁၄၀၉၃၆ မှ တန်ဖိုး ငွေကျပ် ၁၃၀၀ ဖြင့် ဖြန့်ချိလိုက်သည်။

အနန္တနယ သမန္တပဋ္ဌာန်းတရားတော်



စိန်လင်း(ခွဲစိတ်နှင့် ကင်ဆာပါရဂူ)၏ “အနန္တနယ သမန္တပဋ္ဌာန်းတရားတော်”စာအုပ် တတိယအကြိမ်အဖြစ် ထပ်မံထွက်ရှိလာသည်။ အဘိဓမ္မာ ဒေသနာ၏ အကျယ်ပြန့်ဆုံး၊ အနက်နဲဆုံးနှင့် အသိမ်မွေ့ဆုံး ပဋ္ဌာန်းကျမ်းမှာ စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန် ဆိုသည့် ပရမတ်တရားလေးပါးကို အကြောင်း-ပစ္စည်းတရား၊ အကျိုး-ပစ္စုပ္ပန်တရားနှင့် အကြောင်းအကျိုး ဆက်သွယ်ကျေးဇူးပြုသည်ကို ပစ္စည်း ၂၄ မျိုးနှင့် ရှင်းပြထားသည်။စာဖတ်သူအားလုံးက နေ့စဉ် ပဋ္ဌာန်းရွတ်ဆိုပူဇော်ပြီး ဘဝမှာအောင်မြင်မှုများရရှိနိုင်ပါစေ၊ ဆက်လက်၍ ဉာဏ်စဉ်အဆင့်ဆင့်မြင့်တက်ကာ ဘဝ၏အနှစ်သာရဖြစ်သော သစ္စာဉာဏ်ကိုရရှိနိုင်ကြပါစေဟု စာရေးသူက ဆန္ဒပြုထားသည်။

စာအုပ်ကို ဦးစိုးတင့် ရွှေပြည်သာစာပေ အမှတ်(၆/၁၀)ရပ်ကွက် ချင်းတွင်းလမ်း ရွှေပြည်သာ ရန်ကုန်တိုင်းဒေသကြီးက ထုတ်ဝေပြီး လင်းစာပေ ဖုန်း ၀၉-၄၄၈၀၃၄၂၀၃၊ ၀၉-၅၀၁၀၉၀၄ က တန်ဖိုးငွေကျပ်၂၀၀၀ ဖြင့် ဖြန့်ချိသည်။

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရာရောက်သည့် မီးဖိုများ အခမဲ့ပေးအပ်

ကျေးရွာတောင်သူများအတွက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရာရောက်သည့်အပြင် ချက်ပြုတ်ရာတွင် ကုန်ကျစရိတ်သက်သာစေသည့် မီးဖိုများ အခမဲ့ပေးအပ်ခြင်းနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းခြင်းဆိုင်ရာ ပညာပေးဟောပြောပွဲကို "မေမေ့အတွက် ချက်ပြုတ်နည်းအသစ်" ခေါင်းစဉ်ဖြင့် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်ရှိ သဲဖြူကျေးရွာ HLIC သက်မွေးပညာသင်တန်းကျောင်း၌ မေ ၃၁ ရက်က ပြုလုပ်ခဲ့သည်။

အဆိုပါအခမ်းအနားတွင် HL Trading Co., Ltd. မှ ဥက္ကဋ္ဌ Dr.Elisha Kim ၏ ဖိတ်ကြားချက်အရ တက်ရောက်လာသည့် တောင်ကိုရီးယားနိုင်ငံ UN-EPLC (Eco-Peace Leadership Center) မှ ဒါရိုက်တာ Dr. Chun Geun Chang က ကမ္ဘာပေါ်တွင် သစ်တောသစ်ပင်များသည် ဝမ်းနည်းစရာကောင်းလောက်အောင် ဖျက်ဆီးခံနေရကြောင်း၊ ထိုသို့ သစ်တောသစ်ပင်များ ပျက်စီးမှုကြောင့် ဖြစ်ပေါ်လာသည့် သဘာဝပတ်ဝန်းကျင်ကို လူသားတို့ ခံနေရကြောင်း၊ ကြီးမားလှသော သဘာဝဘေးအန္တရာယ်ကြီးများကို လူသားတို့ ရင်ဆိုင်နေရကြောင်း၊ သဘာဝပတ်ဝန်းကျင် မပျက်စီးအောင် ထိန်းသိမ်းရန် လိုအပ်ပါကြောင်း၊ ၎င်းအနေဖြင့် မြန်မာပြည်ကို ဝင်လာစဉ်တွင် အင်မတန်ကောင်းမွန်သော သစ်ပင်သစ်တောတို့၏ အခြေအနေကို တွေ့ရ၍ နိုင်ငံအတွက် သဘာဝရင်းမြစ်ကောင်းများ ပိုင်ဆိုင်ထားသည်ကို မြင်တွေ့ရသည့်အတွက် ဂုဏ်ယူမိပါကြောင်း၊ ကောင်းမွန်သော သဘာဝရင်းမြစ်များကို ရရှိပိုင်ဆိုင်ခွင့် ရှိထားသည့် နိုင်ငံသားများအနေဖြင့် သစ်ပင်သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းရန် အားလုံး၌တာဝန်ရှိပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ဆက်လက်၍ HL Trading Co., Ltd. မှ တာဝန်ရှိသူ ယောရှုထန်တလိန်းက "ကျွန်တော်တို့ အခုလို မီးဖိုလေးတွေ ပေးရတဲ့ရည်ရွယ်ချက်က ကျေးလက်တောရွာနေတဲ့ ပြည်သူအများစုက ထင်းမီးကို အဓိက အသုံးပြုနေကြပါတယ်။ ထင်းမီးကို အသုံးပြုတဲ့အတွက် သစ်တောပြုန်းတီးမှုတွေ ရှိလာပါတယ်။ ထင်းမီးကြောင့်ထွက်တဲ့ မီးခိုးငွေ့များဟာလည်း သဘာဝလေထုကို ညစ်ညမ်းစေပါတယ်၊ ဒီမီးဖိုတွေကတော့ ထင်းနဲ့ အချို့သော စွန့်ပစ်ပစ္စည်းတွေကို အသုံးပြုလို့ရတဲ့ မီးဖိုပါ။ မီးခိုးထွက်လည်း သက်သာတယ်။ ကုန်ကျစရိတ်လည်း သက်သာတဲ့အတွက် ယခင်ချက်ပြုတ်နေတဲ့ နည်းစနစ်ကို ပြောင်းပြီး ဒီမီးဖိုလေးတွေ စမ်းသုံးစေချင်တဲ့ ရည်ရွယ်ချက်ပါ" ဟု ပြောသည်။

အဆိုပါ မီးဖိုများသည် သာမန်သုံးနေကျ မီးဆိုက်ထင်းသာမက သေးငယ်သော အပိုင်းအစဖြစ်သည့် သစ်ကိုင်းသစ်ခက်များ၊ ခုတ်ထစ်စများ၊ ရွှေဘော်စာများအပြင် စက္ကူစများနှင့်ပါ အသုံးပြုနိုင်ရုံမက ချက်ပြုတ်ရေးတွင် အချိန်ကုန်လူပင်ပန်းမှု သက်သာသည်။ ယခင်အသုံးပြုနေကျလောင်စာထက် ၆၀ ရာခိုင်နှုန်းသက်သာစေသည့်အတွက် သစ်တောပြုန်းတီးမှုမှ ကာကွယ်ရာရောက်သည့်အပြင် လူတို့၏ ကျန်းမာရေးကို ထိခိုက်စေသော လေထုညစ်ညမ်းမှုကိုလည်း ကာကွယ်ရာရောက်ခြင်းတို့ကြောင့် အသုံးပြုရန်သင့်လျော်ကြောင်း အဆိုပါအခမ်းအနားမှ သိရသည်။

ထို့နောက် နေရောင်ခြည်စွမ်းအင်ကို အသုံးပြု၍ ချက်ပြုတ်သော ဆိုလာမီးဖိုနှင့် Rocket Stove ဟု အမည်ပေးထားသည့် လောင်စာအနည်းငယ်သုံးရသည့် မီးဖိုများ၏ ပြုလုပ်ပုံအဆင့်ဆင့်နှင့် အသုံးပြုပုံပြုနည်းများကိုပါ ရှင်းပြခဲ့ပြီး တက်ရောက်လာသည့် အိမ်ထောင်ရှင်မ ၅၀ အတွက် မီးဖို ၂၂ လုံးကို ပထမအကြိမ် အခမဲ့လက်ဆောင်ပေးအပ်ပြီး ကျန်အိမ်ထောင်ရှင်မများအား ဇွန်လအတွင်း ဆက်လက်ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

သီသီမင်း

(၃၀)နှစ်မြောက်မင်္ဂလာဆုတောင်း

ဖေဖေ ဦးခင်မောင်သန်း[ဒုတိယအင်ဂျင်နီယာမှူးကြီး၊ (ရန်ကုန်-စစ်တွေ) အပိုင်း-၁၊ အဆောက်အအုံအထူးအဖွဲ့ (၇)အမ်း၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း]-မေမေ ဒေါ်ချယ်လီ တို့၏ ၂-၆-၂၀၁၄ရက်တွင် ကျရောက်သော (၃၀)နှစ်မြောက် မင်္ဂလာရက်မြတ် နှစ်ပတ်လည်မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် ချမ်းမြေ့သာယာသော ဘဝခရီးကို ချစ်သမီး၊ ချစ်မြေးတို့နှင့်အတူ ကျန်းမာပျော်ရွှင်စွာ လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်-

သမီးကြီး - မောင်စိုးဝဏ္ဏ (Uniteam Marine Ltd)-
မမေသဉ္ဇာသန်း B.Sc (Maths)

သမီးလတ် - မလွင်ကြည်ဖြူသန်း B.E (Electrical) (Junior Engineer-3)
Ministry of Construction)

သမီးငယ် - မဆုထက်ဝေ B-Pharm 3rd year

ဖတ်စရာ မှတ်စရာ

ကိုယ်ချင်းစာ

အောင်ကျော်ညို(ဆင်ချဆိပ်)

မြန်မာမှုနယ်ပယ်မှာ "လူလိုသိပါ၊ ကိုယ်ချင်းစာ" ဟူ၍ ရှိသည်။ လူ့အသိ လူပီသမှုကို ကိုယ်ချင်းစာနာတတ်မှုနှင့် တိုင်းတာခိုင်းနှိုင်းထားပေသည်။ ကိုယ်ချင်းစာတတ်လျှင် လူပီသသူ။ ကိုယ်ချင်းစာတရားမရှိက လူ့အဆင့်မှ နိမ့်ကျသွားရသည်။

"ကိုယ်ချင်းစာ--နာခဲ့ရပြီ" ဟူ၍ သီချင်းဖွဲ့သီဆိုကြသည်။ အမှန်မှာ ကိုယ်ချင်းစာ၍ နာခဲ့ရခြင်းမဖြစ်နိုင်။ ကိုယ့်စိတ်နှင့်နှိုင်း၍သာ ထိုသို့ နာခဲ့ရခြင်းဖြစ်လိမ့်မည်။ "ကိုယ့်စိတ်နှင့်နှိုင်းမရိုင်း" ဟု ဆိုကြငြားလည်း ကိုယ့်စိတ်နှင့်ခိုင်းနှိုင်း၍ ရိုင်းခဲ့ရသည်များ ရှိတတ်ပါသည်။

ကိုယ်ချင်းစာခြင်းသည် ကိုယ့်စိတ်နှင့် ခိုင်းနှိုင်းခြင်းတစ်မျိုးပင်ဖြစ်သည်။ မှန်၏။ သို့သော် ကိုယ့်စိတ်နှင့်နှိုင်းတိုင်း ကိုယ်ချင်းစာတရားဖြစ်မလာနိုင်ပါ။ ရှင်းပါအံ့။ ဥပမာ တစ်စုံတစ်ဦးသည် အပြောအဆို မယဉ်ကျေး၊ ကြမ်းတမ်းသည်။ ထို့နည်းတူ တခြားသူတစ်ဦးသည်လည်း သူလိုပင် အပြောအဆို ကြမ်းတမ်း၊ မယဉ်ကျေးသူဖြစ်လိမ့်မည်။ ဤသို့တစ်ဖက်လူအား ကိုယ့်စိတ်နှင့်နှိုင်းယှဉ်ကြည့်လိုက်ခြင်း။ ကိုယ်ချင်းစာတရားမှာ ထိုသို့မဟုတ်။ နှုတ်လျှာကြမ်းတမ်း၊ မယဉ်မကျေးစွာ မိမိက တစ်ဖက်သားအပေါ် ဆက်ဆံပြုမူသည်။ တစ်ဖက်လူက မိမိအပေါ် ထိုကဲ့သို့ ဆက်ဆံလာခဲ့သော် မိမိမည်ကဲ့သို့ ခံစားရမည်။ မိမိမကြိုက်လျှင် တခြားလူတစ်ဦးသည်လည်း ကြိုက်မည်မဟုတ်။ ကိုယ်ချင်းစာမိခြင်း၏ အစဖြစ်သည်။ ကိုယ့်ထံပြန်လာမည့် သက်ရောက်မှုအပေါ် ကိုယ့်စိတ်နှင့်ခိုင်းနှိုင်းခံစားလိုက်ခြင်း ဖြစ်သည်။ မိမိမကြိုက်မနှစ်သက်သည့် အပြောအဆို အပြုအမူမျိုးကို တခြားလူသည်လည်း မိမိကဲ့သို့ပင် ကြိုက်နှစ်သက်မည်မဟုတ်။ ဤအသိသည်ပင် ကိုယ်ချင်းစာနာခြင်း ဖြစ်သည်။ "ကိုယ့်စိတ်နှင့်နှိုင်း မရိုင်း" ခြင်းပင်ဖြစ်သည်။ ကျိုးကြောင်းဆင်ခြင်ကာ နှိုင်းယှဉ်ခံစားမှုရသကို သတ္တလောကတွင် လူသားတွေသာ ပိုင်ဆိုင်ကြပါသည်။ မွေးရာပါ ဗီဇတစ်မျိုးဟု ပြော၍ရပါသည်။ တိရစ္ဆာန်နယ်ပယ်မှာဤအသိမျိုးမရှိ။ ထို့ကြောင့်လည်း "လူလိုသိပါ၊ ကိုယ်ချင်းစာ"ဆိုစကား လူ့နယ်ပယ်မှာ ဖြစ်တည်လာခြင်း၊ တစ်နည်း လူနှင့်တိရစ္ဆာန်နယ်ပယ်ကိုခွဲခြား ကွဲပြားစည်းတားပိုင်းခြားထားသည့် စကားဥပမာဟုလည်း ဆိုနိုင်ပါသည်။

ထို့ကြောင့် လူ့အဆင့်မီသည့် လူသားတစ်ယောက်ပီသမှု မပီသမှုကို ရှေးလူကြီးသူမများက ကိုယ်ချင်းစာတရားနှင့် တိုင်းတာသတ်မှတ်ရာမှ "လူလိုသိပါကိုယ်ချင်းစာ" စကားပြောစမှတ် ဖြစ်လာခဲ့ခြင်းဖြစ်သည်။ တစ်ခါတစ်ရံ လူအချင်းချင်းကြားမှာ ကိုယ်ချင်းစာနာတတ်အောင် ကိုယ်တိုင်ကိုယ်ကျ ခံစားစေခြင်းဖြင့် နမူနာပြရသည်များလည်းရှိသည်။ ယင်းတို့အနက်မှ နပိုလီယံ၏ သင်ပြပေးမှုတွေက သွေးလန့်စရာဖြစ်သည်။ ရုရှားစစ်မြေပြင်မှာ နပိုလီယံ နောက်လိုက်များနှင့် လူစုကွဲသွားသည်။ တစ်ယောက်တည်း နပိုလီယံကို ရန်သူရုရှားစစ်သားများက ဝိုင်းလိုက်သည်။ နပိုလီယံ သေပြေးရှင်ပြေးပြေးရင်း သိုးမွေးထည်ဆိုင်ထဲ ရောက်သွားသည်။ ရာဇအိန္ဒြေမဆည်နိုင်။ ကူပါကယ်ပါနှင့်။ မရှက်မကြောက်နိုင် အကူအညီတောင်းရသည်။ သိုးမွေးပုံကြီးအောက် ဝင်ပုန်းခွင့်ရသွားသည်။ ရန်သူစစ်သားများ ရောက်လာပြီး ဆိုင်အတွင်း မွှေနှောက်ရှာကြသည်။ နပိုလီယံပုန်းနေသော သိုးမွေးပုံကြီးကို လှံစွပ်တွေနှင့် တစွပ်စွပ် ထိုးမွှေကြသည်။ သိုးမွေးပိုင်ရှင်ခမျာ ရင်တမမနှင့် နောက်ဆုံး ပြင်သစ်ကိုယ်ရံတော်တပ်တွေ ရောက်လာမှ နပိုလီယံအသက်ချမ်းသာရသွားသည်။ နပိုလီယံအသက်ကို သိုးမွေးပိုင်ရှင်က ကယ်လိုက်ခြင်းဖြစ်သည်။

သို့သော် စကားတစ်ခွန်းကြောင့် နပိုလီယံထောင်းခနဲဒေါသဖြစ်သွားရသည်။ "သိုးမွေးပုံအောက် ရောက်နေချိန်တစ်ခဏမှာ အဆုံးစီရင်ခံရနိုင်တယ်လို့ သိနေတဲ့ အခါမှာ ဘယ်လိုခံစားရပါသလဲခင်ဗျာ" ဟူသော အမေးစကားကြောင့် သိုးမွေးဆိုင်ပိုင်ရှင်ခမျာ ချက်ချင်းဖမ်း ချက်ချင်းသုတ်သင်ခံရမည့် ဘဝဆိုက်ရောက်သွားရသည်။ သူ့ကို နံရံမှာ ကပ်စေပြီး မျက်နှာကို ပဝါစည်းလိုက်သည်။

"အသင့်ပြင် ချိန်" ပစ်မိန့်ပေးနေသူကား နပိုလီယံကိုယ်တော်တိုင်ဖြစ်နေသည်။ ပစ်ခတ်ရန် ရိုင်ဖယ်သေနတ်များ ပြင်ဆင်သံကို အတိုင်းသားကြားနေရသည်။ စကားတစ်ခွန်းကြောင့် သေရတော့မည်။ သေရတော့မည်ဆိုသည့်အသိနှင့် သိုးမွေးဆိုင်ပိုင်ရှင်မှာ ဆောက်တည်ရာမရဖြစ်နေသည်။ သူ့ဒူးတွေ တဆတ်ဆတ် တုန်နေသည်။ အမျိုးအမည် မဖော်ပြနိုင်သည့် ဝေဒနာတစ်ခုကြောင့် မျက်ရည်တွေ စီးကျလာသည်။

အသင့်ပြင် ချိန်ဆိုပြီး နောက်ထပ်အသံမကြားရ။ သူ့အနီးသို့ ချဉ်းကပ်လာသည့် ခြေသံကိုသာ သိုးမွေးဆိုင်ပိုင်ရှင်ကြားရသည်။ ထို့နောက် သူ့မျက်နှာမှာ စည်းထားသည့် အဝတ်ကို ဖြေပေးသည်။ သူ့အား ဖောက်ထွင်းမတတ်စူးစိုက်ကြည့်နေသည့် နပိုလီယံ၏ မျက်လုံးအစုံ။ "ကဲ အခုတော့ မင်းသိပြီမဟုတ်လား" နပိုလီယံ၏ လေသံအေးအေးနှင့် စကားသံ။ သိုးမွေးဆိုင်ပိုင်ရှင်အတွက် တစ်သက် မမေ့နိုင်စရာ အသက်နှင့်ရင်းပြီး ရလိုက်သော ဘဝသင်ခန်းစာတစ်ခု။ ကိုယ်ချင်းစာတတ်အောင် သင်ပေးခဲ့သူ နပိုလီယံအတွက်ကား အသက်သခင်ကျေးဇူးရှင် သိုးမွေးဆိုင်ပိုင်ရှင်အပေါ် ကျေးဇူးဆပ်ခြင်း ဖြစ်ကောင်းဖြစ်နိုင်ပါသည်။ ပေးသူမှာ အေးအေးသက်သာနှင့် ရယူသူအတွက်ကား မသက်သာ။ တစ်သက်တာ အမှတ်တရလက်ဆောင် ဖြစ်သွားရသည်။

ရာထူးဌာနန္တရကြီးသူငယ်သူ၊ အသက်အရွယ်အားဖြင့် ကြီးသူငယ်သူမဟူ သေခြင်းတရားနှင့် ရင်ဆိုင်လာရချိန် ခံစားချက်မှာ အတူတူပင်ဖြစ်ကြောင်း နပိုလီယံ၏ ရိုးသားစွာ ဝန်ခံခဲ့မှုနမူနာတစ်ခု။ အမေးစကားရှိလာခဲ့သူ သိုးမွေးဆိုင်ပိုင်ရှင်ကို မည်သို့ ခံစားရသည်ကို ပြောပြ၍ရသည့်အရာမဟုတ်။ ကိုယ်တိုင်ကိုယ်ကျ ခံစားသိစေပြီးမှ ကိုယ်ချင်းစာတတ်အောင် လုပ်ဆောင်ပြခြင်း။

လူသားတိုင်း နှလုံးသားမှာ ကိုယ်ချင်းစာတရား ကိန်းအောင်း လမ်းကြောင်းမှန်ပေါ်မှာ လူသားအမြင် ရှိနိုင်ကြပါစေ။ ။

ရန်ကုန် ဇွန် ၁

ဉာဏ်သစ်လောင်းဟောပြောပွဲ ကျင်းပမည်

မြန်မာနိုင်ငံ ဆရာဝန်အသင်း(ဗဟို) ကိုယ်အင်္ဂါ ပြန်လည်သန်စွမ်းရေး ဆေးပညာအဖွဲ့က ကြီးမှူးကျင်းပမည့် ပြည်သူလူထုအများစုတွင် အဖြစ်များသော ခါးရိုး၊ ကြွက်သားနာကျင်မှုဆိုင်ရာ (Low Back Pain) ရောဂါများအကြောင်း ဉာဏ်သစ်လောင်း ဟောပြောပွဲကို ဇွန် ၁၄ ရက် နံနက် ၈နာရီခွဲမှ မွန်းတည့် ၁၂ နာရီခွဲအထိ မြန်မာနိုင်ငံဆရာဝန်အသင်း ခန်းမဆောင်(အေ)၌ ကျင်းပမည်ဖြစ်ရာ ဆရာဝန်များ၊ ဆေးကျောင်းသားများ၊ အကြောကျွမ်းကျင်ပညာရှင်များနှင့် စိတ်ပါဝင်စားသူများ တက်ရောက်နိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန
မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအတွက်
စက်ပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအတွက်လိုအပ်သော အောက်ဖော်ပြပါ စက်ပစ္စည်းများကို နိုင်ငံခြားသုံးငွေ(USD)ဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများတင်သွင်းကြရန် ဖိတ်ခေါ်ပါသည်။

(က)	DVB-T2 Transmitter(USD)	67 Sets
(ခ)	Radio FM Transmitter (USD)	23 Sets

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၅-၆-၂၀၁၄ ရက်မှ ၂၀-၆-၂၀၁၄ ရက်အထိ နေ့စဉ်နံနက် ၉း၃၀နာရီမှ ညနေ ၄း၃၀နာရီအတွင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်(တပ်ကုန်း)တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၂၃-၆-၂၀၁၄ ရက် နံနက် ၉း၃၀နာရီမှ ညနေ ၄း၃၀နာရီအတွင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား နေပြည်တော်(တပ်ကုန်း)ရှိ တင်ဒါအဖွဲ့ဝင်များ ရှေ့မှောက်တွင် လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်အချိန်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံ စည်းကမ်းချက်များ၊ စက်ပစ္စည်းစာရင်းနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းထုတ်ယူနိုင်ပါသည်။

စက်ပစ္စည်းများ ဝယ်ယူရေးကော်မတီ
မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်
ပြန်ကြားရေးဝန်ကြီးဌာန
ဖုန်း-၀၆၇-၇၉၄၈၃၊ ၀၆၇-၇၉၁၃၅၊ ၀၆၇-၇၉၄၁၁

လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန
လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန
ဧရာဝတီတိုင်းဒေသကြီး
ပုသိမ်မြို့
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဧရာဝတီတိုင်းဒေသကြီး၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနလက်အောက်ခံ အောက်ဖော်ပြပါဌာနပိုင် ရုံးဆောက်လုပ်ခြင်းလုပ်ငန်းအတွက် သက်ဆိုင်ရာလိုင်စင်ရ ဆောက်လုပ်ရေးကုမ္ပဏီများမှ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ခေါ်ယူအပ်ပါသည်-

(က)	မြို့နယ်ဦးစီးဌာနမှူးရုံး	(၁)ရုံး၊	မြို့နယ်ခွဲဦးစီးဌာနမှူးရုံး	(၂)ရုံး
(ခ)	မြို့နယ်ဦးစီးဌာနမှူးရုံး	(၁)ရုံး၊	မြို့နယ်ခွဲဦးစီးဌာနမှူးရုံး	(၂)ရုံး

၂။ တင်ဒါပုံစံများ စတင်ရောင်းချမည့်နေ့ရက် -၂-၆-၂၀၁၄ရက်

၃။ တင်ဒါပိတ်မည့်ရက်နှင့်အချိန် -၁-၇-၂၀၁၄ရက် ၁၆း၀၀နာရီ

၄။ တင်ဒါစည်းမျဉ်းစည်းကမ်းနှင့်ဆောက်လုပ်မည့် အဆောက်အအုံပုံစံအသေးစိတ်ကို သိရှိလိုပါက ရုံးချိန်အတွင်း အောက်ပါလိပ်စာများတွင် လာရောက်စုံစမ်းနိုင်ပါသည်။

တိုင်းဒေသကြီးဦးစီးဌာနမှူးရုံး
လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန
ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့
ဖုန်း-၀၄၂-၂၁၉၆၁၊ ၀၄၂-၂၄၃၄၄၊ ၀၄၂-၂၃၈၄၈

အလောင်းတော်ကဿပဘုရားဖူးလမ်း အဆင့်မြှင့်တင်

ယင်းမာပင် ဇွန် ၁

ယင်းမာပင်မြို့နယ် ဖိုလ်ဝင်တောင် ဆရာတော် ဘဒ္ဒန္တဦးသုမန၏ ဩဝါဒကိုခံယူကာ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်မှာကြားမှုဖြင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဗိုလ်မြင့် ဦးဆောင်ပြီး မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးစိုးမင်းထက်နှင့်အဖွဲ့ဝင်များလိုက်ပါကာ ယနေ့နံနက် ၇ နာရီတွင် ယင်းမာပင်ခရိုင် ယင်းမာပင်မြို့နယ်ရှိ အလောင်းတော်ကဿပဘုရားဖူးလမ်းအဆင့်မြှင့်တင်ကွန်ကရစ်ခင်းခြင်းလုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့ကြောင်းသိရသည်။

အလောင်းတော်ကဿပဘုရားဖူးလမ်းအဆင့်မြှင့်တင်ကွန်ကရစ်ခင်းခြင်းလုပ်ငန်းများဆောင်ရွက်ရာတွင် ဒေသခံပြည်သူများ၊ ရပ်ဝေးရပ်နီးမှ ဘုရားဖူးပြည်သူများ ဘေးအန္တရာယ်ကင်းစွာ သွားလာမှုအဆင်ပြေစေရန် ရည်ရွယ်ပြီး ယခင် အကျယ်ပေ ၂၀ ရှိသော မြေလမ်းအား မိုးမကျမီအပြီး ပထမအကြိမ်ကွန်ကရစ်ခင်းခြင်းလုပ်ငန်းအဖြစ် ဂုံညင်းပင်စခန်းမှ နတ်ထိပ်အထိ လမ်းအကျယ် ၁၂ ပေ၊ လမ်း၊ ထုထည် ကိုးလက်မ၊ လမ်းအကွာအဝေး နှစ်မိုင်ခန့်ကို ဆရာတော်ဦးသုမနက ကမကထပြုပြီး ယင်းမာပင်မြို့နယ်လမ်းကြီးကြပ်ရေးကော်မတီတို့မှ တာဝန်ရှိသူများက တာဝန်ယူဆောင်ရွက်ပေးနေကြောင်း တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ကပြောကြားသည်။

"အခုဦးစားပေး လုပ်ကိုင်နေတဲ့ ဂုံညင်းပင်-နတ်ထိပ် လမ်းအပိုင်း ကွန်ကရစ် ခင်းခြင်းလုပ်ငန်း ပြီးစီးရေးကို အလေးဂရုစိုက်ကာ ကြီးကြပ် ဆောင်ရွက်နေပါတယ်။ လူအများနှင့်အပြင် ကုန်ကြမ်းကျောက်လည်းပေါ ပါတယ်။ ဒေသထွက် ကျောက်များကို ကျောက်ခွဲစက်ကြီးများကို အသုံးပြု၍ လုပ်ကိုင်ရလို့ အဆင်ပြေပါတယ်။

"အကုန်အကျလည်း သက်သာပါတယ်။မြစ်ကျောက်ကဝယ်ရတာလွယ်ပါတယ်။ ဒါပေမယ့် ကျောက်ဈေးကလည်းကြီး သယ်ယူခလည်းများတယ်။ သဲကလည်းဝယ်ရတယ်။ ယမားသဲကြမ်းမှသုံးရတယ်။ ဝယ်ယူဈေးနှုန်းကသဲကျောက် ကားတစ်စီးကို ငွေကျပ် ၅၀၀၀၀ ပေးရတယ်။ ဆရာတော်ရဲ့ မေတ္တာက ကြီးမားလှပါတယ်။ ရပ်ဝေးရပ်နီးမှ ဘုရားဖူးမိဘပြည်သူများသာမက ကျွန်တော်တို့ ကျေးလက်ဒေသများကိုပါ လမ်းပန်းဆက်သွယ်ရေးအဆင်ပြေပါတယ်။ လမ်းကောင်းတော့ အန္တရာယ်လည်းကင်းတယ်။ စိတ်ချမ်းသာကိုယ်ချမ်းသာနဲ့ အချိန်တိုအတွင်း အခက်အခဲမကြုံရဘဲ ရဟန္တာမထေရ်မြတ်ကြီးကို ကြည်နူးဝမ်းသာစွာ ဖူးမြော်နိုင်ကြတော့မှာမို့ ဝမ်းသာပီတိဖြစ်မိပါတယ်။ အလှူရှင်ဆရာတော်ကို သာဓုခေါ်ဆိုပါတယ်"ဟု ဒေသခံလမ်းအဆင့်မြှင့်တင်ရေးကော်မတီဝင်တစ်ဦးက ပြောကြားသည်။

ယခုလမ်းပြီးစီးပါက ဆရာတော်ကြီးက လမ်းကြီးကြပ်ရေးကော်မတီ၏ တင်ပြထားသော ပြာပုံတောင် ၁၂ ကွေ့ လမ်းအရှည် တစ်မိုင်ခန့်နှင့် သနပ်ခါးစခန်း နှစ်မိုင်ခန့် အတက်နေရာများကိုလည်း ပွင့်လင်းရာသီအမီ အဆင့်မြှင့်တင် ကွန်ကရစ်ခင်းခြင်း လုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးသွားမည်ဟု ဩဝါဒမိန့်ကြားသည်။

"အနယ်နယ်အရပ်ရပ်မှ ပြည်သူများအား ကျွန်တော်တို့ဒေသမှာရှိသည့် ရှေးဟောင်းသမိုင်းဝင် အလောင်းတော်ကဿပဘုရားကို လာမည့်နှစ်များတွင် စိတ်ချမ်းသာစွာ ဖူးမြော်လှည့်ကြပါလို့ ပြုံးပန်းဝေဆာစွာဖြင့် ဖိတ်ခေါ်ပါတယ်"ဟု ကပိုင်ကျေးရွာ အုပ်ချုပ်ရေးမှူး ဦးအောင်ဆန်းက ပြောသည်။

အဆိုပါ အလောင်းတော်ကဿပဘုရားဖူးလမ်း ယခုအဆင့်မြှင့်လမ်းကွန်ကရစ်ခင်းခြင်း လုပ်ငန်းများ ဆောင်ရွက်ရာတွင် လမ်းအရှည် ၂၁ မိုင်ရှိရာ ဂုံညင်းပင်မှ နတ်ထိပ်အထိ နှစ်မိုင်ခန့်အတွက် ခန့်မှန်းငွေကျပ်သိန်း ၂၀၀၀ ကုန်ကျမည်ဖြစ်၍ အနယ်နယ်အရပ်ရပ်မှ ပါရမီရှင်များက လှူဒါန်းလိုပါက ယင်းမာပင်မြို့နယ် ဖိုလ်ဝင်တောင် ဆရာတော် ဘဒ္ဒန္တ ဦးသုမန ဖုန်း ၀၇၁-၇၃၁၀၀၊ ၀၉-၄၀၀၅၃၅၅၆၇၊ မြို့နယ်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ဦးစိုးမင်းထက် ၀၇၁-၇၃၀၀၃၊ ၀၉-၄၄၈၀၀၉၈၄၈ နှင့်ဦးမောင်မောင်ဌေး (ရန်ကုန်)ဖုန်း-၀၁-၂၂၆၀၂၄ တို့ထံ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။

ထွန်းကိုကို(ယင်းမာပင်)

မေလကုန်စားအုန်းဆီဈေးနှုန်း ယခုနှစ်လေးလတာအတွင်း အနိမ့်ဆုံးဖြစ်လာ

ရန်ကုန် ဇွန် ၁

မေ ၃၁ ရက် ရန်ကုန်ဆီဈေးကွက်တွင် စားအုန်းဆီလက်ငင်းလက်ကား တစ်ပိဿာ ရောင်းဈေးနှုန်းမှာ ၁၄၉၅ ကျပ်၊ ယုဇနကန်ဆီ ၁၄၉၀ ကျပ်ဖြစ်ရာ ၂၀၁၄ ဖေဖော်ဝါရီလမှစ၍ လေးလတာကာလအတွင်း စားအုန်းဆီဈေးနှုန်းသည် အနိမ့်ဆုံးဖြစ်လာသကဲ့သို့ ယခင်နှစ်ကာလတူဖြစ်သော ၂၀၁၃ မေလကုန် ဈေးနှုန်းထက်လည်း ဈေးနည်းနေ သည်ဟု ဆီကုန်သည်တစ်ဦးက ဆိုသည်။

ယခုနှစ် မေ ၃၀ ရက် မလေးရှား FOB စားအုန်းဆီတစ်တန်လျှင် ၈၄၅ ဒေါ်လာဈေးရှိပြီး ငွေလဲနှုန်း ၉၆၈ ကျပ်ဖြင့် ဆိပ်ကမ်းရောက် တစ်ပိဿာအရင်းဈေး ၁၅၃၄ ကျပ်ရှိကြောင်း၊ ယခင်နှစ်ကာလတူဖြစ်သော ယမန်နှစ် မေ ၃၁ ရက်တွင် FOB တစ်တန်ဈေးနှုန်း ၈၄၀ ဒေါ်လာ၊ ငွေလဲနှုန်း ၉၄၂ကျပ်ဖြင့် တစ်ပိဿာအရင်းဈေး ၁၅၄၂ ကျပ်နှုန်း၊ ပြည်တွင်းလက်ကား ရောင်းဈေး တစ်ပိဿာ ၁၅၀၅ ကျပ်နှုန်းရှိခဲ့ကြောင်း ဆီဈေးနှုန်းအသစ်နှင့် အဟောင်းများအရ သိရသည်။

ယခုနှစ် ဇန်နဝါရီ ၂ ရက် ပြည်တွင်းစားအုန်းဆီလက်ကားရောင်းဈေး တစ်ပိဿာ ၁၅၅၀ ကျပ်ရှိခဲ့ပြီး ဇန်နဝါရီ ၉ ရက်တွင် ၁၄၉၀ ကျပ်နှုန်းဖြစ်ပြီး ဇန်နဝါရီ ၃၀ ရက်ထိ ၁၅၀၀ ကျပ်နှုန်းအတွင်းသာရှိခဲ့ကြောင်း ဇန်နဝါရီ ၃၁ ရက်တွင် ၁၅၀၅ ကျပ်နှုန်းစတင်မြင့်တက်ကာ မတ် ၁၀ ရက်နှင့် ၁၁ ရက်တို့တွင် တစ်ပိဿာ ၁၇၃၅ ကျပ်နှုန်းသို့ ဈေးအမြင့်ဆုံးသို့ ရောက်ရှိခဲ့ပြီး ဈေးပြန်လည်ကျဆင်းလာခြင်းဖြစ်ကြောင်း၊ မတ် ၁၂ ရက်တွင် FOB တစ်တန်ဈေးနှုန်း ၉၆၅ ဒေါ်လာ၊ ပြည်တွင်းငွေလဲနှုန်း ၉၆၅ ကျပ်ဖြင့် တစ်ပိဿာ အရင်းဈေး ၁၇၄၁ ကျပ်နှုန်းရှိခဲ့သည်ဟု သိရသည်။

ဖေဖော်ဝါရီနှင့် မတ်လဆန်းအတွင်း တစ်လကျော်ကာလတွင် ပြည်တွင်းရောင်းဈေး တစ်ပိဿာ ၂၀၀ ကျပ်ကျော် ဈေးမြင့်ခဲ့၍ စားအုန်းဆီလက်ဝယ်ရှိသူများ အကျိုးအမြတ်များစွာ ရရှိခဲ့ကြောင်း၊ ယင်းနောက်ပိုင်းကာလနှစ်လတာအကျော်တွင် ပြည်ပဈေးနှုန်း FOB တစ်တန် ၁၂၀ ဒေါ်လာနှုန်း၊ ပြည်တွင်းရောင်းဈေး တစ်ပိဿာ ၂၀၀ ကျပ်ကျော် ဈေးပြန်လည်ကျဆင်းသဖြင့် ဆီလက်ဝယ်ရှိသူများ အရှုံးနှင့်ရင်ဆိုင်ရသည်ဟု ဆီလုပ်ငန်းလုပ်ကိုင်သူတစ်ဦးက ဆိုသည်။

စားအုန်းဆီလောကတွင် ကြိုရောင်းကြိုဝယ်မှုရှိသော်လည်း အရောင်းအဝယ်ပမာဏနှင့် အရှုံးအမြတ်ငွေကြေးပမာဏမှာ ပဲလောကကဲ့သို့ မများသဖြင့် ငွေကြေးအရှုပ်အရှင်းနည်းကြောင်း၊ ကြိုရောင်းကြိုဝယ်များစာရင်းရှင်းချိန်တွင်မူ ဈေးနှုန်းအတက်အကျဖြစ်တတ်ကြောင်း၊ ယခင်နှစ်မေလကုန်တွင် မြေပဲဆီလက်ကား တစ်ပိဿာ ၃၉၀၀ ကျပ်ရှိသော်လည်း ယခုနှစ်မေလကုန်တွင် ၃၂၀၀ ကျပ်သာရှိရာ ယခုနှစ်မေလကုန် စားသုံးဆီဈေးနှုန်းများသည် ယခင်နှစ်ကာလတူဈေးနှုန်းများထက်ဈေးနိမ့်နေသည်ဟု ဆီကုန်သည်တစ်ဦးက ဆိုသည်။ **(မောင်စေအောင်)**

တပ်ကုန်းမြို့နယ်တွင် အမျိုးသားတစ်ဦး မိုးကြိုးထိမှန်၊ ငါးနှစ်သမီး ကြောက်လန့်သေဆုံး

တပ်ကုန်း ဇွန် ၁

တပ်ကုန်းမြို့နယ် မကျီးပင်ကျေးရွာအုပ်စု ကြို့ပင်သာကျေးရွာနေ ဦးသိန်းလွင်(၄၇)နှစ်သည် မေ ၂၉ ရက် ညနေ ၄ နာရီ ၁၅ မိနစ်က မိုးရွာသွန်းချိန် ကွင်းအမှတ် (၁၃၀၀) နွေစပါးစိုက်ခင်းအနီးရှိ ၎င်း၏နွားများရှိရာသို့ သွားစဉ်မိုးကြိုးပစ်ခံရ၍သေဆုံးခဲ့သည်။ ထို့အပြင် မေ ၂၉ ရက် ညနေ ၄ နာရီ ၁၅ မိနစ်ခန့်တွင်လည်း ရွှေးစုကျေးရွာအုပ်စု ရွှေးစုကျေးရွာနေ ဦးထွန်းမြင့်-ဒေါ်ကျင်တို့၏ နေအိမ်ခေါင်တိုင်အား မိုးကြိုးပစ်ခဲ့သဖြင့် အိမ်ခေါင်တိုင်မှာ ကွဲအက်ခဲ့ပြီး အိမ်အနီးမှ ဦးဇော်လင်း-ဒေါ်ကြူကြူဝင်းတို့၏ သမီးဖြစ်သူ မမေကဗျာ(၅)နှစ်မှာ အဆိုပါ မိုးကြိုးပစ်သံကြောင့် ကြောက်လန့်၍ မေ့မြောသေဆုံးခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မွေးနေ့ဆုတောင်း

သမီးလေး သင်းသစ္စာဇော် **(Vanessa)**၏ ၂-၆-၂၀၁၄ ရက်တွင် ကျရောက်သော (၁)လပြည့်ရက်မြတ်မှသည် အောင်မြင်မှု အဖြာဖြာ ပြည့်စုံ၍ သက်ရာကျော်ထိတိုင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်း တောင်းလိုက်ပါတယ်။

ဖေဖေ - ဇော်မျိုးထွန်း၊ မေမေ-သင်းပျံ့အေး
ဘွားဘွား - ဒေါက်တာသန်းသန်းသွင်
ဘိုးဘိုး - ဦးဝင်းမင်း၊ ဘွားဘွား-ဒေါ်သီတာ



လျှပ်စစ်ထရန်စဖော်မာ သုံးလုံးတိုးချဲ့တပ်ဆင်ပေး

တပ်ကုန်း ဇွန် ၁

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့ မြို့နယ်လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းမှ မြို့ပေါ် (၆)ရပ်ကွက်အတွင်း လျှပ်စစ်မီးသုံးစွဲသူများ ဗို့အားကျဆင်းမှု လျော့နည်းစေရန်အတွက် လျှပ်စစ်ထရန်စဖော်မာ (၁၁/၀. ၄)ကေဗွီ၊ (၂၀၀)ကေဗွီအေသုံးလုံးအား မြဝတီရပ်ကွက်၊ အောင်ဇေယျရပ်ကွက်နှင့် ဘုရင့်နောင်ရပ်ကွက်တို့တွင် တိုးချဲ့တပ်ဆင်ပေးခဲ့ရာ မီးအားပိုမိုကောင်းမွန်လာပြီး ကွက်သစ်နေပြည်သူများ ရေစက်မော်တာ၊ လျှပ်စစ်မီးဖိုနှင့် တီဗွီများကို ဗို့အားပြည့်ဝစွာသုံးစွဲရ၍ ဝမ်းမြောက်လျက်ရှိကြောင်း သိရသည်။ **(တင်လှ)**

ပြည်သူလူထုအား ကျန်းမာရေးအခမဲ့ ကုသပေး

မန္တလေး ဇွန် ၁

မန္တလေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၏အစီအစဉ်ဖြင့်ပြည်သူလူထုအခြေပြုကျန်းမာရေးစောင့်ရှောက်မှုအခမဲ့ဆေးကုသခြင်းကို မေ ၃၁ ရက် နံနက် ၉ နာရီက မန္တလေး အောင်မြေသာစံမြို့နယ် ပြည်ကြီးရန်လုံရပ် (၈၆)လမ်း ကိုးခန်းဓမ္မာရုံ၌ ကွင်းဆင်းကုသပေးခဲ့ကြောင်း သိရသည်။

အဆိုပါ အခမဲ့ဆေးဝါးကုသခြင်းကို ဆရာဝန်ကြီး ဦးအုန်းဆွေ(ဖောင်တော်ဦး)၊ ဒေါက်တာ ဒေါ်မြင့်မြင့်ဌေး၊ ဒေါက်တာခိုင်မိုးနွယ်၊ ဒေါက်တာဖောင်ခန့်နှင့်အဖွဲ့ ပြည်သူများကို ရောဂါရှာဖွေစစ်ဆေးခြင်း၊ သွေးတိုင်းခြင်း၊ ဆီးချိုတိုင်းခြင်း၊ ကိုယ်ဝန်ဆောင်မိခင်များ စစ်ဆေးပေးခြင်း၊ ကင်ဆာရောဂါအခမဲ့ စစ်ဆေးကုသပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

လူမှုရေးအဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိသူများက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးကြရာ ရပ်ကွက်ပြည်သူ ၂၅၀ ကျော်အား အခမဲ့ဆေးကုသပေးခဲ့ကြောင်း သိရသည်။ **(ထွဏ်းလှအောင်)**

သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး ဟောပြော

တွံတေး ဇွန် ၁

ရန်ကုန်တောင်ပိုင်းခရိုင် တွံတေးမြို့နယ်အတွင်း သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး ဟောပြောပွဲ အခမ်းအနားကို မေ ၃၀ ရက် မွန်းလွဲ ၂ နာရီက တွံတေးမြို့ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံး စန္ဒကူးခန်းမ ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်ဆရာဝန်ကြီး ဦးနေဝင်းသွင်က ယခုနှစ်တွင် သွေးလွန်တုပ်ကွေးရောဂါ အန္တရာယ်များနိုင်သဖြင့် ရပ်ကွက်နှင့် ကျေးရွာအုပ်စုများရှိ လူထုများနှင့် ကျန်းမာရေးဝန်ထမ်းများ ပူးပေါင်းကာ လူထုလှုပ်ရှားမှု အစီအစဉ်များဖြင့် ဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ မြို့နယ်အတွင်း တစ်ပတ်လျှင်နှစ်ကြိမ် ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ဆောင်ခြင်းကို ပုံမှန်လုပ်ဆောင်သွားရန်ရှိကြောင်း၊ မူကြိုကျောင်းများသို့လည်း ဆေးစိမ်ခြင်ထောင် ဆေးဖျန်းပေးသွားမည်ဖြစ်ကြောင်း၊ ရောဂါဖြစ်လာပါက အချိန်မီ ဆက်သွယ်ကုသပေးစေလိုကြောင်း ဆွေးနွေးပြောကြားသည်။

ဟောပြောပွဲ အခမ်းအနားသို့ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၇၃ အုပ်စုမှ အုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများ တက်ရောက်ကြကြောင်း သိရသည်။ **(၃၉၄)**

ဘိန်းအစားထိုးသီးနှံ အထွက်တိုးမျိုးစပါးများ တောင်သူများသို့ အခမဲ့ဖြန့်ဝေ

နေပြည်တော် ဇွန် ၁

၂၀၁၄ ခုနှစ် ဘိန်းအစားထိုးသီးနှံ အထွက်တိုး ပုလဲသွယ်မျိုးစပါးများ အခမဲ့ဖြန့်ဝေပေးခြင်း အခမ်းအနားကို မေ ၃၀ ရက် နံနက် ၁၀ နာရီက လားရှိုးမြို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် လားရှိုးမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး ဦးမောင်မောင်လွင်က အဖွင့်အမှာစကားပြောကြားပြီး လားရှိုးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးမြကျော်က ဘိန်းအစားထိုးသီးနှံမျိုးစေ့များ အခမဲ့ဖြန့်ဝေပေးခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် လားရှိုးမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး ဦးမောင်မောင်လွင်နှင့်လားရှိုးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးမြကျော်တို့က ကျေးရွာအုပ်ချုပ်ရေးမှူးများအား ပုလဲသွယ်အထွက်တိုးမျိုးစပါးမျိုးစေ့များအား ပေးအပ်သည်။

ယခုအခါ နိုင်ငံတော်မှ မူးယစ်ဆေးဝါးပပျောက်ရေး စတုတ္ထငါးနှစ် စီမံကိန်းကို ၂၀၁၄-၂၀၁၅ မှ ၂၀၁၈-၂၀၁၉ ခုနှစ်အထိ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ရှမ်းပြည်နယ် အရှေ့ပိုင်းတို့ရှိ မြို့နယ်ပေါင်း ၅၁ မြို့နယ်တို့တွင် ထပ်မံအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ်မြောက်ပိုင်းတွင် လားရှိုး၊ သိန္နီ၊ တန့်ယန်း၊ မိုင်းရယ်၊ ကွမ်းလုံ၊ မူဆယ်၊ နမ့်ခမ်း၊ ကွတ်ခိုင်၊ နမ္မတူ၊ မန်တုံ၊ နမ့်ဆန်၊ မိုးမိတ်မြို့နယ်တို့ ပါဝင်ကြောင်း သိရသည်။

မျိုးစေ့များအား တစ်မြို့နယ်လျှင် ဧက ၁၃၀ စာအခမဲ့ဖြန့်ဝေပေးမည်ဖြစ်ပြီးတစ်ဧက ၈ ကီလိုနှုန်းဖြင့် ဧက ၁၃၀ အတွက် ကျပ် ၃၁၂၀၀၀၀ တန်ဖိုးရှိပြီး ယနေ့ဖြန့်ဝေသော မျိုးစေ့များအား မိုင်းယော်ဒေသရှိ ကျေးရွာပေါင်း ၁၄ ရွာသို့ စိုက်ဧက ၁၃၀ အတွက် မျိုးစပါးမျိုးစေ့ ၁၀၄၀ ကီလို အခမဲ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၂-၆-၂၀၁၄ (တနင်္လာနေ့)

၅း၀၀	ပဌာန်းပါဠိတော် + ရတနသုတ်	၁၂း၄၅	၁၀၈ တောင်စေတီ ထီးတော်တင်ပွဲ
၅း၂၀	MRTV-4 သတင်း	၈း၁၅	ရန်ကုန်မြင်ကွင်းကျယ် (ထက်အောင်တေးစီးရီးသစ် လက်မှတ်ရေးထိုးပွဲ)
၅း၄၀	"ပဋိစ္စသမုပ္ပါဒ်အခြေခံသင်တန်း" (အပိုင်း-၁) တရားတော် (ဆရာတော် အရှင်ဝေပုလ္လ)	၉း၅၀	Global Panorama (ကိုကိုလှိုင်၊ မျိုးမြတ်သူ)
၆း၄၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မိန်းမသားလေးကျွန်မ" (အပိုင်း-၇)	၁း၂၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "သားတို့အိမ်ကလေး" (အပိုင်း-၆၇)
၉း၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "သားတို့အိမ်ကလေး" (အပိုင်း-၆၆)	၁း၅၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပန်းမင်းသမီးရဲ့သူရဲကောင်း" (အပိုင်း-၃၅)
၉း၄၀	ကျိုက်လတ်မြို့မှ တန်ခိုးကြီးမားဘုရားများ	၂း၂၅	Global Panorama (ကိုကိုလှိုင်၊ မျိုးမြတ်သူ)
၁၀း၀၀	ခေတ်သစ်ပျိုမေ		
၁၀း၄၅	အနုပညာမိုးကောင်းကင်	၃း၀၅	ကဏ္ဍစုံလင်အားကစားအစီအစဉ်
၁၁း၁၀	သွားမယ်စားမယ် (The House Restaurant)	၄း၄၅	ပတ္တမြားမြေသို့အလည်တစ်ခေါက်

မြိုင်၌ ဆောင်းရာသီ သီးနှံထုတ်ချေးငွေ ပြန်လည်ပေးသွင်း

မြိုင် ဇွန် ၁

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် မြိုင်မြို့နယ် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ ၂၀၁၃ ခုနှစ် ဆောင်းသီးနှံထုတ်လုပ်မှု ဘဏ်ချေးငွေများ ထုတ်ချေးပေးခဲ့ရာ မြို့နယ်အတွင်း ကျေးရွာအုပ်စုပေါင်း ၃၃ အုပ်စုမှ အဖွဲ့ဝင်တောင်သူ ၂၂၁၃ ဦးသို့ ချေးငွေပေါင်း ကျပ် ၂၅၄၉ သိန်းကို မြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ ထုတ်ချေးခဲ့သည်။

အဆိုပါ ဘဏ်ချေးငွေများကို မေ ၂၉ ရက်အထိ ကျပ် ၂၄၂၆ သိန်း ပြန်လည်ပေးသွင်းပြီး ကျန်ငွေများကို ဇွန် ၁၅ ရက်တွင်မြို့နယ်လုံးကျွတ်ကြွေးကျေစွာကောက်ခံမည်ဖြစ်ကြောင်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ မန်နေဂျာ ဦးကြည်ဝင်းနှင့် ဝန်ထမ်းများထံမှ သိရသည်။

စိန်မြိုင်(မြိုင်)

■

မလှိုင်မြို့၌ မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးအခမ်းအနားကျင်းပ

မလှိုင် ဇွန် ၁

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့ ပန်းလှိုင်ရွှေဝါခန်းမ၌ မေ ၃၁ ရက် နံနက် ၉ နာရီက မြို့နယ်လုံးကျွတ်ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကျင်းပရာ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ လှူဒါန်းသော စာသင်ခုံ ၂၅၀ အား လမ်းပန်းဆက် သွယ်ရေးဝန်ကြီး ဦးကျော်ဆန်းက ပေးအပ်လှူဒါန်းခဲ့ရာ မြို့နယ်ပညာရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်သိန်းလှိုင်က လက်ခံရယူသည်။

ထို့နောက် မူလတန်းအဆင့် ကျောင်းသုံးဗလာစာအုပ် (အခမဲ့)တစ်ဦးလျှင် ခြောက်အုပ်နှုန်းနှင့် ပညာသင်ထောက်ပံ့ငွေကျပ် ၁၀၀၀ နှုန်းကို လူမှုရေးဝန်ကြီး ဒေါက်တာဝင်းလှိုင်က လည်းကောင်း၊ အလယ်တန်းအဆင့် ကျောင်းသားကျောင်းသူများအတွက် ကျောင်းသုံးပုံနှိပ်စာအုပ်၊ ကျောင်းလခ PTA နှင့် ASL ကြေးများကို တိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား မလှိုင်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးမောက်တို့က ပေးအပ်လှူဒါန်းရာ မြို့နယ်ပညာရေးမှူးက လက်ခံရယူသည်။ မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနှင့် အခမ်းအနားတွင် စုစုပေါင်းလှူဒါန်းငွေ ကျပ် ၁၀၈ ဒသမ ၁ သိန်းဖြစ်ကြောင်း လက်ထောက်မြို့နယ်ပညာရေးမှူး ဦးစောလွင်ထံမှ သိရသည်။ **ကျော်ကျော်(မလှိုင်)**

ကြံခင်း၌ ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကျင်းပ

ကြံခင်း ဇွန် ၁

ဟင်္သာတခရိုင် ကြံခင်းမြို့နယ် ကွေ့မအုပ်စု အလကချောင်းခွကျောင်းခန်းမ၌မေ ၃၁ ရက် နံနက် ၁၀ နာရီတွင် ၂၀၁၄-၂၀၁၅ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးမင်းထိုက်က အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဦးသိန်းဝင်းက ကျောင်းအပ်နှံရေးနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ တိုင်းဒေသကြီး အစိုးရအဖွဲ့က မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများသို့ ဗလာစာအုပ် ဒါဇင် ၃၉၀၀၊ ဌာနဆိုင်ရာများမှ လှူဒါန်းငွေကျပ် ငါးသိန်း၊ မြို့နယ်စည်ပင်သာယာရေးကော်မတီမှ အလှူငွေကျပ်နှစ်သိန်းနှင့် ပညာရေးဝန်ကြီးဌာနမှ ဗလာစာအုပ် ဒါဇင် ၁၀၀၀၊ အလှူငွေနှင့်ထောက်ပံ့ပစ္စည်းများကို ပေးအပ်လှူဒါန်းကြသည်။ အလားတူ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို ရွှေကြာရုံဘုန်းတော်ကြီးသင်ပညာရေးကျောင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။ **မသူ(ပြန်/ဆက်)**



တ/ဥ အသက VIP အကွက်များ ဝယ်လိုသည်
ပိုင်ရှင်များ တိုက်ရိုက်ဆက်သွယ်ပေးပါရန်။
ဖုန်း-၀၉-၄၉၃၃၆၅၇၃

ဥရုဂွေးအသင်းလူစာရင်း၌ ဒူးခွဲစိတ်ခံထားရသော ဆွာရတ်ဇ်ပါဝင်လာ

ဥရုဂွေး ဇွန် ၁

လီဗာပူးတိုက်စစ်မှူး လူးဝစ်ဆွာရတ်ဇ်သည် မကြာသေးမီက ရရှိခဲ့သည့် ဒူးဒဏ်ရာကြောင့် ခွဲစိတ်ကုသမှုခံယူခဲ့ရသော်လည်း ဥရုဂွေးအသင်း၏ ၂၃ဦး စာရင်းတွင် ပါဝင်လာခဲ့ကြောင်း သိရသည်။

အသက် (၂၇)နှစ်အရွယ်ရှိ တိုက်စစ်မှူးဆွာရတ်ဇ်သည် ၎င်း၏ဒဏ်ရာကို မေ ၂၂ ရက်က ခွဲစိတ်ကုသမှုခံယူခဲ့ပြီး ဥရုဂွေးအသင်း၏ ကမ္ဘာ့ဖလားအုပ်စု(D) အဖွင့်ပွဲစဉ်ဖြစ်သည့် ဇွန် ၁၄ ရက်တွင် ယှဉ်ပြိုင်ကစားမည့် ကော်စတာရီကာ အသင်းနှင့် ပွဲစဉ်တွင်ပါဝင်လာရန် မျှော်လင့်ထားကြောင်း သိရသည်။

ဥရုဂွေးအသင်းနည်းပြ အော်စကာတာဘာရက်ဇ်သည် တိုက်စစ်မှူးလူးဝစ် ဆွာရတ်ဇ်အပြင် ပရီမီယာလိဂ်ကစားသမားသုံးဦးဖြစ်သည့် လီဗာပူးနောက်တန်း ကစားသမား ဆီဘတ်စတီယန်ကိုယာတက်စ်၊ ဆောက်သမ်တန် ကွင်းလယ် ကစားသမား ဂတ်စ်တန်ရာမီရက်ဇ်နှင့် ဝက်စ်ဘရွန်းနောက်ခံလူ လူဂါနိုတို့ကိုပါ ရွေးချယ်ထားခဲ့သည်။

နည်းပြ အော်စကာတာဘာရက်ဇ် ရွေးချယ်ထားသည့် ၂၃ ဦးစာရင်းမှာ ဂိုး-မက်ဆာလာရာ၊ မာတင်ဆေးလ်ဗား၊ ရိုဒရီဂိုမိုနေ့ဇ်၊ နောက်တန်း - ပီရိန်ရာ၊ လူဂါနို၊ ဒီရေဂိုဂိုဒင်၊ ဂီမီနက်ဇ်၊ ဆီဘတ်စတီယန်ကိုယာတက်စ်၊ ကာ ဆာရက်၊ ဖူစီလီ၊ ကွင်းလယ်- ဂွန်ဇာလက်ဇ်၊ အယ်လ်ဗာရိုပီရိန်ရာ၊ ဂါဂါနို၊ အရီ ဗာလိုရိုင်းရော့စ်၊ ဒီယေဂိုပီရက်ဇ်၊ ရိုဒရီဂတ်ဇ်၊ ဂတ်စ်တန်ရာမီရက်ဇ်၊ လိုဒီရို၊ ရှေ့တန်း-လူးဝစ်ဆွာရတ်ဇ်၊ ကာဗာနီ၊ အဘယ်လ်ဟာနန်ဒက်ဇ်၊ ဒီယေဂိုဖော်လန်နှင့် ခရစ္စတီယန် စတူယာနီတို့ ဖြစ်ကြသည်။

(ငွေကြယ်)

ကမ္ဘာ့ဖလားမှာ အာရှကိုယ်စားပြုအသင်းတွေ ဘယ်လောက်အောင်မြင်မလဲ

ဘရာဇီးနိုင်ငံမှာကျင်းပတော့မယ့် ဖီဖာကမ္ဘာ့ဖလားပြိုင်ပွဲကြီးဟာ မကြာမီရက်ပိုင်းအတွင်းမှာ စတင်တော့မှာဖြစ်ပါတယ်။ ဒါကြောင့် အာရှတိုက်က ကိုယ်စားပြုအသင်းတွေအနေနဲ့လည်း ပြင်ဆင်မှုများစွာ ပြုလုပ်နေပြီး အောင်မြင်မှုတွေဘယ်လောက်များများရရှိနိုင်မလဲဆိုတာကိုတော့ မကြာခင်မှာစောင့်ကြည့်ရတော့မှာပါ။ ဒီပြိုင်ပွဲကြီးမှာ ပါဝင်ယှဉ်ပြိုင်ခွင့်ရရှိထားတဲ့ အာရှကိုယ်စားပြုအသင်းတွေကတော့ ဂျပန်၊ တောင်ကိုရီးယား၊ ဩစတြေးလျနဲ့ အီရန်တို့ပဲဖြစ်ပါတယ်။

ဂျပန်

ဂျပန်အသင်းကတော့ အုပ်စု(ဂ) မှာ ပါဝင်နေပြီး ကိုလံဘီယာ၊ ဂရိ၊ အိုင်ဗရီကို့စ်စတဲ့ ပြိုင်ဘက်အသင်းတွေနဲ့ကစားရမှာပါ။ ဒီအုပ်စုအနေအထားဟာ ဂျပန်အသင်းအတွက် ခက်ခဲမှုသိပ်မရှိသလို နောက်တစ်ဆင့်မျှော်လင့်ချက်အတွက် အားကောင်းစေပါတယ်။ ပြိုင်ဘက်အနေအထားကို ကြည့်မယ်ဆိုရင်လည်း အဓိကအနေနဲ့ အိုင်ဗရီကို့စ်၊ ကိုလံဘီယာတို့ကတော့ နောက်တစ်ဆင့်တက်ဖို့ရေပန်းစားနေပေမယ့်လည်း ဂျပန်အသင်းရဲ့ရှုန်းကန်အားကို ဆက်လက်စောင့်ကြည့်ရဖို့ရှိပါတယ်။ ဂျပန်ဟာ ကစားသမားအင်အားပိုင်းမှာ အားလုံးထက် သာလွန်နေပြီး ကာဂါဝါ၊ ဟွန်ဒါ၊ အိုကာဇာကီ၊ အူချီဒါ၊ နာဂါတိုမို၊ အိုဆာကိုစတဲ့ ကစားသမားပိုင်းစုဖွဲ့မှုက ပြိုင်ဘက်တွေထက်နှာတစ်ဖျားသာပါတယ်။ ဒါ့အပြင် ဂျပန်အသင်းဟာ ခြေစမ်းပွဲစဉ်တွေမှာ ဘယ်လ်ဂျီယံလို ကစားသမားအင်အားတောင့်တင်းတဲ့ အသင်းမျိုးကို အဝေးကွင်းမှာအနိုင်ကစားနိုင်ခဲ့သလို သမုဒ္ဒရာပိုင်းဇုန်က နယူးဇီလန်ကို ၄-၂ ဂိုးနဲ့ဂိုးပြတ်အနိုင်ရရှိခဲ့ပြီး ကမ္ဘာ့ထိပ်သီးဟော်လန်ကိုလည်း ၂-၂ သရေကစားနိုင်ခဲ့ပါတယ်။ ဒါကြောင့် အခုပြိုင်ပွဲမှာလည်း ဂျပန်အသင်းကိုစောင့်ကြည့်ပြီး အာရှကိုယ်စားပြု အသင်းအားလုံးထဲမှာ နောက်တစ်ဆင့်မျှော်လင့်ချက်အတွက် အလားအလာအကောင်းဆုံးအသင်းလို့ပြော နိုင်ပါတယ်။

တောင်ကိုရီးယား

တောင်ကိုရီးယားအသင်းကတော့ အုပ်စု(ဇ)မှာပါဝင်နေပြီး ရုရှား၊ ဘယ်လ်ဂျီယံ၊ အယ်လ်ဂျီးရီးယားတို့နဲ့ ရင်ဆိုင်ရမှာဖြစ်ပါတယ်။ တောင်ကိုရီးယားအသင်းဟာ ဥရောပအခြေစိုက်ကစားသမား ကိုးဦးပါဝင်လာခဲ့ပြီး ကီဆန်ယောင်၊ ပတ်ချူယောင်၊ ဆွန်ဟောင်မင်၊ ကူဂျာချိုးလ်၊ ဂျီဒေါင်ဝန်စတဲ့ကစားသမားတွေ ပါဝင်နေတာကြောင့် လူအင်အားပိုင်းမှာမဆိုးပါဘူး။ ဒါပေမယ့်လည်း တူနီးရှားနဲ့ကစားခဲ့တဲ့ ခြေစမ်းပွဲစဉ်မှာ အဓိကနောက်ခံလူ ဟောင်ဂျောင်ဟိုဒဏ်ရာရရှိသွားခဲ့လို့ တောင်ကိုရီးယားအတွက် ထိုးနှက်ချက်တစ်ရပ်ဖြစ်စေပြီး ကမ္ဘာ့ဖလားမှာတော့ ကင်ယောင်ဂွန်း၊ ကွမ်တေးဟီတို့ကိုသာ အားကိုးကစားရဖို့ရှိပါတယ်။ ဒီအုပ်စုကိုကြည့်မယ်ဆိုရင်တော့ ကာပယ်လိုရဲ့ ရုရှားနဲ့ ကစားသမားအင်အားတောင့်တင်းတဲ့ ဘယ်လ်ဂျီယံတို့သာ နောက်တစ်ဆင့်အတွက် အလားအလာအကောင်းဆုံးဖြစ်ပါတယ်။ ဒါကြောင့် ဒီနှစ်မှာတော့ တောင်ကိုရီးယားအသင်းဟာ အုပ်စုတွင်းကနေလွတ်မြောက်ဖို့အတွက် ရုန်းကန် ရမှာဖြစ်ပြီး အာဖရိကဇုန်က အယ်လ်ဂျီးရီးယားကိုလည်း မဖြစ်မနေနိုင်ဖို့ လိုအပ်ပါတယ်။ ပြီးတော့နောက်ပွဲစဉ်တွေမှာလည်း အင်အားတောင့်တဲ့ ရုရှား၊ ဘယ်လ်ဂျီယံတို့ကို မရှုံးအောင်ကစားဖို့လိုအပ်နေတာကြောင့် တောင်ကိုရီးယားရဲ့ နောက်တစ်ဆင့်မျှော်လင့်ချက်ကိုလည်း ဆက်ပြီးစောင့်ကြည့်ရဦးမှာပါ။

ဩစတြေးလျ

စပိန်၊ ဟော်လန်၊ ချီလီတို့ပါဝင်နေတဲ့ အုပ်စုမှာ ဩစတြေးလျကတော့ အိမ်ဖြည့်ထက်မပိုနိုင်ပါဘူး။ ကစားသမားပိုင်းမှာ ရှဝါဇာ၊ တင်မ်ကာဟေးတို့လို ဥရောပအခြေစိုက်ကစားသမားတွေအပြင် ပြည်တွင်းအခြေစိုက်တွေပါ ပါဝင်နေပေမယ့် ဒီအုပ်စုမှာ သုံးပွဲစလုံးရှုံးပျက်ဆင်းပျက်မရှုံးလာစေဖို့ပဲ မျှော်လင့်ရမှာပါ။

အီရန်

အုပ်စု(စ)မှာတော့ အီရန်ဟာ ဘော့စနီးယား၊ အာဂျင်တီးနား၊ နိုင်ဂျီးရီးယားတို့ကိုကျော်ဖြတ်နိုင်ဖို့အခွင့်အလမ်းမရှိပါဘူး။ ဖူလ်ဟမ် တိုက်စစ်မှူး ဒီဂျာဂါဦးဆောင်တဲ့ အီရန်တိုက်စစ်က ထက်မြက်ပေမယ့် ကမ္ဘာ့အဆင့်ပြိုင်ပွဲတွေမှာတော့ အနည်းငယ်လိုအပ်ချက်တွေရှိနေဦးမှာပါ။ ဒါကြောင့် အီရန်အနေနဲ့ အမြင့်ဆုံးမျှော်လင့်နိုင်တာကတော့ အုပ်စုတတိယနေရာဖြစ်ပြီး မိခင်နိုင်ငံကို သိက္ခာရှိရှိပြန်လာနိုင်ဖို့အတွက် အီရန်ကစားသမားတွေ ကြိုးစားရတော့မှာပါ။

အာရှတိုက်က အသင်းတွေဟာ ဒီဘက်နှစ်တွေမှာခြေစွမ်းပိုင်းတိုးတက်လာခဲ့ပြီး ၂၀၁၂ လန်ဒန်အိုလံပစ်မှာလည်း ဂျပန်နဲ့ တောင်ကိုရီးယားအသင်းတွေဟာ နောက်ဆုံးလေးသင်း(ဆီမီးဖိုင်နယ်)ထိ စာရင်းပေါက်ခဲ့ပါတယ်။ ဒါကြောင့် အခုဘရာဇီးကမ္ဘာ့ဖလားမှာလည်း အာရှကိုယ်စားပြုအသင်းတွေ ဘယ်အဆင့်ထိရောက်ရှိပြီး အာရှဂုဏ်ကိုဘယ်လောက်ဆောင်နိုင်မလဲဆိုတာ စောင့်ကြည့်ရပေဦးမည်။

(ကိုရဲ)

တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို မေ ၃၁ ရက်က ထားဝယ်မြို့ ရှမ္မလည်ဆွဲရပ် တိုင်းအားကစားခန်းမ၌ ကျင်းပရာ ပထမပွဲစဉ်အဖြစ် ထားဝယ်မြို့နယ်အသင်းနှင့် လောင်းလုံမြို့နယ်အသင်း ယှဉ်ပြိုင်ကစားရာ ထားဝယ်မြို့နယ် အသင်းက အနိုင်ရရှိသည်။

(တိုင်းဒေသကြီးပြန်/ဆက်)

ပန်းခင်းသစ်
ပ ညာ ရေး ဂျာ နယ်
နဝမတန်း + တက္ကသိုလ်ဝင်တန်း

မိဘဂုဏ်

ယာဉ်မဆင်မခြင်မောင်းနှင်မှုကြောင့် အပြစ်မဲ့ကလေးသေဆုံး

ချောင်းဦး ဇွန် ၁

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ် ကောလင်း-ဥက္ကံ ကားလမ်းမပေါ်တွင် မေ ၃၁ ရက် နံနက် ၁၀ နာရီ မိနစ် ၅၀ ခန့်က ခြောက်ဘီးယာဉ်သည် ဆိုင်ကယ်ကို ကျော်တက်ရာမှ ဆိုင်ကယ် ညာဘက်လက်ကိုင်းဖြင့် ချိတ်မိပြီး ဆိုင်ကယ်ပေါ်မှ ငါးနှစ်သမီး ပြုတ်ကျသေဆုံးသွားကြောင်းသိရသည်။

ဖြစ်စဉ်မှာ သဖန်းကုန်းကျေးရွာနေ ဦးကြည်သိန်းသည် မေ ၃၁ ရက် နံနက် ၁၀ နာရီ မိနစ် ၅၀ ခန့်က ၃၈ယ/. . . . ကမ်ဘို ၁၂၅ အနက်ရောင်ဆိုင်ကယ်နောက်တွင် ဇနီး ဒေါ်ဝင်းနှင့် သမီးဖြစ်သူ ငါးနှစ်အရွယ် မသော်တာမြတ်နိုးတို့ကို တင်ဆောင်၍ကောလင်း-ဥက္ကံကားလမ်းအတိုင်း အရှေ့မှ အနောက်သို့မောင်းနှင်လာစဉ် ကောလင်းမြို့ အောင်မင်္ဂလာရပ်နေသူ ယာဉ်မောင်း အောင်ကိုဝင်း(၃၁)နှစ် မောင်းနှင်လာသော ၈/. . . . ကာကိုအမျိုးအစား အစိမ်းရောင် ခြောက်ဘီးယာဉ်က ဆိုင်ကယ်အား ညာဘက်မှ ကျော်တက်စဉ် ဆိုင်ကယ်၏ ညာဘက်လက်ကိုင်ဖြင့် ချိတ်မိပြီး မသော်တာမြတ်နိုးမှာ လွင့်စဉ်သွားပြီး ကားအောက်သို့ ရောက်သွားရာမှ နေရာ၌ပင်သေဆုံးသွားပြီး ဆိုင်ကယ်မောင်းနှင်သူ ဦးကြည်သိန်း၏ ယာဘက်ပါး၊ ပေါင်နှင့် ဒူးခေါင်းများ ပွန်းပဲ့ဒဏ်ရာရရှိခဲ့ကြသည်။

အဆိုပါယာဉ်တိုက်မှုနှင့်ပတ်သက်၍ ယာဉ်မောင်း အောင်ကိုဝင်းအား ကောလင်းရဲစခန်းက ယာဉ်(ပ)၂၆/၂၀၁၄၊ ပြစ်မှုပုဒ်မ ၃၀၄(က)အရ အမှုဖွင့်အရေးယူထားကြောင်းသိရသည်။ **(၂၁၄)**

ပဲခူးမြို့၌ မူးယစ်ဆေးဝါး သိမ်းဆည်းရမိ

ပဲခူး ဇွန် ၁

မူးယစ်ဆေးဝါးတပ်ဖွဲ့စုနှင့် ပဲခူးမြို့အမှတ်(၃)ရဲစခန်းတို့မှ တာဝန်ရှိသူများသည် မေ ၃၁ ရက်က မူးယစ်ဆေးဝါးသတင်းအရ ဥသာမြို့သစ်(၇)ရပ်ကွက်ရုံးရှေ့ ပင်စည်ဈေးလမ်းမပေါ်တွင် စောင့်ဆိုင်းနေစဉ် ပဲခူးမြို့ နန်းတော်ရာရပ်ကွက် အမှတ်(၅၀) သနပ်ပင်လမ်းနေသူ ရန်ကိုရှင်း(၂၀)နှစ်နှင့် ပန်းခြံကုန်းရပ် မြို့တွင်းကြီးနေသူ အောင်ကျော်ဟိန်း(၂၀)နှစ်တို့သည် ၉ယ/. . ဆိုင်ကယ်ကို စီးနင်းလာ၍ ရှာဖွေခဲ့ရာ ရန်ကိုရှင်းပါးစပ်အတွင်း ပလပ်စတစ်ဖြင့် ထုပ်ထားသည့် WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၃၀ အား ငုံလျက်တွေ့ရသဖြင့် သိမ်းဆည်းခဲ့ပြီး စိတ်ကြွရူးသွပ်ဆေးပြားများအား ဥသာမြို့သစ်(၁၄)ရပ်ကွက် ခရစ်ယာန်လမ်းနေ မသီဂီထွန်း(၃၀)နှစ်ထံမှ ငွေကျပ် ၁၀၅၀၀၀ ဖိုးဝယ်ယူခဲ့ကြောင်းသိရှိ၍ ၎င်းတို့ သုံးဦးအား အမှုဖွင့်အရေးယူလျက်ရှိကြောင်း သိရသည်။ **ရွှေဘုန်းအောင်(ပဲခူး)**

စာ တည်း ထံ ပေး စာ

ရေစီးရေလာကောင်းမွန်ရေး

မြောက်ဥက္ကလာပမြို့နယ် (စ)ရပ်ကွက်ရှိ မေခါဝီလမ်းမကြီးနှင့် ဝဇီရာ(၁)လမ်း တောင်ဘက်ခြမ်း၊ မြောက်ဘက်ခြမ်း၊ သုနန္ဒာ (၆)လမ်းတို့၏ကြားရှိ နောက်ဖေးလမ်းကြားအား ပိတ်၍ မြေများဖို့ထားခြင်း၊ လမ်းကြားအတွင်း အိမ်သာများ ကျူးကျော်ဆောက်လုပ်ထားခြင်းတို့ကြောင့် ရေစီးရေလာကောင်းမွန်ခြင်း လုံးဝမရှိဘဲ ဖြစ်နေသည်။

မိုးရွာသည်နှင့်တစ်ပြိုင်နက် မေခါဝီလမ်းမကြီးနှင့် ဝဇီရာလမ်းသွယ်(၁) တောင်မြောက်ခြမ်း၊ သုနန္ဒာ (၆)လမ်းရှိ နေအိမ်များအတွင်း ရေဝင်ခြင်း၊ ရေစီးရေလာလုံးဝမရှိတော့ခြင်းတို့ကြောင့် လူကြီးလူငယ်နှင့် ကလေးများ ကျန်းမာရေးအတွက် သက်ဆိုင်ရာမှ ဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

(ရေဘေးအန္တရာယ်စိုးရိမ်သူများ)

ရေပုပ်ရေသိုးမြောင်းများ တူးဖော်ပေးစေလို

ရန်ကုန်တိုင်းဒေသကြီး ပန်းဘဲတန်းမြို့နယ် အနော်ရထာလမ်း (၃၁)လမ်းနှင့် (၃၂)လမ်းကြားရှိ နှစ်ထပ်တိုက်တန်းလျားသည် စည်ပင်ပိုင် နောက်ဖေးလမ်းကြားကို လုံးဝပိတ်ဆို့ပြီး အခိုင်အမာကွန်ကရစ်လောင်းကာ တိုးချဲ့အဆောင်များ ဆောက်လုပ်ထားပါသဖြင့် စည်ပင်နောက်ဖေးလမ်းကြား လုံးဝမရှိ၍ ရေပုပ်ရေသိုးများနှင့် အညစ်အကြေးများအတွက် မြောင်းလုံးဝမရှိပါသဖြင့် ယင်းရေပုပ်ရေသိုးများ မိမိအိမ်အတွင်းသို့ ၂၄ နာရီပတ်လုံး ဝင်နေသည်မှာ ငါးနှစ်ကျော်ခဲ့ပါပြီ၊ ပန်းဘဲတန်းစည်ပင်ရုံးသို့ ဓာတ်ပုံများနှင့်တကွ အခေါက်ခေါက်အခါခါတိုင်တန်းခဲ့သော်လည်း ယနေ့ထိ ဘာမျှထူးမလာပါသဖြင့် သိသာစေရန် တင်ပြအပ်ပါသည်။ **(အနံ့ဆိုးများဒဏ်မခံနိုင်သူ)**

စည်းကမ်းမဲ့ဈေးဆိုင်များကြောင့် ရေမြောင်းများပိတ်ဆို့

ရန်ကုန်မြို့ အင်းစိန်မြို့နယ်ကမ်းနားအလယ်ရပ်ကွက် အောင်ဇေယျ အိမ်ရာမြေညီထပ်ရှိ ဈေးဆိုင်ခန်းများသည် ရေနုတ်မြောင်းများပေါ်တွင် အဆောက်အအုံများကို အခိုင်အမာဆောက်လုပ်ထားသောကြောင့် ရေမြောင်းများ ပိတ်ဆို့နေပါသဖြင့် လိုအပ်သလို အရေးယူဆောင်ရွက်ပေးနိုင်ရန် တင်ပြအပ်ပါသည်။

(စည်းကမ်းရှိစေလိုသူ)

ပတ်ဝန်းကျင်ညစ်ညမ်းမှုဆိုင်ရာ အနှောင့်အယှက်အား ရှင်းလင်းဖယ်ရှားပေးပါရန်

မင်္ဂလာတောင်ညွန့်မြို့နယ် ရေတွင်းကုန်းရပ်ကွက် လမ်း(၁၂၀) အမှတ်(၄၆) (ဘယ်ဘက်) မြေညီထပ်တွင် ပလတ်စတစ်အဟောင်းများနှင့် ကတ်ထူစက္ကူအဟောင်းများကို သိုလှောင်၍ နေ့စဉ်ရောင်းဝယ်ဖောက်ကားနေပါသည်။ ပလတ်စတစ်ဟောင်းနှင့် ကတ်ထူစက္ကူအဟောင်းများကို ညပိုင်းများတွင် ဂိုဒေါင်အတွင်း လူစောင့်မရှိဘဲ သိုလှောင်ထားခြင်းကြောင့် မီးဘေးအန္တရာယ် စိုးရိမ်ရသည်။

ထို့အပြင် ကတ်ထူစက္ကူများအတင်အချပြုလုပ်ရာမှ ထွက်ပေါ်လာသော အမှုန်အမွှားများမှာလည်း အနီးပတ်ဝန်းကျင်ရှိ သက်ကြီးရွယ်အိုများနှင့် ကလေးသူငယ်များ၏ ကျန်းမာရေးကို ဆိုးရွားစွာထိခိုက်စေပါသည်။ ကတ်ထူစက္ကူ များအား ဒိုင်နာယာဉ်ကြီးများပေါ်သို့မြင့်မားစွာထပ်၍ တင်သောကြောင့် ပတ်ဝန်းကျင်ရှိ သွယ်တန်းထားသော လျှပ်စစ်ကြိုးများ၊ တယ်လီဖုန်းကြိုးများ ထိခိုက်မိ၍ မကြာခဏပြတ်တောက်မှုများဖြစ်ပေါ်လျက်ရှိသဖြင့် သက်ဆိုင်ရာမှ ကူညီဖယ်ရှားပေးပါရန် လေးစားစွာတင်ပြအပ်ပါသည်။

(ပတ်ဝန်းကျင်ရှိနေအိမ်များ)

ကျူးကျော်ဆိုင်အား ရှင်းလင်းဖယ်ရှားပေးပါရန်

အင်းစိန်မြို့ ပိန္နဲကုန်းရပ်ကွက်ရှိ သိဒ္ဓိလမ်းဘေး၌ စားသောက်ဆိုင်တစ်ဆိုင်ဆောက်လုပ်ထားပြီး နေ့ခင်းဘက်နှင့် ညဘက်တွင် ထမင်း၊ လက်ဖက်ရည်၊ အရက်များရောင်းပြီး ည၉နက်သန်းခေါင်အထိ ကျယ်လောင်စွာစကားပြောဆိုအော်ဟစ်ခြင်း၊ ဂီတာတီး၍ သီချင်းဆိုခြင်း၊ လမ်းသွားလမ်းလာ မိန်းကလေးများနှင့် လူငယ်များအား နောက်ပြောင်ရန်စ၍ အုပ်စုဖွဲ့ရိုက်နှက်ခြင်း၊ စားသောက်ဆိုင်မှ နေ့စဉ်အညော်နံ့များကြောင့် ပတ်ဝန်းကျင်ရှိနေထိုင်သူများ၊ ဘုရားရှိခိုးကျောင်းအတွင်းရှိ ဘုရားဝတ်ပြုသူများ၊ ဦးမဲကျောင်းတိုက်မှ ဆရာတော်နှင့် သံဃာတော်များ အေးချမ်းစွာ ဘုရားဝတ်ပြုခြင်းနှင့် အနားယူအိပ်စက်ခြင်းကို အနှောင့်အယှက်ဖြစ်နေပါ၍ သက်ဆိုင်ရာမှ အရေးယူဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

(ရပ်ကွက်သားများ)

မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ်အား ကုလသမဂ္ဂ ခုခံအားကျဆင်းမှုရောဂါ တိုက်ဖျက်ရေး အဖွဲ့ (UNAIDS) မှ Country Director နှင့်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော်၊ ဇွန် ၁

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အတွင်းရေးမှူး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ဇော်ဝင်းအား ရန်ကုန်မြို့အခြေစိုက် ကုလသမဂ္ဂ ခုခံအားကျဆင်းမှု ရောဂါတိုက်ဖျက်ရေးအဖွဲ့ (UNAIDS) မှ Country Director ဖြစ်သူ Mr. Eamonn Murphy နှင့်အဖွဲ့သည် ၂၀၁၄ ခုနှစ်၊ မေ ၃၀ ရက်က မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ ရဲချုပ်၏ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံခဲ့ကြောင်း သိရသည်။

အဆိုပါ တွေ့ဆုံဆွေးနွေးရာတွင် မြန်မာနိုင်ငံအတွင်း မူးယစ်ဆေးဝါးသုံးစွဲမှုကြောင့် HIV ဖြစ်ပွားမှုနှင့် ဘေးအန္တရာယ်ဖြစ်ပွားမှု၊ ပြည်သူလူထု၏ ကျန်းမာရေးထိခိုက်စေမှု၊ တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် ရဲတပ်ဖွဲ့နှင့် အဖွဲ့အစည်းများအတွက် ဘေးအန္တရာယ်လျှော့ချရေးဆိုင်ရာ အသိပညာပေးရေးနှင့် လုပ်ငန်းစွမ်းရည် မြှင့်တင်ရေးကဏ္ဍများကို ဆွေးနွေးခဲ့ကြပြီး နေပြည်တော်၌ ဇွန်လအတွင်း မူးယစ်ဆေးဝါးသုံးစွဲမှုကြောင့် HIV ဖြစ်ပွားမှုနှင့် ဘေးအန္တရာယ်လျှော့ချရေးဆိုင်ရာ အသိပညာပေးရေး ဆွေးနွေးပွဲတစ်ခုကို UNAIDS မှ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

၎င်းတွေ့ဆုံဆွေးနွေးရာသို့ ရဲချုပ်နှင့်အတူ ရဲဦးစီးအရာရှိချုပ် ရဲမှူးချုပ်ဝင်းခေါင်၊ နိုင်ငံဖြတ်ကျော်မှုခင်းဌာနကြီးမှူး ရဲမှူးချုပ် စိုးမြိုင်၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ ခေတ္တတပ်ဖွဲ့မှူး ရဲမှူးကြီးမြင့်အောင်၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးဌာန ဌာနမှူး ရဲမှူးကြီးမြင့်ဦး၊ စီမံကိန်းဌာန ဌာနမှူး ရဲမှူးကြီး ဇော်လင်းထွန်းတို့ တက်ရောက်ခဲ့ကြပြီး UNAIDS မှ Mr. Eamonn Murphy နှင့်အတူ HIV Prevention Advisor Ms. Geraldine Cazoria ၊ အတိုင်ပင်ခံအရာရှိ ဒေါက်တာစိုင်းလုံးတစ်တို့ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

အစားအသောက်နှင့် ဆေးဝါးဓာတ်ခွဲခန်းငယ် တစ်ခု တမူးနယ်စပ်တွင် ဖွင့်လှစ်မည်

တမူး၊ ဇွန် ၁

အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာန (FDA)သည် အိန္ဒိယနိုင်ငံမှ အစားအသောက်များ ပြည်တွင်းသို့ တင်သွင်းရာ၌ စားသုံးရန် သင့်-မသင့် သိရှိနိုင်ရန် စစ်ကိုင်းတိုင်းဒေသကြီး တမူးနယ်စပ်တွင် ဓာတ်ခွဲခန်းငယ်တစ်ခု ဖွင့်လှစ်၍ စစ်ဆေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ နယ်စပ်ရှိကုန်သည်များနှင့် FDA မှ တာဝန်ရှိသူများ မတ် ၁၆ ရက်က တွေ့ဆုံဆွေးနွေးခဲ့ပြီးနောက် ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ ဓာတ်ခွဲခန်းငယ်ဖွင့်လှစ်ခြင်းဖြင့် စားသုံးရန်သင့်-မသင့် စစ်ဆေး၍ တင်သွင်းနိုင်တော့မည်ဖြစ်ပြီး စစ်ဆေးရန်ခက်ခဲသော ပစ္စည်းများကို နေပြည်တော်သို့ နမူနာယူဆောင်စစ်ဆေးသွားမည်ဖြစ်ကြောင်း၊ အမေရိကန်အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ (USAID) နှင့်ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO) တို့ ပူးပေါင်း၍ လှူဒါန်းထားသော အဆိုပါဓာတ်ခွဲခန်းတွင် အစားအသောက်နှင့် ဆေးဝါးအမျိုးအစား ၄၀ ကျော်ကို အချိန်တိုအတွင်း စစ်ဆေးပေးနိုင်မည်ဖြစ်ကြောင်း တမူးနယ်စပ်ကုန်သွယ်ရေးစခန်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ယင်းကဲ့သို့ အစားအသောက်နှင့် ဆေးဝါးဓာတ်ခွဲခန်း ဖွင့်လှစ်ခြင်းအားဖြင့် နယ်စပ်ကုန်သွယ်မှုပမာဏ တိုးတက်လာနိုင်ဖွယ်ရှိပြီး မြန်မာ-အိန္ဒိယ နယ်စပ်ကုန်သွယ်ရေးတွင် အဓိကစခန်းဖြစ်သော တမူးနယ်စပ် ကုန်သွယ်ရေးစခန်းမှ ယခုဘဏ္ဍာရေးနှစ်စ ၁၅ ရက်အတွင်း ပို့ကုန်ဒေါ်လာ တစ်သန်းကျော် ရရှိပြီးဖြစ်ရာ ၂၀၁၄-၂၀၁၅ ခုနှစ်အတွက် ကုန်သွယ်မှုပို့ကုန် အမေရိကန်ဒေါ်လာ ၂၃ သန်းနှင့် သွင်းကုန် ၁၇ သန်းကျော် စုစုပေါင်းအမေရိကန် ဒေါ်လာသန်း ၄၀ ကျော်ရရှိရန် လျာထားကြောင်း သိရသည်။

ချင်းတွင်းသား

မလှိုင်မြို့မရဲစခန်းဝင်းအတွင်း သက်သာချောင်ချိရေးအတွက် ငါးမွေးမြူရေးကန်တူးဖော်

မန္တလေး၊ဇွန် ၁

မန္တလေးတိုင်းဒေသကြီး၊ မလှိုင်မြို့မရဲစခန်းဝင်းအတွင်းရှိ ရဲတပ်ဖွဲ့ဝင်များ သက်သာချောင်ချိရေးအတွက် ရည်ရွယ်၍ ရဲစခန်းဝင်းအလယ်၌ အကျယ်ပေ ၁၀၀ ခန့်ပတ်လည်ရှိ ငါးမွေးမြူရေးကန်ငယ်တစ်ကန်အား မေ ၂၂ ရက်၌ စတင်တူးဖော်နေကြောင်း သိရသည်။

ငါးမွေးမြူရေးကန်ငယ်တူးဖော်နေမှုနှင့်ပတ်သက်ပြီး မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် ရဲတပ်ဖွဲ့ဝင်များ၏ မိသားစုသက်သာချောင်ချိရေးအတွက် ရည်ရွယ်ပြီး စခန်းဝင်းအတွင်း တစ်ပိုင်တစ်နိုင် မွေးမြူရေး၊ စိုက်ပျိုးရေးကိစ္စများကို ကြီးကြပ်ပြီး လုပ်ကိုင်ဆောင်ရွက်ပေးနေကြောင်း၊ ယခုလည်း ရဲတပ်ဖွဲ့ဝင်များ၏မိသားစု သက်သာချောင်ချိရေးအတွက် တစ်ပိုင်တစ်နိုင် ငါးမွေးမြူရေးကန်ငယ်အား စမ်းသပ်ပြီး တူးဖော်နေကြောင်း၊ အကယ်၍ ၎င်းကန်ငယ်အောင်မြင်ခဲ့လျှင် ရဲစခန်းအနောက်ဘက်တွင် ပေ ၂၀၀ ပတ်လည် ငါးမွေးမြူရေးကန်ငယ်တစ်ကန် ဆက်လက် တူးဖော်မည်ဖြစ်ကြောင်း၊ မွေးမြူစိုက်ထည့်မည့်ငါးကို ဒေသတွင်းငါးများကိုသာ စိုက်ထည့်မွေးမြူသွားမည်ဖြစ်ကြောင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူးထံမှ သိရသည်။

ကျော်ကျော်(မလှိုင်)

ရေစကြိုအထက(၁)ကျောင်း ဘင်ခရာတီးဝိုင်းမှ လေမှုတ်တူရိယာများ ပျောက်ဆုံး

ရေစကြို၊ ဇွန် ၁

မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့နယ် အထက (၁) ဘင်ခရာတီးဝိုင်း မှ ကာလတန်ဖိုး သိန်း ၃၀၊ ၄၀ တန်သည့် အနောက်နိုင်ငံလုပ် လေမှုတ်တူရိယာများ ကျောင်းရှိစတိုခန်းအတွင်းမှ ပျောက်ဆုံးနေသဖြင့် ကျောင်းသား၊ ကျောင်းသူဟောင်းများက သက်ဆိုင်ရာသို့ တိုင်ကြားခဲ့ရာ ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီတွင် အမှတ် (၂) အခြေခံပညာဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦး လာရောက်၍ လက်ထောက်ပညာရေးမှူးနှစ်ဦးနှင့်အတူ စစ်ဆေးသွားခဲ့သော်လည်း ယနေ့ထိ တိကျမှန်ကန်သည့် အဖြေထွက်မလာသေးသဖြင့် အမှုမှန်ပေါ်ပေါက်ရေး ဒေသခံများက လိုလားလျက်ရှိသည်။

ရေစကြိုမြို့နယ်မှ ဘင်ခရာတပ်ဖွဲ့တီးဝိုင်းသည်မြို့နယ်သာမက ဝန်ကြီးဌာန အခမ်းအနားကြီးများအထိ တီးမှုတ်ရသည့် ဘင်ခရာတီးဝိုင်းဖြစ်ခဲ့ကြောင်း သိရသည်။

ဖေထွဏ်းဇော်(ရေစကြို)

သင့်သွေးဖြင့် အသက်ကယ်ပါ

မြန်မာနိုင်ငံ အွန်လိုင်းအိမ်ခြံမြေဈေးကွက်၏ လေးပုံသုံးပုံမှာ ငှားရမ်းမှုထက် ဝယ်ယူသူများသာဖြစ်လာ

ရန်ကုန်၊ ဇွန် ၁

မြန်မာနိုင်ငံ အွန်လိုင်းအိမ်ခြံမြေဈေးကွက်တွင် အကြီးမားဆုံးဈေးကွက်တစ်ခုနေဖြင့် ရပ်တည်နေလျက်ရှိသည့် House.com.mm ၏ စစ်တမ်းအရ မြန်မာနိုင်ငံ အွန်လိုင်းအိမ်ခြံမြေဈေးကွက်၏ လေးပုံသုံးပုံမှာ ငှားရမ်းမှုထက် ဝယ်ယူမှုပိုများသည်ဟု မတ် ၂၈ ရက်က ထုတ်ပြန်ကြေညာကြောင်း သိရသည်။

မြန်မာနိုင်ငံ၏ အိမ်ခြံမြေဈေးကွက်မှာ တစ်မုဟုတ်ချင်းတိုးတက်လာလျက်ရှိရာ အွန်လိုင်းအိမ်ခြံမြေဈေးကွက်မှာလည်း အဓိကကျသည့်ဈေးကွက်တစ်ခုအဖြစ် ရပ်တည်လာခဲ့သည်။

House.com.mm ၏ မိခင်ကုမ္ပဏီဖြစ်သည့် Lamudi ၏ စစ်တမ်းအရ House.com.mm ၏ ၇၅ ရာခိုင်နှုန်းမှာ ဝယ်ယူသူများဖြစ်ပြီး ကျန် ၂၅ ရာခိုင်နှုန်းမှာ ငှားရမ်းသူများဖြစ်ကြောင်း တွေ့ရှိရသည်။

House.com.mm ၏ Country Manager ဖြစ်သူ Michiel Bakker က "ဒီအိမ်ခြံမြေဈေးကွက် ပိုမိုကြီးမားလာတာနဲ့အမျှ ကျွန်တော်တို့ရဲ့ Customer တွေက သူတို့ရဲ့ ကိုယ်ပိုင်အိမ်ခြံမြေတွေမှာ ပိုမိုရင်းနှီးမြှုပ်နှံလာကြတယ်။ အခုလည်း ငှားရမ်းမှုထက် ပိုမိုဝယ်ယူလာတာကိုလည်း တွေ့ရပါတယ်။ တစ်ဦးချင်းအလိုက် အရင်ခေတ်ကလူတွေက သူတို့ကိုယ်ပိုင်အိမ်အဖြစ် ဝယ်ယူပြီးအခြေချလာတာတွေ တွေ့ရပါတယ်။ သိပ်အဆင်မပြေတဲ့ ဘဏ်စနစ်နဲ့ တခြားရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းတွေ အားနည်းနေမှုတွေက မြန်မာနိုင်ငံ အိမ်ခြံမြေဈေးကွက်မှာ ပိုမိုရင်းနှီးမြှုပ်နှံလာမှုကို ဖြစ်ပါတယ်" ဟု ပြောသည်။

House.com.mm ၏ အိမ်ခြံမြေဝယ်ယူ ငှားရမ်းသူများမှာ အများအားဖြင့် အမျိုးသားများဖြစ်ကြောင်း စစ်တမ်းတွင်ဖော်ပြထားပြီး အသက်ငယ်ရွယ်သူများမှာ အိမ်ခြံမြေငှားရမ်းလေ့ရှိပြီး အသက် ၃၅နှစ်အထက်သည် အိမ်ခြံမြေဈေးကွက်တွင် ရင်းနှီးမြှုပ်နှံလေ့ရှိကြောင်း သိရသည်။

ရန်ကုန်မြို့ရှိ အဆောက်အအုံများကို ပြန်လည်ပြုပြင်ခြင်း၊ စီမံကိန်းအသစ်များချမှတ်၍ Residential နှင့် Commercial များ တည်ဆောက်ခြင်းတို့ဖြင့် ရန်ကုန်မြို့၏ ယခင်ကထက် ပိုမိုတိုးတက်လာမှုကို မြင်တွေ့ရလျက်ရှိသည်။

ထို့ကြောင့် ရန်ကုန်မြို့သည် ကမ္ဘာတွင် တိုးတက်မှုလျင်မြန်သည့် မြို့တော်တစ်ခုဖြစ်လာခဲ့ပြီး အိမ်ခြံမြေဝယ်ယူသူများအတွက် အဓိကရွေးချယ်ရာ နေရာတစ်ခုဖြစ်လာခဲ့သည်။

House.com.mm သည် မြန်မာနိုင်ငံ၏ အိမ်ခြံမြေဈေးကွက်တွင် ဦးဆောင်သူတစ်ဦးဖြစ်လာခဲ့ကြောင်း ၂၀၁၃ ခုနှစ်တွင် ကြေညာပြီးဖြစ်ပြီး ယင်းဝက်ဘ်ဆိုက်သည် လွန်ခဲ့သည် နှစ်ပတ်က Online Listings တစ်သောင်းပြည့်ခဲ့ပြီဖြစ်သည်။

Lamudi သည် ကမ္ဘာ့အလယ်တွင် အိမ်ခြံမြေ listings တိုးတက်မှုအမြန်ဆုံးနှင့် အကြီးမားဆုံးဖြစ်ပြီး အိမ်ခြံမြေဈေးကွက်၏ ဦးဆောင်သူတစ်ဦးလည်းဖြစ်သည်။

Lamudi ကို ၂၀၁၃ ခုနှစ် တွင် စတင်တည်ထောင်ခဲ့ပြီး အာရှ၊ အာဖရိက၊ အရှေ့အလယ်ပိုင်း နှင့် နိုင်ငံ ၂၈ ခုတွင် ဖြန့်ကြက်တည်ရှိကာအိမ်ခြံမြေဈေးကွက်၏ ဦးဆောင်သူတစ်ဦးဖြစ်သည့် Lamudi သည် ဝယ်သူ၊ ရောင်းသူ၊ ငှားရမ်းသူနှင့် မြေယာငှားရမ်းသူများအတွက် လွယ်ကူအဆင်ပြေစေမည့်ကြားခံတစ်ခုအနေဖြင့် ရပ်တည်လျက်ရှိသည်။ **နေဇာ(ပိတောက်ရိပ်)**

ရမ်းဗြဲမြို့ အောင်စေတီဘုရားကြီးအား ရွှေထီးတော်၊ စိန်ဖူးတော်၊ ငှက်မြတ်နားတော် တင်လှူပူဇော်

ရမ်းဗြဲ၊ ဇွန် ၁

ရခိုင်ပြည်နယ် ရမ်းဗြဲမြို့သမိုင်းဝင် အောင်စေတီတော်မြတ်အား မေ ၁၇ ရက်တွင် ဒုတိယအကြိမ် ပြန်လည်မွမ်းမံပြုပြင်ပြီးစီး၍ ပြည်တွင်းပြည်ပသာသနာပြုကျေးဇူးတော်ရှင် အလိုတော်ပြည့်ဆရာတော်ကြီးအားအမှူးထား၍ ရွှေထီးတော်အလှူရှင်များဖြစ်ကြသော ဦးမောင်မောင်(ခ)ဦးနေမျိုးထွန်းနှင့် ညီအစ်ကိုမောင်နှမများ၊ Royal Beach Motel နှင့် Sittwe Hotel မှဟိုတယ်ဝန်ထမ်းများစုပေါင်း၍ ဗုဒ္ဓါဘိသေကအနေကဇာတင် အလှူတော်မင်္ဂလာနှင့် ရွှေထီးတော်၊ ငှက်မြတ်နားတော်၊ စိန်ဖူးတော်တို့အား တင်လှူပူဇော်ခဲ့ကြောင်းသိရသည်။

အဆိုပါ ရမ်းဗြဲမြို့ အောင်စေတီဘုရားကြီးကို ၂၀၀၂ ခုနှစ်တွင် တစ်ကြိမ် ရွှေထီးတော်တင်လှူခဲ့ပြီး ယခုဒုတိယအကြိမ်အဖြစ် အောင်မြင်စွာတင်လှူခဲ့သည်။

ဂျင်းအောင်ဘုရားကြီးကို အိမ်ရှေ့မင်းသား သီရိမဟာဓမ္မာဘိဇယ သီဟသူရကောင်းမှုတော် ရမ္မာဝတီအောင်မြေ၌ ၁၁၄၇ ခုနှစ်တွင် ရမ်းပြည့်မြို့ဝန်နရသမိုင်းရွှေကျော်သည် အေဒီ ၁၇၈၄ ခုနှစ် တွင် တည်ထားကိုးကွယ်ခဲ့သည်ဟု သိရသည်။ **နေဇာ(ပိတောက်ရိပ်)**

ယာဉ်ထိန်းဒုတိယရဲတပ်ဖွဲ့ခွဲများ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြော

နေပြည်တော်၊ ဇွန် ၁

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ယာဉ်ထိန်းရဲတပ်ဖွဲ့သည် ပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းပညာပေးဟောပြောပွဲများပြုလုပ်၍ အသိပညာပေးခြင်းများအား စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ အမှတ်(၁)ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲ(နေပြည်တော်)နှင့် အမှတ်(၂)ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲ(ရန်ကုန်)တို့၏ ကွပ်ကဲမှုအောက်ရှိ ယာဉ်ထိန်းဒုတိယရဲတပ်ဖွဲ့ခွဲများဖြစ်သည့် အမှတ်(၃)ယာဉ်ထိန်းဒုတိယရဲတပ်ဖွဲ့ခွဲ(ပဲခူး)တွင် မေ ၇ ရက်မှ ၁၇ ရက်အထိ ဟောပြောမှု ငါးကြိမ်ဆောင်ရွက်ခဲ့ကြောင်းသိရသည်။

ထိုဟောပြောမှုတွင် ပြည်သူ ၃၅၅ ဦးအားလည်းကောင်း၊ မေ ၂၀ ရက်မှ ၂၅ ရက်အထိ အမှတ်(၆)ယာဉ်ထိန်းဒုတိယရဲတပ်ဖွဲ့ခွဲ(ရန်ကုန်)၊ အမှတ်(၇)ယာဉ်ထိန်းဒုတိယရဲတပ်ဖွဲ့ခွဲ(ကရင်)၊ အမှတ်(၈)ယာဉ်ထိန်းဒုတိယရဲတပ်ဖွဲ့ခွဲ(တနင်္သာရီ)၊ အမှတ်(၉)ယာဉ်ထိန်းဒုတိယရဲတပ်ဖွဲ့ခွဲ (မွန်)နှင့် အမှတ်(၁၀)ယာဉ်ထိန်း ဒုတိယရဲတပ်ဖွဲ့ခွဲ(ဧရာဝတီ)တို့တွင် ဟောပြောမှုများ ၅၆ ကြိမ်ပြုလုပ်ခဲ့သည်။

ထို့ပြင် ပြည်သူ ၇၁၅ ဦး၊ ဆရာ၊ ဆရာမ ၃၂၀၊ ဝန်ထမ်း ၆၀ စက်မှုလက်မှု သင်တန်းသူ/သား ၂၄ ဦး၊ ပြည်သူ/ယာဉ်မောင်း ၄၆၇၄ ဦး၊ ယာဉ်မောင်း၊ ယာဉ်နောက်လိုက် ၂၂၃ ဦး၊ အနေးယာဉ်လုပ်သား ၇၅ ဦးတို့အား ယာဉ်/လမ်း စည်းကမ်း အသိပညာပေးဟောပြောခဲ့ကြောင်း သိရှိရသည်။

အမှတ်(၂)အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့်အဖွဲ့ မကွေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်/မြို့နယ်ပညာရေးမှူးများအား တွေ့ဆုံ

ပခုက္ကူ၊ ဇွန် ၁

အထက်မြန်မာပြည်၊ မန္တလေးမြို့၊ အမှတ်(၂)အခြေခံပညာဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးတင်မျိုးကြည်သည် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ဝင်း လိုက်ပါလျက် မေ ၃၀ ရက် မွန်းလွဲ ၁ နာရီတွင် ပခုက္ကူမြို့၊ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ပညာရတနာခန်းမ၌ မကွေးတိုင်းဒေသကြီးအတွင်းရှိမကွေး၊ ပခုက္ကူ မင်းဘူး၊ သရက်၊ ဂန့်ဂေါခရိုင်များမှ ခရိုင်ပညာရေးမှူးများနှင့် ၂၅ မြို့နယ်မှ မြို့နယ်ပညာရေးမှူးများအား တွေ့ဆုံခဲ့ကြောင်း သိရသည်။

ညွှန်ကြားရေးမှူးချုပ်က ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းအပ်နှံရေးအတွက် ပြည်သူအားလုံးဆောင်ရွက်ပေးဟူသည့် ဆောင်ပုဒ်နှင့်အညီ ကျောင်းအပ်နှံရေးဆောင်ရွက်မှုကို လူထုလှုပ်ရှားမှုအသွင်ဖြင့် စည်းရုံးလှုပ်ရှားဆောင်ရွက်ရန်မှာကြားခဲ့သည်။

ယခုနှစ်တွင်မူလတန်းအဆင့်၌ပုံနှိပ်အခမဲ့၊ ဗလာစာအုပ်ခြောက်အုပ်စီအခမဲ့၊ စာရေးကိရိယာဝယ်ယူရန် ငွေကျပ် ၁၀၀၀ တို့အား အခမဲ့ထောက်ပံ့ပေးသွားရန် မှာကြားခဲ့သည်။

ထို့ပြင် အလယ်တန်းအဆင့်တွင် ယခုနှစ်မှစတင်ကျင့်သုံးသည့်အတွက် ငွေကြေးကောက်ခံမှုများမရှိဘဲ ပုံနှိပ်စာအုပ်များကို အခမဲ့ဖြန့်ဝေပေးရန် မှာကြားသည်။

မိဘဆရာ အသင်းကြေး(PTA)၊ အားကစား၊ စာကြည့်တိုက်(ASL)နှင့် ကျောင်းလခများ လုံးဝကောက်ခံခြင်းမပြုဘဲ အခမဲ့ပညာသင်ကြားခွင့်ဆောင်ရွက်ပေးရန်တို့ကိုလည်းမှာကြားခဲ့သည်။

ကျောင်းလာရောက်အပ်နှံသည့်ကျောင်းသား၊ ကျောင်းသူများ၏ မိဘပြည်သူများအား ငွေကြေးကောက်ခံမှုလုံးဝမပြုလုပ်ကြရန် အတွက်လည်း မှာကြားသည်။

ပညာရေးကဏ္ဍနှင့် နီးနွယ်လျက်ရှိသောဘုန်းတော်ကြီးသင်ပညာရေး ကျောင်းများနှင့်ပေါင်းစပ်ကူညီဆောင်ရွက် ပေးသွားရန်အတွက် လည်း မှာကြားခဲ့သည်။

ပြင်ဆင်ထိန်းသိမ်းငွေစာရင်းခေါင်းစဉ်မှ ရရှိငွေနည်းသည်ဖြစ်စေ၊ များသည်ဖြစ်စေ ကော်မတီဖွဲ့စည်းဆောင်ရွက်ကာ မြို့နယ်ပညာရေးမှူးများက ယင်းကိစ္စများအား စစ်ဆေးကြပ်မတ်ဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်းသိရသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဆက်သွယ်ရေးလွှမ်းခြုံမှု ကောင်းမွန်ရန် GSM တာဝါတိုင် ၅၀ တည်ထောင်

စစ်ကိုင်း၊ ဇွန် ၁

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် GSM မိုဘိုင်းစခန်းနှင့် တာဝါတိုင် ၅၀ ကို အေရှားမက်ဂါလင်း ကုမ္ပဏီနှင့် ဆောင်ရွက်လျက်ရှိရာ မိုဘိုင်းစခန်း အဆောက်အအုံတည်ဆောက်မှုနှင့် တာဝါတိုင်တည်ထောင်မှု လုပ်ငန်းများ ရာခိုင်နှုန်းပြည့်နီးပါး ပြီးစီးနေပြီဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ဆက်သွယ်ရေးရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

စစ်ကိုင်းတိုင်းဒေသကြီး အတွင်း၌ ယခုလက်ရှိတွင် GSM စခန်းနှင့် တာဝါတိုင် ၉၇ တိုင်၊ WCDMA တိုင် ရှစ်တိုင်ရှိပြီး ယခုအကောင်အထည်ဖော်ဆောင်ရွက်နေသော မိုဘိုင်းစခန်းရှိ တာဝါတိုင် တစ်တိုင်သည် မိုဘိုင်းဖုန်း အလုံး ၃၀၀၀ ခန့် အသုံးပြုနိုင်သည်။

စစ်ကိုင်းတိုင်း ဒေသကြီးအတွင်း GSM တိုင် ၅၀ ကို မုံရွာမြို့နယ်တွင် ငါးတိုင်၊ ဘုတလင်မြို့နယ်တွင် တစ်တိုင်၊ အရာတော်မြို့နယ်တွင် တစ်တိုင်၊ ဆားလင်းကြီးမြို့နယ်တွင် တစ်တိုင်၊ ကနီမြို့နယ်တွင် တစ်တိုင်၊ စစ်ကိုင်းမြို့နယ်တွင် ငါးတိုင်၊ မြောင်မြို့နယ်တွင် တစ်တိုင်၊ ရွှေဘိုမြို့နယ်တွင် ငါးတိုင်၊ ဝက်လက်မြို့နယ်တွင် သုံးတိုင်၊ ကျွန်းလှမြို့နယ်တွင် သုံးတိုင်၊ ကန့်ဘလူမြို့နယ်တွင် လေးတိုင်၊ ရေဦးမြို့နယ်တွင် နှစ်တိုင်၊ ဒီပဲယင်းမြို့နယ်တွင် နှစ်တိုင်၊ ကလေးမြို့နယ်တွင် နှစ်တိုင်၊ မင်းကင်းမြို့နယ်တွင် တစ်တိုင်၊ တမူးမြို့နယ်တွင် နှစ်တိုင်၊ ကသာမြို့နယ်တွင် နှစ်တိုင်၊ ကောလင်းမြို့နယ်တွင် လေးတိုင်၊ အင်းတော်မြို့နယ်တွင် တစ်တိုင်၊ ဗန်းမောက်မြို့နယ်တွင် တစ်တိုင်၊ ဖောင်းပြင်မြို့နယ်တွင် တစ်တိုင်၊ လဟယ်မြို့နယ်တွင် တစ်တိုင်၊ ဟုမ္မလင်းမြို့နယ်တွင် တစ်တိုင် စိုက်ထူတည်ထောင်လျက်ရှိကြောင်း သိရသည်။

စစ်ကိုင်းတိုင်း ဒေသကြီးအတွင်း မိုဘိုင်းဖုန်းပေါင်း ၄၆၇၉၅၀ လုံးရှိပြီး GSM မိုဘိုင်းဖုန်းမှာ ၂၅၃၉၅၀ လုံး ရှိကြောင်း တိုင်းဒေသကြီး ဆက်သွယ်ရေးရုံးမှ ထုတ်ပြန်သောစာရင်းများ အရသိရသည်။ **မျိုးဝင်းထွန်း(မုံရွာ)**

ကျီးကန်းဒေါင့်ကျေးရွာ၌ မီးလောင်မှုဖြစ်ပွား

ထီးချိုင့်၊ ဇွန် ၁

ထီးချိုင့်မြို့နယ် ညောင်ပင်သာကျေးရွာအုပ်စု ကျီးကန်းဒေါင့်ကျေးရွာတွင် မေ ၃၀ ရက် နံနက် ၁၀ နာရီခွဲက အိမ်ရှင် ဦးဇော်မျိုးထွန်း(ခ)ဘတုတ်၏ နေအိမ် မီးဖိုချောင် ပေါ့ဆမီးကြောင့် မီးလောင်ကျွမ်းခဲ့သည်။

မြို့နယ်မီးသတ်တပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ၊ အခြားဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများ ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ နံနက် ၁၁ နာရီ မိနစ် ၄၀ တွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။

ဦးဇော်မျိုးထွန်း(ခ)ဘတုတ်၏ နေအိမ်အပါအဝင် လူနေအိမ် သွပ်မိုး၊ ထရံကာ၊ ပျဉ်ခင်း ၁၀ လုံး၊ သက်ငယ်မိုး၊ ထရံကာ၊ ပျဉ်ခင်းကိုးလုံး၊ သွပ်မိုး၊ ပျဉ်ခင်း၊ ပျဉ်ကာ တစ်လုံး ပေါင်းလူနေအိမ်ခြေ ၂၀ နှင့် နွားစာတိုက် ကိုးလုံး စုစုပေါင်း ၁၂ လုံး ပျက်စီးဆုံးရှုံးခဲ့ရပြီး စုစုပေါင်းပျက်စီးဆုံးရှုံးမှုတန်ဖိုးမှာငွေကျပ် ၂၇၉၀၀၀၀ ဖြစ်ကြောင်း သိရသည်။

မီးဘေး ဒုက္ခသည်များအား ၎င်းတို့၏ဆွေမျိုးများ နေအိမ်နှင့် ကျေးရွာဘုန်းတော်ကြီးကျောင်း၊ ဓမ္မာရုံများတွင်နေရာချထားကြောင်း သိရသည်။ **ဆွေဇင်မြင့်(ထီးချိုင့်)**

သတင်းတို

သဘာဝပတ်ဝန်းကျင် ဆိုင်ရာဟောပြောမည်

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဟောပြောပွဲကို ဇွန် ၅ ရက် ညနေ ၅ နာရီတွင် ရန်ကုန်မြို့ ကမ်းနားလမ်းရှိ ဗြိတိသျှကောင်စီစာကြည့်တိုက်၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ ဟောပြောဆွေးနွေးမည့်သူများမှာ Myanmar Climate Change Watch မှ အမှုဆောင် အရာရှိချုပ် ဒေါက်တာ ဦးထွန်းလွင်နှင့် Professor ဦးခင်မောင်ချိုတို့က ဟောပြောမည်ဖြစ်သည်။ **နေဇာ(ပိတောက်ရိပ်)**

နမ့်ခမ်းတွင် မူးယစ်ဆေးဝါးပပျောက်ရေး ပညာပေးဟောပြောပွဲကျင်းပ

နေပြည်တော်၊ ဇွန် ၁

ရှမ်းပြည်နယ်၊ နမ့်ခမ်းမြို့၊ အမှတ်(၁၄)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ မေ ၂၅ ရက် နံနက် ၁၀ နာရီတွင် မူးယစ်ဆေးဝါးပပျောက်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပခဲ့သည်။

အဆိုပါဟောပြောပွဲတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမောင်အေးက မူးယစ်ဆေးဝါးအန္တရာယ်နှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများအကြောင်းအရာ၊ နမ့်ခမ်းမြို့မရဲစခန်းမှူး ဒုတိယရဲမှူးခင်မောင်ညီက မူးယစ်ဆေးဝါးပပျောက်ရေးနှင့် မှုခင်းကျဆင်းရေး ကိစ္စရပ်များ၊ မြို့နယ်ဥပဒေအရာရှိ ဒေါ်ယဉ်မင်းဝေက မူးယစ်ဆေးဝါးနှင့်ပတ်သက်သည့် ပြစ်မှု/ပြစ်ဒဏ်များကို ပြောကြားကြသည်။

ထို့ပြင်အမှတ်(၂၂) မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်စု(မူဆယ်)မှ တပ်ဖွဲ့စုမှူး ဒုတိယရဲမှူး ဝင်းနိုင်က မူးယစ်ဆေးဝါးသမိုင်းကြောင်း၊ မူးယစ်ဆေးဝါးနှင့် အိမ်သုံးဆေးဝါးများ အလွဲသုံးမှုအန္တရာယ်၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးတွင် ပြည်သူလူထု ပူးပေါင်းပါဝင်စေရေးကိစ္စများကိုလည်းကောင်း၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးအဆင့်(၁) ဦးအောင်ကျော်က ကျန်းမာရေးနှင့် မူးယစ်ဆေးဝါးသုံးစွဲခြင်းဆိုးကျိုးများကိုလည်းကောင်း အသီးသီးဟောပြောခဲ့ကြပြီး ဟောပြောပွဲသို့ ဒေသခံပြည်သူ ၁၀၀ ခန့်တက်ရောက်ခဲ့ကြောင်း သိရသည်။

ပင်လောင်းမြို့ မိုင်တိုင်အမှတ် (၆၁/၇)နှင့် (၆၂)ကြားတွင် ဘရိတ်ပေါက်၍ယာဉ်တိမ်းမှောက်

နေပြည်တော်၊ ဇွန် ၁

ရှမ်းပြည်နယ်၊ ပင်လောင်းမြို့နယ်၊ ပင်လောင်း-လွိုင်ကော်ကားလမ်း၊ မိုင်တိုင်အမှတ် ၆၁/၇ နှင့် ၆၂ ကြားတွင် မေ ၂၈ ရက် နံနက် ၅ နာရီခွဲက နောင်ပိုးတောင် အဆင်းတွင် ယာဉ်တိမ်းမှောက်မှုဖြစ်ပွားကြောင်း သိရသည်။

သတင်းအရ ပင်လောင်းမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ လွိုင်ကော်မြို့၊ ဒေါဒမ္မရပ်ကွက်နေ အောင်မင်းထွေး(၂၆)နှစ် မောင်းနှင်လာသော 'ကိန္နရာရှမ်း'ခရီးသည်တင် မှန်လုံယာဉ်သည် ဘရိတ်ပေါက်၍ လမ်း၏ဝဲဘက်သို့ တိမ်းမှောက်ခဲ့ကြောင်း သိရသည်။

ထိုသို့တိမ်းမှောက်မှုကြောင့် ယာဉ်ပေါ်တွင်လိုက်ပါလာသည့် ခရီးသည် ၂၉ ဦး အနက် ကယားပြည်နယ်၊ ဒီမောဆိုမြို့နယ်၊ ဆည်မြောင်းရွာနေ စိုင်းကိုကိုမောင်(၁၅)နှစ်အပါအဝင် သုံး ဦးတွင် ပခုံးပေါက်ပြဲ၊ အရိုးကျိုး၊ ဝမ်းဗိုက်ညိုမည်း ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာတွင်သေဆုံးခဲ့ပြီး မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်၊ ရွာမလဲကျေးရွာနေ စိုးနိုင်(၃၂)နှစ်ပါ ၂၆ ဦးတွင် ဒဏ်ရာများအသီးသီးရရှိခဲ့သောကြောင့် ယာဉ်မောင်း အောင်မင်းထွေးအား ပင်လောင်းမြို့မရဲစခန်းက ယာဉ်(ပ)၁၁/၂၀၁၄၊ ပြစ်မှုပုဒ်မ ၃၀၄-က/၃၃၇/၃၃၈ ဖြင့် အမှုဖွင့်ရေးယူထားကြောင်း သတင်းရရှိသည်။ **ရဲပြန်ကြား**

မော်ဘီမြို့နယ်၌ အရက်အလွန်အကျွံသောက်စားသူ အမျိုးသားတစ်ဦး သေဆုံးမှုဖြစ်ပွား

မော်ဘီ၊ ဇွန်၊ ၁

မော်ဘီမြို့နယ်အတွင်း မေ ၂၇ ရက် ညနေပိုင်းက အမျိုးသားတစ်ဦး နေအိမ်၌ သေဆုံးနေကြောင်းသိရသည်။

ဖြစ်စဉ်မှာ မော်ဘီမြို့မရဲစခန်းမှတပ်ဖွဲ့ဝင်များသည် မော်ဘီမြို့နယ်၊ အမှတ်(၄)ရပ်ကွက်တွင် အမျိုးသားတစ်ဦးနေအိမ်၌ သေဆုံးနေကြောင်းသတင်းအရ မေ ၂၇ ရက် ညနေ ၅ နာရီက သွားရောက်စစ်ဆေးခဲ့ရာ ဇင်မောင်မောင်(ခ)မောင်မောင်အား ခြင်ထောင်အတွင်း၌ ခန္ဓာကိုယ်ပုပ်ပွလျက်သေဆုံးနေသည်ကို တွေ့ရှိရခြင်းဖြစ်ပြီး ၎င်းသည် အရက်အလွန်အကျွံသောက်စားတတ်သူဖြစ်ပြီး တစ်ဦးတည်းနေထိုင်သူဖြစ်ကြောင်း၊ မေ ၂၅ ရက်ည ၇ နာရီခန့်က အရက်သောက်ပြီး အိပ်ရာဝင်ခဲ့ကြောင်း၊ မေ ၂၇ ရက်ညနေ ၅ နာရီခန့်တွင် အပုပ်နံ့ရသဖြင့် ပတ်ဝန်းကျင်မှ သွားရောက်ကြည့်ရှုရာမှ သေဆုံးနေသည်ကိုတွေ့ရှိခြင်းဖြစ်ကြောင်းသိရသည်။ ၎င်းသေဆုံးမှုနှင့်ပတ်သက်၍ မော်ဘီမြို့မရဲစခန်းက သေမှုသေခင်းအမှတ်စဉ် (၁၇/၂၀၁၄) ဖြင့် ရေးဖွင့်စုံစမ်း စစ်ဆေးလျက်ရှိကြောင်းသိရသည်။ **စိုးဝင်း(MLA)**

GLO Ice Cream & Greek Yoghurt

တရားမဝင်အရက်၊ ဘီယာ၊ ဝိုင်နှင့်စီးကရက်များ ရောင်းဝယ်ဖောက်ကားမှုအပေါ် သတိပြုရန်

ယခုအခါ တရားမဝင် အရက်၊ ဘီယာ၊ ဝိုင်နှင့် စီးကရက်အမျိုးမျိုးကို ပြည်ပမှ ပြည်တွင်းသို့ နည်းအမျိုးမျိုးဖြင့် ဝင်ရောက်လျက်ရှိပါသည်။ ယင်းပစ္စည်းများသည် ကြိုးကြပ်ကန့်သတ်မှုဖြင့် ပြည်တွင်း၌ တရားဝင်ထုတ်လုပ်၍ အခွန်ပေးဆောင်နေသောလုပ်ငန်းများကို နစ်နာစေကြောင်း တွေ့ရပါသည်။ ၎င်းတရားမဝင် အရက်၊ ဘီယာ၊ ဝိုင်နှင့် စီးကရက်များကို ရောင်းဝယ်ဖောက်ကားနေခြင်းသည် ဥပဒေကို ဖောက်ဖျက်နေခြင်းပင်ဖြစ်ရာ ထိုသို့ဆောင်ရွက်မှုအားလုံးကို ရှောင်ကြဉ်ကြပါရန် သတိပေးနှိုးဆော်ပါသည်။

သစ်အစားထိုးအဖြစ် ထန်းသားကိုအသုံးပြုရန် အညာဒေသတွင် ခုတ်လှဲထားသည့် ထန်းပင်များအား တွေ့ရစဉ်။

ရာသီဥတုနှင့်လျော်ညီ အညာဒေသ၏ ပဒေသာပင်

မလှိုင်၊ ဇွန် ၁

အညာဒေသတွင် ရာသီဥတုနှင့်လျော်ညီစွာ ပေါ်များစွာပေါက်ရောက်သောအပင်မှာ ထန်းပင်များပင်ဖြစ်သည်။ ထန်းပင်များကို အညာဒေသတွင် ပဒေသာပင် ဟုတင်စားခေါ်ဝေါ်ကြသည်။ ထန်းပင်တစ်ပင်လုံးမှ လူတို့ အတွက် အသုံးမဝင်သောအစိတ်အပိုင်းဟူ၍ မရှိချေ။

ထန်းဖိုပင်နှင့် ထန်းမပင်မှထွက်ရှိသော ထန်းဖိုခိုင်နှင့် ထန်းသီးကိုလှီး၍ ထန်းလျက်ချက်သည်။ ထန်းရွက်ကို နေအိမ် အဆောက်အအုံများတွင် အမိုးအကာအဖြစ် သုံးသည်။ ထန်းလက်ကို လျှော်ဆုတ်၍ တောင်း၊ ဆွဲခြင်း စသည့် လူအသုံးအဆောင်များ ရက်လုပ်သုံးစွဲသည်။ ထို့အပြင် လျှော်ကို အဆောက်အအုံများ ဆောက်ရာတွင် သွပ်ကြိုး၊ ပလတ်စတစ်ကြိုးများ အစား ချည်နှောင်ရန်သုံးသည်။

ထန်းပင်မှထွက်ရှိသော ထန်းဆစ်ကို မီးမွှေးရာ၌လည်းကောင်း၊ တံမြက်စည်း စည်း၍လည်းကောင်း အသုံးပြုနိုင်သည်။ ထို့အပြင် လျှော်မဆုတ်ရသေးသော ထန်းလက်ခြောက်ကို နေအိမ်များတွင် စားပွဲ၊ ကုလားထိုင်၊ ထိုင်ခုံပြုလုပ်သုံးစွဲနိုင်သည်။ ထန်းပင်၏ ကိုယ်ထည်ပိုင်း(ပင်စည်)ကို ခွဲခြမ်းစိတ်ဖြာ၍ အညာဒေသရှိ နေအိမ်အဆောက်အအုံများတွင် ထုတ်၊ လျှောက်၊ ဒိုင်း၊ မြားအဖြစ် အသုံးပြုကြသည်။

အပင်ခြေ အမြစ်ဆုံကို နွားကျွေးရန် နွားစာကျင်း(နွားစာခွက်) သို့မဟုတ် ရေထည့်ရန် ထွင်း၍ အသုံးပြုနိုင်သည်။ ထန်းသီးအစေ့ကို မြေကျင်းတွင်စုပုံထည့်၍ ထန်းမြစ်အဖြစ် ပြုလုပ်စားသုံးနိုင်သည်။ ထန်းတစ်ပင်လုံး အသုံးမဝင်သည့် အစိတ်အပိုင်းဟူ၍ မရှိချေ။ ထန်းတစ်ပင်လုံး အသုံးဝင်သော်လည်း ထန်းတစ်ပင်ဖြစ်ရန်မှာလည်း မလွယ်ကူချေ။ အနှစ် ၄၀၊ ၅၀ ခန့်ကြာသည်ဟု ဒေသခံလူကြီးများက ပြောပြသည်။

ယခင်က ထန်းပင်မှ ထန်းရည်ချိုနှင့် ထန်းလျက်ချက်သည့် လုပ်ငန်းကို အဓိကထား လုပ်ကိုင်ကြသည်။ တောင်သူလုပ်ငန်းနှင့် ထန်းတက်သည့်အလုပ်ကို တွဲဖက်လုပ်ကိုင်ခဲ့ကြပြီး ထန်းတောင်သူဟူသော စကားအခေါ် အသုံးတွင်ကျယ်ခဲ့သည်။

ယခုအခါ ထန်လှီးမည့် ထန်းလုပ်သားများ ရှားပါးလာခြင်း၊ ထန်းလျက်စျေး မကောင်းခြင်းတို့ကြောင့် ထန်းလှီးမည့်သူ နည်းပါးပြီး ထန်းပိုင်ရှင်များ ထန်းရွက်ချိုင် ရောင်းချနေကြရသည်။ ထို့ထက်ဆိုးဝါးစွာ ထန်းအပင်လိုက် ရောင်းချပြီး ထန်းသားအဖြစ် သစ်အစားထိုး ရောင်းချနေသည်မှာ စိတ်မကောင်းဖွယ်ရာပင်ဖြစ်သည်။

ယခင်က ညို့မှိုင်းနေသော ထန်းတောများမှာယခုအခါအပင်တို့ကျဲလာသည်။ ယခုအတိုင်းကာလကြာရှည်လာပါက ပဒေသာပင်ဟုတင်စားပြီး တန်ဖိုးထားခဲ့ကြသည့်အညာထန်းပင်များရှားပါးလာမည်ကို ဒေသခံများ စိုးရိမ်ပူပန်လျက်ရှိကြောင်း သိရသည်။ **အောင်ဌေး(မလှိုင်)**

လှိုင်လင်တပ်နယ်မှ ကျေးရွာ အရောက် နယ်လှည့်ဆေးကုသ

လှိုင်လင်၊ ဇွန် ၁

လှိုင်လင်အရှေ့ကျေးရွာအုပ်စု လှိုင်မုံ့မိုင်းကျေးရွာ၌ တပ်နယ်မှူး၏အစီအစဉ်ဖြင့် မေ ၂၉ ရက် နံနက် ၉ နာရီက ကျေးလက်နေပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု အခမဲ့ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တပ်နယ်မှူး ဗိုလ်မှူးကြီးအောင်ဌေးသည် လှိုင်လင်အရှေ့ ကျေးရွာအုပ်စု လှိုင်မုံ့မိုင်းကျေးရွာ ဘုန်းကြီးကျောင်း၌ ဒေသခံများနှင့်တွေ့ဆုံ၍ ဆေးဝါးလာရောက်ကုသခြင်းနှင့်ပတ်သက်၍လည်းကောင်း၊ ဒေသခံကျေးရွာသူ၊ ကျေးရွာသားများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန်လည်းကောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေမျိုးဇော်က ကျေးရွာ၏ ပညာရေး၊ ကျန်းမာရေး၊ လျှပ်စစ်မီးရရှိရေး၊ စိုက်ပျိုးရေးကိစ္စများနှင့်ပတ်သက်၍ ဆောင်ရွက်ပေးနိုင်မည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးဦးပညာဆန်းနှင့် ဒေသခံများက ကျေးရွာ၏ လိုအပ်ချက် ပထမဦးစားပေး၊ ဒုတိယဦးစားပေး ဆောင်ရွက်ပေးရမည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် တပ်နယ်မှူးနှင့်အဖွဲ့သည် ကျေးရွာရှိ မူလတန်းလွန်ကျောင်းတွင် ဆေးဝါးကုသနေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

အဆိုပါဆေးဝါးကုသပေးရာသို့ လှိုင်မုံ့မိုင်းကျေးရွာ၊ ဟွေတွေကျေးရွာ၊ နောင်လိုင်(၂)ကျေးရွာနှင့် ဟိုခိုင်းကျေးရွာများမှ ပြည်သူများ လာရောက်ဆေးဝါးကုသမှုခံယူကြကြောင်း သိရသည်။ **မိုးလွင်ဦး(လှိုင်လင်)**

သတင်းတိုများ

ဆေးကုရန်လာရောက်စဉ် လေဆိပ်၌ပင်သေဆုံး

မေ ၂၉ ရက် ညနေ ၅ နာရီ ၂၇ မိနစ်ခန့်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ မြန်မာလေကြောင်း စင်းလုံးငှားခရီးစဉ်ဖြင့် လိုက်ပါလာသည့် ခရီးသည် ထားဝယ်မြို့နယ်နေသူအမျိုးသမီးမှာ အသည်းရောဂါကုသရန် ရန်ကုန်မြို့သို့လာရောက်စဉ် လေဆိပ်အရောက် သတိလစ်မေ့နေသဖြင့် လေဆိပ်ဝန်ဆောင်မှုဆေးခန်းမှ ဒေါက်တာကျော်သီဟက စစ်ဆေးရာ သေဆုံးနေသည်ကိုသိရသဖြင့် အလောင်းကိုမြောက်ဥက္ကလာပဆေးရုံသို့ပို့အပ်ခဲ့ပြီး ပီအာရ် ၂၉ ဖြင့် လက်ခံထားကာ မင်္ဂလာဒုံမြို့မရဲစခန်းက သေမှုသေခင်းအမှတ်စဉ် ၁၈/၁၄ ဖြင့် အမှုဖွင့်စစ်ဆေးလျက်ရှိသည်။ **၃၁**

ဆိုင်ကယ်နှင့် မသင်္ကာသူနှစ်ဦးအား စစ်ဆေးလျက်ရှိ

မကွေးတိုင်းဒေသကြီး၊ စေတုတ္တရာမြို့မရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များသည် မေ ၂၈ ရက် မွန်းလွဲ ၁ နာရီခွဲက နယ်မြေအတွင်း လှည့်ကင်းဆောင်ရွက်နေစဉ် မြို့အဝင်ဂိတ်၌ YINZIN 125 နီနက်ကြားဆိုင်ကယ်အား လူနှစ်ဦးနှင့်အတူ မသင်္ကာဖွယ်တွေ့ရှိရ၍စစ်ဆေးရာ မင်းဘူး၊ စကုမြို့နယ်နေ စန်းမင်းထွေးနှင့် ငဖဲမြို့နယ်နေ ဝေလင်းခိုင်တို့သည် ဆိုင်ကယ်အားၡင်းတို့ပိုင်ဆိုင်ကြောင်း ခိုင်လုံသည့် အထောက်အထားပြသနိုင်ခြင်းမရှိသဖြင့် ၎င်းတို့နှစ်ဦးအား စေတုတ္တရာမြို့မရဲစခန်းက (ပ)၁၂/၂၀၁၄၊ ပြစ်မှုပုဒ်မ ၃၈၀/ကျင့် ၅၄ ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။ **(ရဲပြန်ကြား)**

ဝက်လက်မြို့နယ်အတွင်း၊ ကျေးရွာ-မြို့နယ်ဆက် ကျောက်ချောလမ်း ဖောက်လုပ်ပြီးစီး

ဝက်လက်၊ ဇွန် ၁

ရွှေဘိုခရိုင်၊ ဝက်လက်မြို့နယ်တွင် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခွင့်ပြုရန်ပုံငွေဖြင့် ဖောက်လုပ်လျက်ရှိသော ဝက်လက်-ပေါက်ကန်-ထန်းကြီးလမ်း မြေသားလမ်း/ကျောက်ချောလမ်း ပြီးစီးသွားသဖြင့် ၎င်းဒေသရှိ ကျေးရွာပေါင်း ၁၈ ရွာမှ ပြည်သူ ၁၈၈၀၀ ကျော် ဝက်လက်မြို့သို့ အလွယ်တကူသွားလာနိုင်ပြီး ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးကိစ္စများစွာ အဆင်ပြေနေပြီဖြစ်ကြောင်း သိရသည်။

"အခုဒီလမ်းကို မဖောက်ခင်က ကျွန်တော်တို့ ဝက်လက်မြို့ကိုလာရင် မီးရထားလမ်းဘေးက လမ်းကျဉ်းကျဉ်းကလေးမှာ ဆိုင်ကယ်ကို မဖြစ်ဖြစ်အောင် ကပ်စီးပြီးလာရတယ်။ တစ်ခါတလေ မီးရထားလာတာနဲ့ဆုံရင် လမ်းတိမ်းဖို့ အတော်ကိုအခက်တွေ့ရတယ်။ မိုးတွင်းမှာဆို ဆိုင်ကယ်စီးမရလို့ သွားလို့မရပြန်ဘူး။ မီးရထားလာတဲ့အချိန်မှပဲ ရထားနဲ့လိုက်ကြရတယ်။ ကိုယ်သွားချင်တဲ့ အချိန်သွားလို့မရဘူး။ အခုဒီလမ်းဖောက်ပေးတော့ ကျွန်တော်တို့ အချိန်မရွေးသွားလာနိုင်လို့ အစစအရာရာအဆင်ပြေလို့ ဝမ်းသာပီတိဖြစ်မိပါတယ်"ဟု ထန်းကြီးကျေးရွာသားတစ်ဦးက ပြောကြားသည်။

အဆိုပါလမ်းမှာ လမ်းအရှည် ၁၃ မိုင် နှစ်ဖာလုံ အကျယ် ၁၂ ပေရှိပြီး ၂၀၁၃-၁၄ ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေကျပ် ၄၇၉ ဒသမ ၈၃၂ သန်း ကုန်ကျကာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးရဲတင့်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းဌေးနှင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းဆန်းတို့၏ ကြီးကြပ်မှုဖြင့် ဖောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **နန်းမြင့်(ပြန်/ဆက်)**

ပင်လည်ဘူးမြို့နယ်တွင် ကျေးရွာများအရောက် အခမဲ့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

ပင်လည်ဘူး၊ ဇွန် ၁

၁၉၆၄ မှ ၁၉၈၄ ခုနှစ်အထိ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံကျောင်းပေါင်းစုံ အ-သုံးလုံး အဖွဲ့ဝင်ဟောင်းများ ဦးစီးသော စာတတ်မြောက်ရေးနှင့် ဒေသဖွံ့ဖြိုးမှု ကူညီရေးအဖွဲ့သည် မေ ၂၅ ရက်မှ ၂၈ ရက်အထိ စစ်ကိုင်းတိုင်းဒေသကြီး၊ ပင်လည်ဘူးမြို့နယ်အတွင်းရှိ ကျေးရွာများသို့ သွားရောက်၍ အသိပညာပေး ဆွေးနွေးခြင်း၊ စာအုပ်စာစောင်များ၊ အဝတ်အထည်များ ထောက်ပံ့ပေးခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။

"စာတတ်မြောက်ရေးနဲ့ ဒေသဖွံ့ဖြိုးမှု ကူညီရေးအဖွဲ့က ကျေးရွာတွေအရောက် နှစ်စဉ်သွားရောက်ပြီး ထောက်ပံ့ငွေများ၊ စာအုပ်စာစောင်များနဲ့ အဝတ်အထည်များ ထောက်ပံ့ပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှု အခမဲ့ဆေးကုသပေးခြင်းလုပ်ငန်းတွေကို နှစ်စဉ် ဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု အဆိုပါအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးသန့်က ပြောပြသည်။

အဆိုပါ စာတတ်မြောက်ရေးနှင့် ဒေသဖွံ့ဖြိုးမှု ကူညီရေးအဖွဲ့သည် မေ ၂၅ ရက်တွင် မန်တန်ကျေးရွာ၊ မေ ၂၆ ရက်တွင် တောင်တောကျေးရွာ၊ မေ ၂၇ ရက်တွင် ကင်းပန်းကျေးရွာများသို့ သွားရောက်ပြီး ၎င်းကျေးရွာများနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများရှိ စာကြည့်တိုက်များအတွက် ထောက်ပံ့ငွေနှင့် စာအုပ်စာစောင်များကိုလည်းကောင်း၊ ဝေးလံခေါင်းပါးသည့် ကျေးရွာများအတွက် အဝတ်အထည်များကိုလည်းကောင်း ထောက်ပံ့ပေးအပ်ပြီး ကျေးရွာပြည်သူများအား အခမဲ့ ဆေးကုသပေးကာ အသိပညာ၊ ဗဟုသုတ ပြည့်ဝရေးနှင့် ကိုယ်ရည်ကိုယ်သွေး ကောင်းမွန်ရေး အသိပညာပေး ဟောပြောဆွေးနွေးခဲ့ကြသည်။

မေ ၂၈ ရက်တွင်လည်းအခမဲ့ ဆေးကုသပေးကာ အသိပညာပေး ဟောပြော ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **မြို့နယ်ပြန်/ဆက်**

အရစ်ကျစနစ်ဖြင့် CP ဝက်မွေးမြူသူများ အောင်မြင်၍အကျိုးအမြတ်ရရှိ

ကျွန်းလှ၊ ဇွန် ၁

ဒေသအတွင်း ဆင်းရဲမှု လျှော့ကျရေး၊ အသားထုတ်လုပ်မှုမြင့်မားစေရန် စစ်ကိုင်းတိုင်းဒေသကြီး၊ ကျွန်းလှမြို့နယ် တိမွေးကုဦးစီးဌာနက ပြီးခဲ့သည့်၂၀၁၃ ခုနှစ်တွင် CP ဝက်မျိုးများကို အရစ်ကျစနစ်ဖြင့် ဖြန့်ဖြူးပေးခဲ့ရာ ယခုအခါအောင်မြင်၍ အကျိုးအမြတ်များ ခံစားနေရကြောင်း သိရသည်။

"ကျွန်တော် CP ဝက် ၂၂ ကောင်ကို ခြောက်လအရစ်ကျစနစ်နဲ့ ဝယ်ယူခဲ့တယ်။ ဒီ CP ဝက်တစ်ကောင်ကို ငွေကျပ် ၇၀၀၀၀ မှ ၉၀၀၀၀ ပေးဝယ်ပြီး မွေးမြူထားတာပါ။ အခု ဝက် ၁၉ ကောင်ကို ရောင်းပြီး ဝက်ဖိုး ပေးချေနိုင်တဲ့အပြင် ဝက်မသုံးကောင်ကနေ ပေါက်ဖွားလာတဲ့ ဝက်ကလေးတွေကလည်းအကောင် ၃၀ တိုးပွားလာတာကြောင့် စီးပွားဖြစ်တိုးချဲ့ မွေးမြူသွားမှာပါ"ဟု ဝက်မွေးသူ ဦးခင်ဇော်က ပြောသည်။

မျိုးဝင်းညို(ကျွန်းလှ ပြန်/ဆက်)

အရစ်ကျစနစ်ဖြင့်အောင်မြင်စွာမွေးမြူထားသော စီပီဝက်များအားတွေ့ရစဉ်။

အမြန်လမ်းမကြီးတွင် ယာဉ်မောင်းလိုင်စင်အတုများဖြင့် မောင်းနှင်မှုများ ဖမ်းဆီးရမိ

ရန်ကုန်၊ ဇွန် ၁

အမြန်လမ်းမကြီးတွင် ယာဉ်မောင်းလိုင်စင်အတုများနှင့် မောင်းနှင်လျက်ရှိနေသော ခရီးသည်တင်ယာဉ်မောင်းများအား ဖမ်းဆီးရမိမှုများရှိနေကြောင်း အမှတ်(၂)ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲမှူးရုံး၌ ပြုလုပ်သော မီဒီယာတွေ့ဆုံပွဲတွင် ဒုတိယရဲမှူးကြီးလင်းထွဋ်ကပြောသည်။

ယာဉ်မောင်းလိုင်စင်အတုဖြင့် မောင်းနှင်မှုများအား ယာဉ်ပိုင်ရှင်တချို့က သိရှိသော်လည်း တားဆီးခြင်းမရှိသောကြောင့် နောက်ပိုင်းတွင် ၎င်းယာဉ်ပိုင်ရှင်များအားအရေးယူဆောင်ရွက်သွားမည်ဖြစ်သည်။

"အဝေးပြေးလမ်းမကြီးမှာ မောင်းနေတဲ့ ကားတွေကို အခုရက်ပိုင်းအတွင်း စစ်ဆေးတဲ့အခါ လိုင်စင်အတုနဲ့ မောင်းတဲ့သူတွေကို တွေ့ရှိပါတယ်။ အဲဒါတွေက မြို့ထဲတွေမှာလည်း ရှိနေမယ်လို့ ယူဆရတယ် အဖွဲ့ကိုးဖွဲ့နဲ့ ဖမ်းတဲ့အခါမှာ အဓိကထားစစ်ဆေးအရေးယူသွားမှာပါ။ အခုလိုမောင်းနှင်နေမှုတွေကို ၁၉၆၄ ခုနှစ် မော်တော်ယာဉ်ဥပဒေနဲ့ ပြင်းပြင်းထန်ထန် အရေးယူလို့ရတယ်"ဟု ၎င်းကပြောသည်။

အဆိုပါ ဖမ်းဆီးရမိမှုများကို မေ ၂၅ ရက်က လှည်းကူးအမြန်လမ်းတိုးဂိတ်အနီး ပူးပေါင်းအဖွဲ့များနှင့် စစ်ဆေးစဉ် တစ်ရက်ထဲတွင် ယာဉ်မောင်းလိုင်စင်အတုများဖြင့် မောင်းနှင်နေသည့် အမှုသုံးမှုကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။ ယခုလိုလိုင်စင်အတုများဖြင့် မောင်းနှင်နေသည့် ယာဉ်မောင်းများအား ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ တရားလိုပြုလုပ်၍ အမှတ်(၃)အမြန်လမ်းရဲတပ်ဖွဲ့စခန်းမှ စစ်ဆေးလျက်ရှိကြောင်း သိရသည်။

ယာဉ်လိုင်စင်အတုများဖြင့် မောင်းနှင်မှုများကို ၁၉၆၄ ခုနှစ်မော်တော်ယာဉ် ဥပဒေအရ လည်းကောင်း၊ ၁၉၈၉ ခုနှစ် မော်တော်ယာဉ်ဥပဒေအရလည်းကောင်း ထောင်ဒဏ်တစ်နှစ်အထိဖြစ်စေ၊ ဒဏ်ငွေအနည်းဆုံးကျပ်တစ်ထောင်ဖြစ်စေ နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်ကြောင်း ဖော်ပြထားသည်။ လက်ရှိအချိန်တွင် ရန်ကုန်မြို့တွင်း၌ ဖြစ်ပွားနေသော ယာဉ်တိုက်မှုများတွင် လိုင်စင်မရှိဘဲ မောင်းနှင်ရာမှ ယာဉ်တိုက်မှုဖြစ်ပွားခြင်းများလည်း ပါဝင်နေပြီး မေ ၂၃ ရက်မှ ၂၉ ရက်အထိ တစ်ပတ်အတွင်း ယာဉ်တိုက်မှု ၄၇ မှုတွင် လိုင်စင်မရှိဘဲ မောင်းနှင်မှု ရှစ်မှုပါဝင်ကြောင်း ထုတ်ပြန်ချက်အရ သိရသည်။ **တင်မောင်ဦး**

ပြည်ထဲရေးဝန်ကြီးဌာန
တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

အလုပ်ပြင်သင်တန်း

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

ဆောင်းပါး

လူငယ်တို့၏အနာဂတ်အရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေး

à tdonf;L(ynma&;)

ကြေးမုံသတင်းစာတွင် ဖော်ပြထားသည့် "ချုပ်တည်းခြင်းငှာ မတတ်သာ ရင်ဖွင့်လို၍သာ"ဟူသော လွင်(မအူပင်)၏ ဆောင်းပါးကို ဖတ်ရှုပြီးနောက် ယခုဆောင်းပါးကို စာရေးသူ ရေးမိပေသည်။

စာရေးသူတို့ငယ်စဉ်က နည်းပညာများ ဖွံ့ဖြိုးတိုးတက်မှုမရှိသေးသည့်အတွက် အိမ်တိုင်း၌ လျှပ်စစ်မီးမရှိသကဲ့သို့ ရုပ်မမြင်အသံသာကြားရသည့် ရေဒီယိုသည်လည်း အိမ်တိုင်း၌မရှိပေ။

မြို့တစ်မြို့လျှင် ရုပ်ရှင်ရုံ တစ်ရုံသာရှိသကဲ့သို့ အစိုးရအသိအမှတ်ပြု အရက်ဖြူဆိုင်သည်လည်း တစ်ရပ်ကွက်လျှင်တစ်ဆိုင်သာ ရှိပေသည်။ ကျောင်းသားလူငယ်များသည် မိမိတို့၏ အားလပ်ချိန်များကိုစာဖတ်ခြင်း၊ ရေဒီယိုနားထောင်ခြင်း၊ ရုပ်ရှင်ရုံများ၌ ပြသသည့် ရုပ်ရှင်ကားများကို ကြည့်ခြင်းအားဖြင့်သာ အပန်းဖြေကြရသည်။

ယနေ့သည်ကား နည်းပညာများ ခေတ်မီတိုးတက်နေသော အချိန်အခါဖြစ်၍ လူငယ်များအတွက် အပန်းဖြေရန် ခေတ်မီကစားကွင်းကြီးများရှိသကဲ့သို့ ကစားနည်းများသည်လည်း ထူးထွေဆန်းပြားလှသည်။

အိုးပုတ်၊ ချိုးရုပ်၊ ပလုတ်တုတ် နေရာတွင် လျှပ်စစ်နှင့် ဘက်ထရီကိုအသုံးပြု၍ ကစားရသည့် ကစားစရာများက နေရာယူလာသကဲ့သို့ မြန်မာ့ရိုးရာ ကစားနည်းများဖြစ်သည့် ခြင်းလုံးခတ်ခြင်း၊ ထုပ်ဆီးတိုးခြင်း၊ ဖန်ခုန်ခြင်း၊ ကြက်ဖခွပ်ခြင်း အစရှိသည့် ကစားနည်းများနေရာတွင်လည်း အင်တာနက်ဂိမ်းများ၊ တီဗွီဂိမ်းများက အစားထိုးနေရာယူလာကြပြီဖြစ်သည်။ လူငယ်အများစုကို မှိုပေါက်သကဲ့သို့ပေါများနေသည့် ဘီယာဆိုင်များ၌ တွေ့နိုင်သည့်နည်းတူ ဂိမ်းဆော့ကစားသည့်ဆိုင်များ၌လည်း တွေ့နိုင်ပေသည်။

မူလတန်းကျောင်းသားအရွယ် ကလေးများမှအစပြု၍ လူကြီးများအထိ ဂိမ်းကစားကြသည်။ "တန်ဆေး၊ လွန်ဘေး"ဆိုသကဲ့သို့ အားလပ်ချိန်၌ တစ်ခါတစ်ရံကစားခြင်းသည် အကြောင်းမဟုတ်သော်လည်း ဂိမ်းကစားခြင်းကို စွဲလမ်းနေကြသည့် ကလေးများ၌ ကျောင်းသင်ဘာသာရပ်များတွင် စိတ်ပါဝင်စားမှု အားနည်းသွားတတ်ပေသည်။ လွန်ကဲစွာ စွဲလမ်းခြင်းသည် လူငယ်တို့အတွက် အန္တရာယ်ရှိစေသည်။ ဂိမ်းကစားခြင်းကို စွဲလမ်းနေသည့် ကလေးတစ်ယောက်ကို မိဘများက ဂိမ်းကစားကြောင်းသိရှိ၍ မုန့်ဖိုးမပေးသည့်အတွက် အိမ်မှပစ္စည်းများကို ခိုးယူရောင်းချလျက် ဂိမ်းကစားသည်အထိ စာရိတ္တပျက်စီးယိုယွင်းခဲ့သည်။ မှတ်ဉာဏ်ကောင်းသည့်ကလေး ထိုကလေးသည် ကျောင်းပညာရေး၌လည်း စိတ်ပါဝင်စားမှုမရှိတော့ဘဲ ပညာတစ်ပိုင်းတစ်စဖြင့် လေလွင့်လူငယ်ဘဝသို့ ရောက်ရှိခဲ့ရသည်။

မြန်မာ့ရိုးရာ ကစားနည်းများဖြစ်သည့်
ခြင်းလုံးခတ်ခြင်း၊ ထုပ်ဆီးတိုးခြင်း . . .

